www.burmeseclassic.com

# အိုမာခယမ်

## ခရမ်းဖျော့ ရင်ခွင်



BURMESE CLASSIC .com

www.burmeseclassic.com

Design

www.burmeseclassic.com

# အိုမာဆမ်

ခရမ်းပျော့ရင်ခွင်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၁၃၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၀၉၀၂၁၁

၂၀၁၁ ခုနှစ်၊ မတ်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET
အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

အိုမာဆမ်
ခရမ်းပျော့ရင်ခွင်/အိုမာဆမ်၊ ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁။
၂၇၂- စာ၊ ၁၂×၁၈ စင်တီ။
(၁) ခရမ်းပျော့ရင်ခွင်

BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com


www.burmeseclassic.com







# အိုမာဆမ်





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

အလွန်ရှေးဆန်သော အိမ်ကြီးထဲတွင် အတွေးခေါင်သော မိသားတစ်စု ရှိနေသည်ဟု ခြံစောင့်ဦးလေးကြီး ပြောခဲ့စဉ်က မယုံမိ။

သို့သော် ကိုယ်တိုင်ကြုံတွေ့ပြီးသော အချိန်တွင်မူ၊ ထိုယူဆချက်က အမှန်ပင်ဖြစ်ကြောင်း သိလိုက်ရသည်။

မနက်တိုင်း ၈–နာရီမှ နိုးတတ်သဖြင့် ထိုအချိန်ရောက်မှ ကိုယ်လက်လှုပ်ရှားမှုကို လုပ်ရမြဲပင်။

အလုကြိုက်သော သူမအတွက် ခန္ဓာကိုယ်အဆီတက်မည်စိုး၍ နံနက်တိုင်း ခြံထဲတွင် ဖိုးလုံးလေးနှင့် ဘောလုံးကစားနေကျဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီခြံကို ပြောင်းလာတာ နှစ်ပတ်ကျော်ပြီ ဖြစ်ပြီး၊ ထိုနှစ်ပတ်လုံး သူမ နေ့တိုင်း ကစားဖြစ်သည်။

သူမတို့နေသော ခြံနှင့် ကပ်လျက်ခြံက အိမ်အိုကြီး ဖြစ်သလို၊ ခြံကြီးက တိတ်ဆိတ်နေတတ်သည်။ အပြင်ကကြည့်လျှင် လူပင်နေသည်ဟု မထင်ချင်စရာ။ သို့သော် နံနက်ပိုင်းနှင့် ညနေစောင်း အချိန်တွင် ကားဝင် ကားထွက် ရှိ၍ လူနေကြောင်း သူမ သိလာခဲ့သည်။

အရင်က သူမမိဘများ နေခဲ့ဖူးသော ဒီခြံကြီးထဲကို သူမက ယခုမှ အမွေခံအဖြစ် ပိုင်ဆိုင်ရောက်လာခြင်းဖြစ်ရာ၊ ခြံနီးချင်းများကို သူမ မသိ။

တိတ်ဆိတ်ကျယ်ဝန်းသော ခြံကြီးအကြောင်းကို ခြံစောင့်လင်မယားထံ၌ မေးမိစဉ် ...

"အဲဒီမိသားစုက သူ့တို့ကိုယ်သူတို့ အမျိုးမြင့်မြတ်တယ် ဆိုပြီး စိတ်ကြီးဝင်နေတော၊ အစစအရာရာ ကြီးကျယ်လို့ ဦးလေးတို့နဲ့ သိပ်မတည့်ဘူး ... သမီးဖေဖေကတော့ သူတို့ကို အတွေးခေါင်တဲ့ လူတွေလို့ သတ်မှတ်ထားတာပဲ"





သူမအဖေနှင့် အမေ တရားဝင် ကွဲသောအချိန်က သူမ ငယ်သေးသဖြင့် ဘိုးအေဘွားအေများ လက်ထဲတွင် ကျန်နေခဲ့သည်။ နောက်အိမ်ထောင် အသီးသီးပြုကြချိန်တွင် ဒီအိမ်ကို သူမအတွက် ဘိုးဘွားများ၏ ဆန္ဒအရ ထားပေးခဲ့ကြသဖြင့် အသက်ငယ်ငယ်နှင့် သူမ ခြံပိုင်ရှင် ဖြစ်ခဲ့ရခြင်းပင်။

သူမကိုယ်တိုင် မမြင်မတွေ့ဖူး၍ သာမန်ခြံနီးချင်း တစ်ဦးအဖြစ်သာ သတ်မှတ်ထားခဲ့ရာ ... ယနေ့နံနက်ဟော့ ဒီအမြင်တွေ ပြောင်းလဲသွားခဲ့လေသည်။

သူမ အချစ်ဆုံး ခွေးလေး ဖိုးလုံးနှင့် ဘောလုံးကန်ရာမှ ... သူမ ကန်လိုက်သော အရှိန်ကြောင့် ဘောလုံးလေးက တစ်ဖက်ခြံထဲသို့ ပုဏ္ဏရိက် ပန်းရုံစည်းရိုး၏ အောက်ရှိ ခွေးတိုးပေါက် မှတစ်ဆင့် ဝင်သွားလေတော့သည်။

ပုဏ္ဏရိက်ပင်များ စိမ့်ဝါပင်များဖြင့် ရောနှောယှက်လိမ်နေသော ခြံစည်းရိုးက ဝင်းခတ်ပြီးသား ဖြစ်နေ၍ သံဆူးကြိုးတွေ၊ အုတ်တံတိုင်းတွေမလို။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ရှားရှားပါးပါး ခွေးတိုးပေါက်လေးထဲက မှတစ်ဆင့် ဘောလုံးလေးက အထဲဝင်သွားရလေသည်။

ခွေးတိုးပေါက်လေးမှ ငုံ့ချောင်းစဉ် ဘောလုံးလေးက မလှမ်းမကမ်းတွင် ရှိနေကြောင်း တွေ့လိုက်သည်။

ခွေးတိုးပေါက်ကနေတစ်ဆင့် သူမ ကိုယ်လေးကို သွင်းလိုက်စဉ် အလွယ်တကူ ဝင်သွားသဖြင့် သူမ ဆက်ပြီးတိုးဝင်လိုက်သည်။

တဖြည်းဖြည်း ဝင်သွားသဖြင့် သူမ တစ်ဖက်ခြံထဲသို့ အလွယ်တကူ ရောက်သွားသည်။ ဘောလုံးရှိရာသို့ ပြေးသွား၍ ဘောလုံးကောက်ပြီး ပြန်လှည့်လိုက်စဉ် ...

"ဟိတ် ... နေဦး"

ရုတ်တရက် အော်လိုက်သံဖြစ်၍ သူမလန့်သွားသည်။

လှည့်ကြည့်လိုက်စဉ် ...

အသက် ၅၀ ကျော်အရွယ် လူကြီးတစ်ယောက် သပ်ရပ်ခန့်ညားစွာ ...၊ ခါးထောက်ထားသဖြင့် သူမကို မနှစ်သက်သည့်အသွင် ပေါ်နေသည်။



"မင်း ... ဘယ်ကလဲ"

ခြေဆုံး ခေါင်းဆုံး ကြည့်၍ မေးလိုက်ပြီး၊ မေးခွန်းထဲတွင် အထင်သေးမှုက အထင်းသား။

"ဟိုဘက်ခြံကပါ"

သူမ အလိုလို ခေါင်းမော့ပြီး ရင်ကော့ပြီး ဖြေဖြစ်သွားသည်။

ဘယ့်နှယ် သူတို့ခြံထဲက ဘယ်ပစ္စည်းကိုမှ လာခိုးတာ မဟုတ်တဲ့အတွက် ဒီလို နှိမ်ချဆက်ဆံသွားတာမျိုး မခံနိုင်။

"ဘာလာလုပ်တာလဲ"

မျက်မှောင်သာ မကုတ်ထားလျှင် ကြည့်ကောင်းမည့် မျက်နှာက မျက်မှောင်ကုတ်ထားသဖြင့် ခပ်မှုန်မှုန် ဖြစ်နေပြီး ကြည့်မကောင်းလှ။

"ဘောလုံးလာကောက်တာပါ"

"ငါသိတယ် ... ဘယ်သူ့ကို ခွင့်တောင်းပြီး ဝင်လာတာလဲ လို့ သိချင်တာ"

www.burmeseclassic.com



ဟာ ... ဒီဘောလုံးလေး လာကောက်တာ ဒီလောက် အစစ်ခံနေရလား ...

သူမ စိတ်ရှုပ်လာသဖြင့် ...

"ဘာခွင့်တောင်းစရာလိုလို့လဲ ... ဘောလုံးလေး လာကောက်ရုံပဲဟာ"

"အေး ... ဘာပဲလာယူယူ၊ သူ့စည်းကိုယ့်စည်း ဆိုတာ ရှိရတယ် ... ရိုင်းလိုက်တာ ... သွား သွား ... မင်း နောက် ဒီခြံထဲ မလာနဲ့"

မောင်းထုတ်ပုံက ခွေးတစ်ကောင် မောင်းထုတ်ပုံမျိုး ပင် ...

သူမ ချာခနဲလှည့်ပြီး ခွေးတိုးပေါက်မှ ပြန်ထွက်ရန် စဉ်းစားပြီးမှ ထိုလူကြီးရှေ့မှ ခေါင်းငုံ့ဝင်ရမည်ကို တွေးမိသဖြင့် ခြံဝဘက်သို့ တမင်လျှောက်ပြီး ကွေ့ဝင်ခဲ့လိုက်သည်။

ခြံဝသို့ ပြတ်သွားစဉ် အိမ်ရှေ့တွင် ရပ်ထားသော ကားတစ်စီး၊ ကားထဲရှိ လူများက သူမနှင့် ထိုလူကြီး ဖြစ်နေပုံ ကို ဘာမှ မဟန့်တားဘဲ ကြည့်နေကြသည်။





ဘာပဲဖြစ်ဖြစ် သူမ ခေါင်းမော့ ရင်ကော့၍ သူတို့ အားလုံးရှေ့မှ ဖြတ်လျှောက်ခဲ့လိုက်သည်။

အတွေးခေါင်ရုံတင် မကဘူး၊ စိတ်ထားပါဆိုးတဲ့ လူတွေ ... ဒီလိုလူမျိုးနဲ့မှ ခြံနီးချင်း လာဖြစ်ရတယ်လို့ ...။

◆❣◆



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... ဒင်ပယ်(လ်)ကို မောင်းထုတ်တယ် ဟုတ်လား"

ခြံစောင့်ဦးလေးကြီး ဦးဘတင်ကို ပြန်ပြောပြစဉ် ... ဦးဘတင်က မယုံကြည်နိုင်စွာဖြင့် ပြန်မေးနေသေးသည်။

"ဟုတ်တယ် ... အဲဒီလူကြီးက လူကို အထင်သေးတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး မောင်းထုတ်တာ ... သိပ်ခံရခက်တာပဲ"

ဦးဘတင်က အံ့သြနေသော်လည်း သူ့မိန်းမ ဒေါ်ခင်နွဲ့က အံ့သြဟန်မပြ၊ သူမဘက်ကို မေးဆတ်၍ ...

"ဒင်ပယ် ဝတ်ထားပုံကိုကြည့်ပြီး၊ မျက်စိရှုပ်သွားလို့ ဖြစ်မှာပေါ့"

သူမ ဘာများ ထွေထွေထူးထူး ဝတ်ထားလို့လဲ ...။





ဒူးလောက်ရှိသော ဘောင်းဘီတိုပွပွနဲ့ တီရှပ်ဖားဖားကို ဝတ်ထားကာ ဘာမျက်စိနောက်စရာ ရှိလို့လဲ ...

"ဒါက ဒီခေတ်ကြီးမှာ လူတိုင်းလိုလို ဝတ်နေတာပဲ ... ဘာဆန်းတာလိုက်လို့"

ဒေါ်ခင်နွဲ့က ကွမ်းယာတစ်ယာကို သူ့ယောကျ်ားအတွက် ယာပြီး လှမ်းပေးသည်။

ကွမ်းယာကို မြုံ့ဝါးနေသော ဦးဘတင်က ...

"သူတို့မိသားစုက သိပ်မြန်မာဆန်တာ ... မင်းဆွေမင်းမျိုးဆိုပြီး ... သူတို့ကိုယ်သူတို့ စောင့်ထိန်းထားတာလည်း ပါမှာပေါ့ ... သူတို့ဝတ်ထားတဲ့ အဝတ်အစားကို ဒင်ပယ်(လ်) မမြင်ခဲ့ဘူးလား"

အခုမှ မျက်စိထဲပြန်၍ ပုံဖော်ကြည့်စဉ် ... မီးခိုရောင် ပုဆိုးကို ရှေးလူကြီးများ ဝတ်သလို သပ်ရပ်စွာ ဝတ်ထားသော ထိုလူကြီးနှင့် ကားထဲက ဘီးဆံထုံး ထုံးထားသော အမျိုးသမီးများ ...

"ဟား ... ဟား ... ဟား"



www.burmeseclassic.com

www.burmeseclassic.com



သူမဘာသာ အတွေးပေါက်ပြီး အကျယ်ကြီး အော်ရယ်လိုက်မိတော့သည်။ သြော် ... ဒီခေတ်ကြီးထဲမှာ ဒါမျိုးတွေ ရှိသေးလား ...။

"ဟုတ်တယ် ... ဟုတ်တယ် ... ဒါကြောင့် ဒင်ပယ့်(လ်)ကို အထင်သေး ရှုတ်ချသလို ကြည့်တာကိုး"

သူမကိုယ်တိုင်ကိုက လူမပြောနှင့် နာမည်ကပ် ဒင်ပယ်(လ)ဟု ချစ်စနိုး ခေါ်ကြသော အင်္ဂလိပ်နာမည်။ ဝတ်စားပုံကလည်း ထဘီကို လေးလွန်း၍ ဟူသော အကြောင်းပြချက်ဖြင့် ရှောင်ထားသူ ...။

"နေဦး ... သူတို့မိသားစုက ဘယ်နှယောက်ရှိတာလဲ ... အားလုံး အဲဒီလိုကြီးပဲလား"

ဦးဘတင်က ငုံထားသော ကွမ်းတံတွေးကို ပျစ်ခနဲ တွေးထုတ်ရင်း ... နှုတ်ခမ်းစကို လက်ညှိုးဖြင့် သိမ်းသုတ်သည်။ ပြီးမှ ...

"စုစုပေါင်း ငါးယောက် ... ဒင်ပယ်(လ်) တွေ့ခဲ့တဲ့ ဦးဥာဏ်နှာရယ် ... သူ့မိန်းမရယ်၊ သားရယ်၊ ပြီးတော့





ဦးဥာဏ်နှာ အမေနဲ့ ညီမ ... အားလုံး ဒီလိုပုံစံကြီးပဲ ... ဒါပေမယ့် ခေတ် ပညာတတ်တွေနော် ... ကောင်လေးဆိုရင် Tour Guide တောင် လုပ်နေတယ်"

ဟင်း ... မြန်မာဆန်တယ်လည်း ပြောသေး၊ တိုင်းခြားဘာသာနဲ့လည်း အသက်မွေးနေသေး။

"ဒင်ပယ်(လ်)ကတော့ စိတ်ဝင်စားစရာကောင်းတဲ့ မိသားစု အဖြစ် သူတို့ကို စောင့်ကြည့်နေလိုက်ဦးမယ် ... ပျော်စရာ ကောင်းမလား၊ စိတ်ညစ်စရာ ကောင်းမလား မသိဘူး"

အရာရာကို ခပ်ပေါ့ပေါ့နှင့် ခပ်လွယ်လွယ် ဖြတ်သန်းခဲ့ရသော သူမအတွက် အားလုံးအပေါ် အလေးအနက် မထားတတ်ခြင်းကို ချွတ်ယွင်းချက်ဟု မထင်မိခဲ့ ...။

သို့သော် ...။

◆❣◆



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဒေါ်ကြီး"

ဗီဒီယို ကြည့်နေသော သူမအနီးသို့ ဖိတ်စာတစ်ခု လာပေးသော ဒေါ်ခင်နွဲ့ကို TV အသံတိုးရင်း လှမ်းမေးလိုက်သည်။

"အလှူဖိတ်စာ ... ဟိုဘက်ခြံက"

အလှဲ ... ဟိုဘက်ခြံက ဆိုပါလား ...

ခရင်းဘက်ပေါ်လှဲ၍ ကြည့်နေသောကိုယ်က ဟိုဘက်ခြံကဆိုသော စကားကြောင့် မတ်စနဲ ဖြစ်သွားသလို၊ ဖိတ်စာကိုလည်း လှမ်းယူပြီးသား ဖြစ်သွားသည်။

အဖြူရောင် ဖိတ်စာလေးထဲတွင် ဆွေတော်မျိုးတော်ပေါင်း များစွာ၏ အမည်များ၊ (သူမ တစ်ခါမျှ မကြားဘူးသော အမည်များပင်) ပါဦးဆန်သော နာမည်ခပ်ခက်ခက်များကိုကျော်၍ အလှူရက်နှင့် အချိန်ကိုသာ ကြည့်လိုက်သည်။





တနင်္ဂနွေနေ့ နံနက် ၂၀ နာရီက ၁၂ နာရီတဲ့ ...။

နေပါဦး ... ဘယ်သူ့ကို ဦးတည်ပြီး ဖိတ်တာပါလိမ့်။

သူမကို ဦးတည်ပြီး မဖိတ်နိုင်တာကတော့ သေချာသည်။

ဖိတ်စာထည့်ထားသော အိတ်ကို ပြန်ကြည့်လိုက်စဉ် ...

"ဦးကြည်သော်"တဲ့ ...

ဖေဖေ့ကို ဖိတ်တာပဲ ...

"ဒေါ်ကြီး ... ဖေဖေက အဲဒီခြံက လူတွေနဲ့ ရင်းနှီးလို့လား"

"သိပ်အရင်းနှီးကြီးတော့ ဘယ်ဟုတ်ပါ့မလဲ ... ခြံနီးချင်းအဆင့်လောက်တော့ ရင်းနှီးတာပေါ့"

သူမ ဒီခြံထဲ မရောက်ခင် တစ်လလောက် အလိုအထိ ဖေဖေက ဒီခြံထဲမှာ နေခဲ့တာပဲ ... အခုမှသာ ...။

ပြောရင်းနှင့် ဖေဖေ့ကို သတိရသလိုရှိလာ၍ ဖုန်းခေါ်လိုက်စဉ် ဖေဖေရဲ့မိန်းမဖြစ်သော သူမ မိထွေးက လာကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ထက်ထက်လား ... ဒင်ပယ်(လ်)ပါ ... မေမေ ရှိလား"

"ဩော် ... ရှိတယ် သမီး ... ခဏ"

ခပ်သွက်သွက်ရှိသလို သူမ အပေါ်လည်း သဘောထားမဆိုးသော ဒေါ်ခင်ထက်ထက်ကို သူမအဖေ၏ နောက်မိန်းမ အဖြစ် သူမ ကြည်ဖြူစွာ လက်ခံပေးခဲ့သည်။

"ဒင်ပယ်(လ်) ... သမီး ... ဘာကိစ္စရှိလို့လဲ"

ဖေဖေကတော့ ထုံးစံအတိုင်း သူ့ရဲ့ အချိန်များကို သူမ လုယူတော့မည့်နှယ် ခပ်လောလော မေးနေသည်။

"ဖေ့ကို သတိရလို့ပေါ့ ... ပြီးတော့ ဦးဏှာ ခြံက အလှူ ဖိတ်စာ ပို့သွားတယ် ... အလှူလာရင်းနဲ့ သမီးဆီ လာခဲ့ ပါဦး ဖေရာ"

သူမ ဖေဖေက ခဏစဉ်းစားနေဟန်တူသည်။ ပြီးမှ ...

"ဖေဖေ အလုပ်ကိစ္စ မပေါ်ရင် လာခဲ့မယ် ... ဘယ်နေ့လဲ"

"တနင်္ဂနွေ ... မနက်ပိုင်း ... အန်တီထက်ထက်ပါ ခေါ် ခဲ့လေ"





"ဩော် ... အေး အေး ... သမီးဆီ ညကျမှ ဖေဖေဖုန်း ပြန်ဆက်မယ် ... အခု ဧည့်သည်ရောက်နေလို့နော် ... သမီး"

သူမ မျက်နှာကို ရှုပ်ပြီး အလျှော့ပေးကာ ဖုန်းချ လိုက်သည်။

ဖေဖေ့ဆီမှာရော မေမေ့ဆီမှာပါ သူမထက် အရေး ကြီးသော အလုပ်ကိစ္စတွေ အမြဲတမ်း ရှိနေတတ်သည်ကို သူမ မေ့လျော့ထားချင်သည်။

♦ ❣ ♦



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ... သမီးအဆင်သင့်ဖြစ်နေပြီ ... မလာသေးဘူးလား"

တကယ်တော့ သူမ ဘာမှ မပြင်ဆင်ရသေး ...။ ဟိုဘက်ခြံနှင့် ဒီဘက်ခြံဖြစ်၍ ထူးထူးထွေထွေ ပြင်စရာလည်း မလိုပေ။

ဖေဖေ့ကိုသာ အမြန်လာစေချင်၍ တမင်ပြောခြင်း ဖြစ်သည်။

သို့သော် ...

"ဖေဖေ မလာဖြစ်တော့ဘူး သမီး ... ဖေဖေ့မှာ အလုပ်ကိစ္စတွေ မပြတ်သေးဘူး ... သမီးအန်တီကလည်း ဖျားနေတယ်"

ဖေဖေက သူမ ထပ်၍ စောဒကမတက်နိုင်အောင် အပြီးပြောချလိုက်ပြီမို့ ...





"ရပါတယ် ... သမီး သတင်းမေးတယ်လို့သာ အန်တီထက်ထက်ကို ပြောပေးပါ ... ဒါပဲနော် ဖေဖေ"

ဖေဖေ မလာဖြစ်သော်လည်း သူမ စိတ်ဝင်စားသော ထိုအိမ်ကြီးထဲသို့ ဝင်ရောက်ရန် အခွင့်အရေးကိုတော့ သူမ လက်မလွှတ်နိုင်။

စကတ်ရှည်ပွပွ တစ်ထည်နှင့် တီရှပ်တစ်ထည်ကို ပေါ့ပေါ့ပါးပါး လဲဝတ်လိုက်ပြီး ဆံပင်ကို တစ်ချက် နှစ်ချက် ဘီးဖြင့် သပ်လိုက်သည်။

မှန်ထဲက မျက်နှာဖောင်းဖောင်းနှင့် ဆံပင်တိုတို ကောင်မလေးက စူပုပ်ပုပ်နှင့် သူမကို ပြန်ကြည့်နေသလိုပင်။ သူမ ပြုံးလိုက်မှ မှန်ထဲက အရိပ်က ပြန်ပြုံးပြသည်။ ဒီတော့လည်း သူမရဲ့ ပါးချိုင့်လေး နှစ်ဖက်က ချစ်စဖွယ် ခွက်ဝင်သွားသည်။

"ဒင်ပယ်(လ်) ... ဘယ်သွားမလို့လဲ"

ဒေါ်ကြီးနွဲ့ကူ အခန်းထဲက ထွက်လာသော သူမကို မြင်၍ လှမ်းမေးလိုက်သည်မို့ ...

"အလှူ သွားမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ခြံက အလှူလား"

"အင်းလေ"

ဒေါ်ကြီးနွဲ့က သူမပုံစံကို စိုးရိမ်သလိုကြည့်ပြီး ...

"ဖြစ်ပါ့မလား ... သမီးတစ်ယောက်တည်း ... သမီးအဖေ မလာဘူးလား"

"ဖေဖေမှ မလာတာ ... ဒင်ပယ့်(လ်) ဘာသာပဲ သွားတော့မယ်"

"အလှူကို ဒီပုံစံနဲ့ သွားမလို့လား"

ဒေါ်ကြီးနွဲ့က သူမ ပုံစံကို ကြည့်ပြီး ပြောခြင်းဖြစ်၍ ...

"ဘာဖြစ်လို့လဲ"

"ထဘီလေး ဘာလေးနဲ့ ပိုကောင်းမလားလို့ ... ပြီးတော့ အဲဒီခြံက ပုံစံတစ်မျိုးဆိုတာ သမီးလည်း သိသားနဲ့"

"ဒင်ပယ့်(လ်)မှာ ထဘီလည်း မရှိဘူး ... ရှိလည်း မဝတ်ဘူး ... အလှူက လူကိုကျွေးတာလား၊ အဝတ်အစားကို ကျွေးတာလား"





ဒေါ်ကြီးနွဲ့က ကပ်သပ်သပ်သပ် ပြောနေသော သူမကို လက်လျှော့၍ ဘာမှ ဆက်မပြောတော့ ...

ထုံးစံအတိုင်း သူ့ယောက်ျားကို ကွမ်းယာပေးရန် ခြံထဲသို့ ဆင်းသွားလေတော့သည်။

သူမကတော့ ဖိုးရိုးဖားရား ပုံစံနှင့် အလှူသို့သွားရန် တက်ကြွလျက် ...

ဒီအချိန်ထိ သူမကိုယ်သူမ မှားနေသည်ဟု နောင်တ မရသေး။

♦ ❣ ♦



www.burmeseclassic.com

www.burmeseclassic.com



သူမကို မြင်သည်နှင့် ဧည့်သည်များကို နှုတ်ဆက်ကြိုဆိုနေသော ဦးဣန္ဒာက မျက်မှောင်ကုတ် ကြည့်နေသည်။

ပြုံးပြရန် ကြိုးစားသော်လည်း သူမ ပြုံးမရသဖြင့် ပြုံးမပြတော့။

"ဝင်ပါ"

အသံက လှိုက်လှဲခြင်းမရှိ၊ ခပ်ပြတ်ပြတ်ပင်။

ပြောသည့်အတိုင်းပင် သူမ အိမ်ထဲသို့ ဝင်လိုက်စဉ်...

ဘုရားရေ ... သူမ ရှေးဟောင်းနန်းတော်ကြီးထဲ ရောက်သွားတာလား ...

သူမ မျက်စိရှေ့က ဧည့်သည်များသည် စိန်ရောင် ရွှေရောင် ပြိုးပြက်နေကြသည့်အပြင်၊ ခန့်ညားသော မြန်မာဝတ်စုံများ၊ လေးလံလှသော ဆံထုံးကြီးများဖြင့် ...



သူမက အံ့သြစွာ ကြည့်နေမိသလို၊ သူမကို မြင်သူတိုင်းကလည်း အံ့သြစွာ ကြည့်လျက် ...

သို့သော် အံ့သြရသော အကြောင်းရင်းခံက မတူပေ။

သူမအတွက် ထူးဆန်းစွာ အံ့သြခြင်းဖြစ်ပြီး ...

အခြားသူများ အတွက်ကတော့ အထင်သေးစွာ အံ့သြနေကြခြင်းပင် ဖြစ်သည်။

ဘယ်ဝိုင်းကိုမှ ဝင်ထိုင်၍ မရအောင် အားလုံးက သူမနဲ့ အသွင်အပြင် ခြားနားလျက် ...

"လာ ... ဒီမှာထိုင်"

သူမ ဘေးနားမှ ရုတ်တရက် အသံသြသြတစ်ခု ဝင်ရောက်လာပြီး နေရာညွှန်ပေးလိုက်သဖြင့် ကျေးဇူးတင်စွာ လှည့်ကြည့်လိုက်စဉ် ...

အသားညိုညိုစင်စင်နှင့် အမျိုးသားတစ်ယောက်။

သူလည်း ထည်ဝါခန့်ညားစွာ ဝတ်စားထားတာပဲ။

သူမ ဝင်ထိုင်လိုက်သောဝိုင်းတွင် သူမနဲ့ရွယ်တူ မိန်းကလေးနှစ်ယောက် ...

www.burmeseclassic.com

www.burmeseclassic.com



ချိတ်လုံချည်နှင့် ခြေဖမိုးကိုပင် မမြင်ရအောင် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေသူများ ဖြစ်သည်။

"ခင်လေးနဲ့ ခင်ကြီး ... အဖော်လုပ်ပေးလိုက်ပါဦး"

"ဟုတ်ကဲ့ ... အစ်ကိုလေး"

သူမကို နေရာချပေးပြီး၊ တခြားနေရာသို့ ထွက်သွားသဖြင့် အလှူရှင် မိသားစုဝင် ဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းလိုက်မိသည်။

"သူက ဘယ်သူလဲဟင်"

သူမရှေ့ရှိ ထမင်းပန်းကန်ကို ဇွန်း ခက်ရင်းနှင့် ထိုးမွှရင်း စပ်စုလိုက်မိစဉ် ...

"ဒီအိမ်ကဖဲလေ ... မသိဘူးလား"

"ဟင့်အင်း"

ညီအစ်မဟု ထင်ရသော မိန်းကလေးနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ...

"ကိုမိုးစက်ညို တဲ့ ... ကျွန်မတို့နဲ့ အစ်ကိုဝမ်းကွဲ တော်တယ်"





"ဟုတ်လား"

ဆုတ်ဆိုင်းခြင်း မရှိ။ သူမ ခပ်သွက်သွက်ပင် ထမင်းစားလိုက်သည်။

အလှူဆိုသည်ထက် ဆွေမျိုးစာရင်း ပြုစုပွဲဟု ထင်ရလောက်အောင်ပင် အမျိုးစပ်ပြနေသော ညီအစ်မနှစ်ယောက်၏ စကားကို အားနာပါးနာ ခေါင်းညိတ်နားထောင်ပေးနေရသေးသည်။

ထမင်းကို နည်းနည်းသာ စားလေ့ရှိသော သူမ၏ အကျင့်အတိုင်းပင် ထမင်းတစ်ပန်းကန် အပြီးတွင် သူမ၏ မနက်စာ ပြည့်စုံသွားပြီ ဖြစ်လေသည်။

"သုံးဆောင်လို့ ပြီးသွားပြီလား"

ကိုမိုးစက်ညိုက သူမဘေးနား ရောက်လာပြီး မေးလိုက်စဉ် သူမ နှစ်နှစ်ကာကာ ပြုံးပြဖြစ်သွားသည်။

နူးညံ့မှု အပြည့်ရှိသော လူတစ်ယောက်အဖြစ် သူမ မြင်ရုံနှင့် သတ်မှတ်လိုက်မိသလို အရောင်နုနု ပုဆိုးနှင့် အဖြူရောင် လွလွ တိုက်ပုံအင်္ကျီကြောင့် ပိုပြီးကြွရွနေသည့် ကိုမိုးစက်ညိုကို အမြင်ထူးစွာ ...။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးက ဘယ်အိမ်ကလဲ"

ညီမလေးတဲ့ ...၊ တစ်ဦးတည်းသော သမီးဖြစ်၍ [illegible] စောင့်မျှော်နေသော သူမအတွက် ထိုနာမ်စားလေးက သိမ်မွေ့စွာ ...။

"ဦးကြည်သော်ရဲ့ သမီးပါ"

"သြော် ... ဦးကိုတောင် မတွေ့တာကြာပြီ"

သြော် ... ဖေဖေနဲ့ သူ ရင်းနှီးတယ် ထင်ရဲ့။

"ဖေဖေက မြို့ထဲကို ပြောင်းသွားပြီ၊ ဒီအိမ်မှာ ဒင်ပယ်(လ်) ပဲ နေတာ"

"သြော် ... သြော် ... ညီမလေး နာမည်က ဒင်ပယ်(လ်) လား"

အခြားအမျိုးသားသော သူမကို ဒီလိုမေးမြန်းလာလျှင် လှောင်ရယ် ရယ်မိမည် ဖြစ်သော်လည်း သူ့ကိုတော့ မရယ်မိ။

အဘယ်ကြောင့် ဆိုသော် ဖြူစင်သော အရိပ်ကို သူ့မျက်ဝန်းထဲတွင် မြင်နေရသောကြောင့်ပင် ...

"ဒယ်ပယ်(လ်) ပြန်တော့မယ်"





သတ္တိအပြည့်ဖြင့် ဝင်လာခဲ့သော သူမ ...

အခုမှ သူမ ငုံ့၍နှင့် လူတွေကြားထဲ ထ,ပြန်သွား ရမည်ကို ရှိန်းနေသလိုလို ...

ကိုမိုးစက်ညိုရဲ့ အကြည့်ထဲမှာတော့ အတင်သေးမှု ရှုတ်ချမှု မပါ။ ညီမငယ် တစ်ယောက်ကို ဂရုတစိုက် အားပေးနေသည့် ပုံမျိုးသာ။

"ကောင်းပြီလေ ... ဟိုနေ့က ဖေဖေ ပြောခဲ့တာတွေ အတွက် ကျွန်တော် တောင်းပန်ပါတယ်"

ဒီတစ်ခါတော့ သူမ ကြီးကြီးကျယ်ကျယ် ရှက်သွား မိသည်။

သူမ အဆူခံ၊ အငေါက်ခံနေရသည်ကို သူက သိနေသည် တဲ့။ ဒါပေမယ့် ... မေမြသော် ... အဲ ... သူမကပဲ အသာစီး ရခဲ့သလို ပုံစံမျိုးနှင့် ဘာမှ မဖြစ်သလို နေပြလိုက်ပြီး ...

"ရပါတယ် ... လူအမျိုးမျိုး ရှိတာပဲ ... ဒင်ပယ်(လ်) နား လည်ပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



သူမကို ဂရုတစိုက် ညှော်ခံပေးနေသော သားဖြစ်သူကို ဦးဣန္ဒာက ရွှေရွှေရဲရဲ ကြည့်နေလျက် ...

ဒီမျှ ခက်ထန်သော လူတစ်ယောက်ထံတွင် ဒီလို နူးညံ့သိမ်မွေ့သော သားတစ်ယောက် ရှိနေသည်မှာ အံ့ဩစရာ မဟုတ်သော်လည်း သူမ အံ့ဩနေမိသည်။

"ကျေးဇူးပဲ ကိုမိုးစက်ညို ... ဒင်ပယ်(လ်)ကို ခွင့်ပြုပါဦး"

ဒင်ပယ်(လ်)ဟု ချစ်စနိုး ခေါ်ခဲ့ကြသော မေမြသော်ဟု ခေါ်သော သူမသည်၊ သူမနှင့် ဘယ်လိုမှ သဟဇာတ မဖြစ်သော ဝန်းကျင်တစ်ခုကို စိတ်ဝင်စားခဲ့ခြင်းသည် သူမဘဝ၏ ပြောင်းလဲစ ပြုလာခဲ့သော အခြေအနေ တစ်ခုပင် ဖြစ်ခဲ့သည်။

♦ ❣ ♦





"အခြားယောက်ျားလေး တစ်ယောက်သာ အရောင်နုနုတွေ ဝတ်တာမြင်ရင် မိန်းမဆန်တယ်လို့ ဒင်ပယ်(လ်)က ကဲ့ရဲ့မိမှာ ... ကိုမိုးစက်ညို ကျတော့ အဲဒီလို မဟုတ်တော့ဘူး၊ အရောင်နုနုလေးတွေနဲ့ကို လိုက်နေတာ"

သူမ ပြန်ပြောပြစရာဟူ၍ ဦးဘတင်တို့ လင်မယားသာ ရှိသည်မို့ အလွှာက ပြန်ရောက်ရောက်ခြင်း ပြောပြနေမိသည်။

"ဟုတ်ပါ့ ... အဲဒီ သူငယ်က သိပ်အရောင်နုနု ကြိုက်တာ၊ သူ ကြိုက်တာ ထားပါတော့ ... သူ့အဖေ ဦးဣန္ဒာကရော အရွယ်ကြီးနဲ့မလိုက် မိုးပြာရောင်နုနုတို့၊ ပန်းရောင်နုနုတို့ သိပ်ဝတ်တာ"

ဒေါ်ကြီးနွဲ့က ကွမ်းငုံထားရက်နှင့် မဲ့ကာ ရွဲ့ကာ လိုက်ပြောနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးအဖေ ဒီမှာနေတုန်းက မိုးစက်ညိုနဲ့ အဆင်ပြေတယ်၊ တစ်ခါတလေ မိုးစက်ညိုက ဒီဘက်ခြံမှာလာပြီး စကားပြောတတ်တယ်"

ဖေဖေက သူမနဲ့မတူ၊ အားလုံးနဲ့ တည့်အောင် ပေါင်းနိုင်သော အရည်အချင်းရှိသူပင် ဖြစ်သည်။ အဲ ... မေမေ ကလွဲရင်ပေါ့။

"ခင်ဖို့ကောင်းတယ်နော်"

သူမကတော့ ခြံထဲရှိ ကွပ်ပျစ်ပေါ်တွင် ခြေတွဲလောင်း ချထိုင်ရင်း ကလေးတစ်ယောက်လို သတိမှတ်ချက် ပေးနေမိသည်။

"ကျန်တဲ့ လူတွေနဲ့ရော ဖေဖေနဲ့ ခင်လား"

"ဟင့်အင်း ... တခြားလူတွေနဲ့ သိပ်မခင်ဘူး ... သူတို့က သိပ်ရောရောနှောနှော မရှိဘူးလေ ... သမီးဖေဖေက ပျော်တတ်တဲ့သူ ဆိုတော့ ခပ်သွက်သွက်ရယ် ... အဲဒါကို ကြည့်မရဘူး ထင်ပါရဲ့ ... မောင်ကြည်သော် ကလည်း ဂရုမစိုက်ပါဘူး"





သြော် ... ဖေဖေနဲ့တောင် အဆင်မပြေမှတော့ ဖေဖေ့သမီး သူမ ဆိုရင် ...

သူမ ပခုံးတွန့်၍ ပြုံးနေမိလိုက်သည်။

"ဒင်ပယ်(လ်)မှာ ဘာဖြစ်လို့ ကိုမိုးစက်ညိုလို အစ်ကို တစ်ယောက် မရှိရတာလဲ"

ထိုအချိန်က သူမ စိတ်ထဲတွင် ကိုမိုးစက်ညိုကို အစ်ကိုတစ်ယောက်လို ခင်တွယ်နေမိရုံသာ။

အင်းလေ ... စိတ်ဆိုတာက ပြောင်းလဲနေတဲ့ အရာပဲ။

♦ ❣ ♦



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသွားမည့် သူငယ်ချင်းအတွက် လက်ဆောင်ဝယ်ပေးရန်၊ ထိုသူငယ်ချင်းနှင့် ချိန်း၍ မြို့ထဲသို့ သူမ ထွက်ခဲ့လိုက်သည်။

"နင်က ဘာယူချင်တာလဲ ညို"

ညို ကြိုက်တာကို ဝယ်ပေးရန် ညို့ကိုပါ တစ်ခါတည်း ဖွင့်ခေါ်ခဲ့ခြင်း ဖြစ်သည်။ သူမနဲ့ အခင်ဆုံးဖြစ်သလို၊ နားလည်ပေးနိုင်ဆုံး သူငယ်ချင်းဖြစ်သော ညို့ကိုသာ သူမ ခုံခုံမင်မင် ပေါင်းသင်းခဲ့ခြင်း ဖြစ်သည်။

"မြန်မာပြည်ကို အမြဲတမ်း သတိရနိုင်တဲ့ ပစ္စည်းမျိုးပေါ့"

ညိုက အေးဆေးတည်ငြိမ်သူဖြစ်ပြီး သူမ အနွံအတာခံနိုင်ဆုံးပင်။



"ဒင်ပယ်(လ်)တော့ ဘာဝယ်ပေးရမှန်း မသိဘူး၊ ညို လိုချင်တာကို ဝယ်ပေးမယ်"

"ဒါဆိုရင် လက်မှုပစ္စည်းဆိုင်တစ်ဆိုင် သွားရအောင်"

ညို ညွှန်ပေးသော ဆိုင်ကိုပင် သူမတို့ ရွေးချယ်ခဲ့လိုက်သည်။

ရန်ကုန်မြို့လယ်တွင်ရှိသော ထိုဆိုင်လေးကို သူမ မြင်နေကျ ဖြစ်သော်လည်း တစ်ခါမျှ မရောက်ဘူး။

ယခုမှပင် ရောက်ဖူးခြင်းဖြစ်ပြီး ဝင်လိုက်သည်နှင့် အံ့ဩမှုများက သူမကို ဆီးကြိုနေသည်။

ဤမျှ ခမ်းနားထည်ဝါသော လက်မှုပစ္စည်းဆိုင်အဖြစ် သူမ မထင်မိခဲ့။

ငွေထည်အမျိုးမျိုး၊ ပန်းပုရုပ်အမျိုးမျိုး၊ ပရိဘောဂပစ္စည်းအမျိုးမျိုး ...။ သို့သော် အားလုံးက လက်မှုပစ္စည်းများသာ။

"ညို ... ပန်းပုရုပ်လေးတွေ ကြည့်ချင်တယ် ... ဟိုမှာ အလှလည်းထားရင်း အမှတ်တရလည်း ဖြစ်ရင်းပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကောင်တာအမျိုးမျိုးရှိပြီး အခြားတစ်ဖက်တွင် မြန်မာမုန့်အမျိုးမျိုးကိုပင် ရနိုင်သေးသည်။

"ဟာ ... အတော်ပဲ ... ဒင်ပယ်(လ်) ဆီထမင်းစားချင်တယ် ... ညိုအတွက် အရုပ်ဝယ်ပေးပြီးရင် စားရအောင်"

"စားလေ"

ညိုနဲ့အတူ ညို လိုချင်သော ပန်းပုကောင်တာဆီသို့ ရောက်သွားစဉ် ...

"အမယ်လေး ... ဒါကြောင့် ထူးဆန်းနေတာကိုး"

ကောင်တာဆောင်ရှိ ငွေသိမ်းနေရာတွင် ထိုင်နေသော ဦးဦးကျွန်ဘာ ...

"ဘာဖြစ်လို့လဲ ဒင်ပယ်(လ်)"

ညိုက ဘာမှမသိသေးသူဖြစ်၍ မရှင်းပြချင်တော့ ...

"ဘာမှ မဟုတ်ပါဘူး"

ညိုကတော့ ပန်းပုထည်များကို စေ့စေ့စပ်စပ် ရွေးနေပြီး၊ သူမကတော့ ငွေထည်ပစ္စည်းတချို့ကို လိုက်ကြည့်နေလိုက်သည်။





"ဒင်ပယ်(လ်)ရေ ... ဒါလေး မလှဘူးလား"

ညို ညွှန်ပြသော အရုပ်လေးက ကိန္နရာကိန္နရီရုံတွဲရုပ်လေးဖြစ်၍ ချိုချိုကြွကြွနှင့် က,နေဟန်ဖြစ်၍၊ အရုပ်လေးက ချစ်စဖွယ် ... သို့သော် ... ညို့ကို စချင်သေးသဖြင့် ...

"ဟင် ... ညိုကလည်း မလှပါဘူး"

"မလှပေမယ့် အမှတ်တရပေါ့ ဒင်ပယ်(လ်)ရဲ့"

ညိုက အရုပ်လေးကို မြတ်မြတ်နိုးနိုး ကိုင်ရင်း ပြောနေ သဖြင့် ...

"ညို့ရဲ့ အဓိက ရည်ရွယ်ချက်က အမှတ်တရဖြစ်ဖို့ မဟုတ်လား ... ဒါဆိုရင် ခုံဖိနပ်တစ်ရန်ပဲ ဝယ်သွားပါလား၊ ခုံဖိနပ်လည်း မြန်မာပြည်ဖြစ်ပဲဟာ"

ညိုက သူမ စကားကြောင့် သဘောကျစွာ ရယ်နေစဉ် ...

"ဒီမှာ ကလေးမ ... စကားပြောတာ ဆင်ခြင်ပါဦး"

ကောင်တာနောက်က ရုတ်တရက် ပေါ်လာသော အသံကြောင့် သူမတို့နှစ်ယောက်လုံး အံ့သြစွာ ကြည့်လိုက်စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါက် ဆိုးဆိုးနှင့် အမျိုးသမီးကြီး တစ်ယောက်။

ညိုနဲ့ သူမက နားမလည်နိုင်စွာ တစ်ယောက်မျက်နှာ တစ်ယောက် အပြန်အလှန် ကြည့်နေမိသည်။ ပြီးမှ သူမ နားမလည်လွန်းသဖြင့် ...

"အန်တီ ဘယ်သူ့ကို ပြောတာလဲ"

"မင်းကိုပေါ့"

"ကျွန်မကို ..."

သူမ အံ့ဩရုံပင်မက၊ မျက်လုံးပါ ပြူးသွားသည်။

ညိုကလည်း မဆီမဆိုင်ကိစ္စ ဖြစ်နေ၍ စိုးရိမ်စွာ ကြည့်နေလျက် ...

"ဟုတ်တယ်လေ ... တို့ဆိုင်က ပစ္စည်းကို ခုဖိနပ်နဲ့နှိုင်းတာ ... မင်း ရှိုင်းလို့ပေါ့ ... လက်မှုပစ္စည်းချင်း တူပေမယ့် တန်ဖိုးချင်းမှ မတူတာ ... မဝယ်ချင်ရင်နေပေါ့ ... ဒီလို စော်ကားတဲ့ စကားမျိုး မပြောသင့်ဘူး"



အလိုလေး ... စကား အကျအန ကောက်တတ်သူနဲ့မှ တည့်တည့်လာတိုးနေပါလား ...

"ဟာ ... ဒုက္ခပါပဲ ... ကိုယ့်ဘာသာကိုယ် ကိုယ့်သူငယ်ချင်းကိုယ် စ,နေတာ ... ဘယ်လိုလူတွေနဲ့ လာတိုးနေလည်း မသိဘူး"

သူမဘာသာ ညည်းညူသောစကား ဖြစ်သော်လည်း ခပ်ကျယ်ကျယ် ပြောခြင်းဖြစ်၍ တစ်ဖက်လူကို ပြောနေသည့် ပုံစံမျိုး ဖြစ်နေသည်။

"တော်တော် ရိုင်းတာပဲ ... ကိုယ်လည်း မှားသေးတယ် ... တောင်းလည်း မတောင်းပန်တတ်ဘူး"

သူက အသက်ကြီးသူဖြစ်၍ အငယ်၏ တောင်းပန်မှုကို လိုလားလေလေ ... သူမကလည်း မတောင်းပန်ချင်လေလေ ဖြစ်နေသည်။

ဘာဖြစ်လို့ တောင်းပန်ရမှာလဲ ... သူမ မှားတာမှ မဟုတ်တာ။

"လာပါ ဒယ်ပယ်(လ်)ရယ် ... ပြန်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ညိုက စိုးရိမ်စွာဖြင့် သူမ လက်မောင်းကို အတင်းဆွဲနေသဖြင့် သူမ လှည့်ထွက်ရန် ပြင်လိုက်စဉ် ...

"ဒီမှာ ကလေးမ"

ယောက်ျားသံ ခပ်ကျယ်ကျယ်ကိုပါ ကြားလိုက်သဖြင့် ပြန်လှည့်ကြည့်လိုက်စဉ် ...

"ဟင် ... ဦးဣန္ဒ"

နှုတ်မှ ယောင်၍ မထွက်သွားသည်ကိုပင် သူမကိုယ် သူမ ကျေးဇူးတင်လိုက်မိသည်။

ဆိုးလိုက်တဲ့ ကံ ... ဒီစက်ကွင်းနဲ့မှ မလွတ်နိုင်တယ်။

စိတ်ပျက်စွာဖြင့် သူမ စူးစူးရဲရဲ ပြန်ကြည့်လိုက်စဉ် ...

"မင်း ... လူကြီးကို ပြန်တောင်းပန်လိုက်လေ"

လာပြန်ပြီ တစ်ယောက် ... သည်းခံခြင်းဟာ လူတော်တွေရဲ့ ကျင့်စဉ်လို့ ဆိုပေမယ့် သူမ မလိုက်နာနိုင် ...

"ဦးလေးနဲ့ ဘာဆိုင်လို့လဲ ... လာပြန်ပြီတစ်ယောက်"





သူမရဲ့ ကြွပ်ဆတ်ဆတ် အမူအရာကိုပင် သူတို့ မြင်ပြင်းကတ်နေသည်လား မသိ။

"ဒီဆိုင်တွေက ကျုပ်တို့ဆိုင် ... သူက ကျုပ်အစ်မ ... မင်း မတောင်းပန်နိုင်ရင် ဒီဆိုင်ထဲက ချက်ချင်းထွက်သွားပေတော့"

ဒီလူကြီး လူကို မောင်းထုတ်တာ ဒုတိယအကြိမ် မြောက်သွားလေပြီ။

"တောက်"

သူမ စိတ်တိုစွာဖြင့် တောက်တစ်ချက်ကို အကျယ်ကြီး ခေါက်လိုက်မိသည်။ သူမ စိတ်ကိုသာ အကုန်လွှတ်ပေးရမည်ဆိုလျှင် ကောင်တာရှိ မှန်များအားလုံးကို ရိုက်ခွဲမိမည်မှာ သေချာနေသည်။

"လာပါ ဒင်ပယ်(လ်)ရယ် ... ညိုတို့ သွားရအောင်"

လူတချို့က သိနေပြီဖြစ်၍ ကွက်ကြည့်ကွက်ကြည့် လုပ်နေပြီဖြစ်ရာ ညိုက အရှက်သည်းစွာနှင့် သူမကို အတင်းဆွဲခေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါ ညီရယ် ... လူကြီးတွေဖြစ်ပြီး တရားမရှိတာတွေကို ဘာလို့ တောင်းပန်ရမှာလဲ"

သူမ စကားကြောင့် ဦးဂုဏ္ဍာတို့ မောင်နှမနှစ်ယောက် ဆွေ့ဆွေ့ခုန် ဒေါသဖြစ်သွားကြသည်။

ဖြစ်လေ ... ဖြစ်ကြပေါ့ ... သူတို့ မှားတာပဲ။

"ဘာဖြစ်နေတာလဲ"

သူမတို့နားဆီမှ အသံခပ်အုပ်အုပ် တစ်ခုနှင့်အတူ အရိပ်တစ်ခု ...

"ကိုမိုးစက်ညို"

အသိတွေ့သဖြင့် အားရှိသလို ဖြစ်သွားသော်လည်း ထိုအသိက ရန်သူဘက်က ဖြစ်နေ၍ ဝမ်းသာမှုကို ပြန်သိမ်းလိုက်ရသည်။

"စကားများနေတာလေ ... သိပ်ရိုင်းတဲ့ ကလေးမ ... မှားလည်း မှားသေးတယ် ... ပြန်လည်း မတောင်းပန်ဘူး"

သူ့အဒေါ်ဖြစ်သူက နှုတ်ခမ်းချွန်ချွန်နှင့် တူဖြစ်သူကို အားပါးတရ တိုင်လိုက်သဖြင့် ...



"လာ ... လာ ... ဒင်ပယ်(လ်) ... လူတွေ ကြည့်နေပြီ ... ပြန်လိုက်ရအောင်"

ဘယ့်နှယ် သူကပါ သူမကို အပြင်သို့ထွက်ရန် တိုက်တွန်းနေသည်။ သို့သော် နှင်လွှတ်ခြင်းမျိုး မဟုတ် ... သူပါ သူမတို့နဲ့အတူ အပြင်သို့ လိုက်ပါလာခြင်း ဖြစ်သည်။

"ကားပါတယ် မဟုတ်လား"

"ပါတယ် ... ဟိုဘက်နားမှာ"

ကားရပ်ထားရာ နေရာအထိ၊ သူက လိုက်လာပြီး ပို့ပေးနေသည်။ ပြဿနာကို ကြီးမားသွားမှာ စိုးရိမ်နေသည့် သူ့ပုံက ရယ်ချင်စရာ ...

သို့သော် ... သူမ ကိုယ်တိုင်လည်း စိတ်တိုနေဆဲ ဖြစ်၍ သူ့ပုံစံကို ရယ်သွားမသွမ်းမိတော့ ...

ကားထဲ ဝင်ထိုင်မိပြီးတော့မှ ...

"ဟာ ... ဆိထမင်း စားမယ်ဆိုပြီး ရန်ဖြစ်ရတာနဲ့ မေ့သွားပြီ ... ညို သွားပြန်ဝယ်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဝယ်နဲ့တော့ ... အဲဒါလည်း ကျွန်တော်တို့ဆိုင်ပဲ"

ကိုယ့်ဆိုင်မှာ ဝယ်မည့် ဈေးဝယ်သူကို ငြင်းဆန်တာ သူပထမဦးဆုံးထင်၏။

"ဒါဆိုလည်း ... နေတော့ ... ကိုမိုးစက်ညိုတော့ ဒီကပြန်ရင် ဆုခံထိဦးမှာပေါ့"

ဒီတော့လည်း သူက ပါးနပ်ရှက်စွဲ့စွာ ပြုံးသည်။

သို့သော် ကလေးဆန်သော အပြုံးမျိုးမဟုတ်။

တည်ငြိမ်ရင့်ကျက်စွာဖြင့် ရင်ဆိုင်ရဲသော အပြုံးမျိုး ဖြစ်သည်။

"လူကြီးက လူငယ်ကို ဆုတာပဲ ... ခံနိုင်ပါတယ်"

သူမနဲ့တော့ ကွာပါ ... ဘွားဘွားရှိစဉ်က သူမကို ဆုတိုင်း အခန်းပိတ် ဆန္ဒပြနေကျ အကျင့်က သူနဲ့ယှဉ်တော့ ရှက်စရာပင် ကောင်းနေသေးသည်။

"ကဲ ... ကားကို ကောင်းကောင်းမောင်းသွား"



ညီမငယ် တစ်ယောက်ကို မှာကြားပုံမျိုးနှင့် မှာပြီးသည်နှင့် သူက ဆိုင်ထဲ ပြန်ဝင်သွားလေတော့သည်။

"ဒီလို မိဘမျိုးက ဒီလိုသားမျိုး မွေးထားနိုင်တာ အံ့သြစရာပဲ"

အမှန်တကယ် သူမ အံ့သြရမည်က သူမကို ကာကွယ်ပေးနေသော ကိုမိုးစက်ညိုကိုပင်။

◆❦◆

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်သည်နှင့် သူမ ဖြစ်ခဲ့သည်များကို ဒေါ်ကြီးနွဲ့ တို့အား ပြောပြစဉ် ... သူမအပြစ်ဟုသာ ထောက်ခံပေးကြသဖြင့် မကျေမနပ်ဖြစ်ကာ အိပ်ရာထဲ ဝင်ခဲ့လိုက်သည်။

အချိန်မဟုတ်သော်လည်း စိတ်မောခဲ့သောကြောင့် သူမ အိပ်ပျော်သွားခဲ့သည်။

ညနေစောင်း အချိန်၌ ဒေါ်ကြီးနွဲ့က လာနှိုးရင်း ...

"ဒင်ဖယ်(လ်) ... ညှို့သည်ရောက်နေတယ်"

ဟု ပြောစဉ် သူမ ဝမ်းသာသွားသည်။

ဒီအိမ်ကို လာနိုင်သော ညှို့သည်,သည် သူမဖေဖေနှင့် မေမေသာ ရှိသောကြောင့်ပင်။

"လာပြီ ... လာပြီ"



အိပ်ရာထဲက ထ,ကာစ ကပိုကရို ပုံစံနှင့်ပင် သူမ ဧည့်ခန်းထဲ ထွက်လာစဉ် ...

ဧည့်ခန်းထဲတွင် ထိုင်နေသော ကိုမိုးစက်ညို ...

သူမကို မြင်သည်နှင့် ထိုင်နေရာမှထပြီး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ရှက်သွားတာလည်း ဖြစ်နေနိုင်သည်။

သူ ကိုယ်တိုင်လည်း ခေါင်းစုတ်ဖွားနှင့်မို့ ဆံပင်ကို လက်ဖြင့် သပ်နေသလို၊ တွန့်လိပ်နေသော အဝတ်အစားများကိုလည်း ဆွဲချနေရသည်။

ကဲ ... ဘယ်လောက် ကြောင်အအနိုင်တဲ့ သူမတို့နှစ်ယောက်လဲလို့ ...

"ကျွန်တော် ဆီထမင်းနဲ့ ပန်းပုရုပ် လာပို့ပေးတာ"

ဒီတစ်ခါဖြင့် သူမ ထပ်အံ့သြရပြန်လေပြီ။

ဘယ့်နှယ် ... သူမ နှုတ်က လွှတ်ခနဲ ထွက်သွားသော ဆန္ဒကို ဖြည့်ဆည်းပေးသူဟူ၍ ဆုံးသွားပြီဖြစ်သော ဘွားဘွားနှင့် သူ ဒီနှစ်ဦးသား ရှိလေသည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် သူ့လက်ထဲက အထုပ်လေးကိုကြည့်ရင်း လှိုက်လှိုက်လှဲလှဲ ကြည်နူးဝမ်းနည်းလာသလိုပင်။

"ဆီထမင်း စားချင်နေတာဆို ... အခု စားလိုက် ပါလား ပူပူနွေးနွေးလေး ရှိသေးတယ် ... ဆိုင်က ပြန်ပြန်ချင်း ဒီဘက် ကူးလာတာ"

သူမ ဘာဆက်ပြောရမှန်း မသိအောင် အံ့ဩကြည်နူးနေဆဲ ...

"ဒီပန်းပုရုပ်လေးရော ... ဟုတ်ရဲ့လား ... ဒေါ်ကြီးကို မမေးရဲလို့ အရောင်းစာရေးမလေးကို မေးပြီး ဝယ်လာပေးတာ"

သူ့လက်ထဲက ချော့မွတ်ကြွရွနေသော အရုပ်လေးကို သူမ ယခုမှ မက်မောနေလေသည်။

"ဟုတ်ပါတယ် ... အဲဒီ အရုပ်လေးပါပဲ"

သူမ သူနဲ့ မျက်နှာချင်းဆိုင် အနေအထား ဖြစ်သွားပြီး အရုပ်လေးကို မြတ်နိုးခုံမင်စွာ လှမ်းယူလိုက်မိသည်။

"ဒင်ပယ်(လ်) ကျေးဇူးတင်လိုက်တာ"





တကယ်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိခြင်းပင်။

သူကရော နှစ်လိုကြည်စင်စွာ ပြုံးလို့ ...

"ရပါတယ် ... ကျွန်တော်က ဒင်ပယ်(လ်) လိုချင်တာမရသွားဘူးဆိုပြီး စိတ်မကောင်း ဖြစ်နေတာ"

"ဒီအရုပ်က သူငယ်ချင်းကို လက်ဆောင်ပေးဖို့ပါ၊ ဒါပေမယ့် ဒင်ပယ်(လ်) အခု မပေးချင်တော့ဘူး"

သူ့မျက်နှာက ညှိုးယောင်ယောင်များ သန်းသွားသလား ...

"ဒင်ပယ်(လ်)ပဲ ယူချင်နေလို့ပါ"

ဟုတ်ပါတယ် ... သူ့မျက်နှာ ပြန်ပြီး ဝင်းလက်သွားတာ သေချာပါတယ် ...

"အရုပ်ဖိုး ဘယ်လောက်ပေးရမှာလဲဟင်"

"ဟာ ... မလုပ်ပါနဲ့ ... ကျွန်တော့်လက်ဆောင်လို့ သဘောထားပါ"



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်တဲ့ ...

သူမတို့နှစ်ယောက်ကြားမှ လက်ဆောင်ပေးရလောက်အောင် ရင်းနှီးသေးလို့လား ...

"မဟုတ်တာ ... ဒင်ပယ်(လ်) ပိုက်ဆံ ပြန်ပေးပါရစေ"

"ဟော ... ကားဟွန်းသံ ကြားတယ် ... ဖေဖေတို့ ပြန်လာပြီ ထင်တယ် ... ကျွန်တော် အမြန်ပြန်မှ ဖြစ်မယ်"

စကားစ မပြတ်ခင် သူက ဖျတ်လတ်လျင်မြန်စွာ ထွက်သွားသည်။

ဒီအရွယ်ကြီးနှင့် မိဘများကို ကြောက်နေသေးသူအဖြစ် သူမ လေးစားရမလို၊ ရှုတ်ချမရလို ...

"အင်း ... အဲဒီအိမ်မှာ ဒီသူငယ်တစ်ယောက်ပဲ သဘောကောင်းတယ် ... ဒါပေမယ့် ... သူလည်း အဲဒီအရိပ်အောက်က လွတ်နိုင်မှာ မဟုတ်ပါဘူးလေ"

ခေါကြီးနွဲ့က သူမ ကြားအောင် ခပ်တိုးတိုးရေရွတ်ပြီး သူ့ကျောပြင်ကို ငေးကြည့်နေသည်။





သူမကတော့ သွေးရင်းသားရင်း မဟုတ်သူ တစ်ယောက်၏ ဂရုတစိုက် အလိုက်သိမှုအတွက် ကြည်နူးလိုက်မိနေဆဲ ...။

♦ ❣ ♦



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဒင်ပယ်(လ်) ကျောင်းဖွင့်တော့မှာမို့ ... ကျောင်းစရိတ် လာတောင်းတာလား"

အပြင်က ပြန်လာသော မေမေက အိမ်တွင် ကို ရောက်နှင့်နေသော သူမကို မြင်သည်နှင့် လှမ်းပြောသည်။

ဘွားဘွား ဖွင့်ပေးထားခဲ့သော ဘဏ်စာရင်းမှ ဘဏ်တိုးသည် သူမအတွက် ကျောင်းစရိတ်ပင်မက အပိုပင် သုံးစွဲနိုင်သေးသည်။

သို့သော် ... ကျောင်းစရိတ် ပေးပါရစေဟူသော မေမေရဲ့ တောင်းဆိုချက်ကြောင့် သူမ ကျောင်းစရိတ်ကို မေမေ့ဆီကသာ ယူဖြစ်ခဲ့သည်။

"မဟုတ်ပါဘူး မေမေ ... မောင်လေးနဲ့မေမေ့ကို သတိရလို့ပါ၊ မောင်လေးရော မေမေနဲ့ပါသွားတာ မဟုတ်ဘူးလား"



"မပါပါဘူး သမီးရဲ့ ... သမီးမောင်လေး ဒီလောက်ဆော့တာ ဘယ်ခေါ်သွားလို့ ရမလဲ ... အခု ကျောင်းပိတ်ထားတာနဲ့ ILBC ပို့ထားရတယ်"

နောက်အိမ်ထောင်ပြုတာချင်း အတူတူ မေမေက ောင်လေးတစ်ယောက် သူမအတွက် မွေးပေးခဲ့သည်။ ဖေဖေကတော့ ရောဂါထူသော အန်တီထက်ထက်ကြောင့် ကလေးမရသေး။

"သမီးရော ... နေရတာ အဆင်ပြေရဲ့လား"

မေမေ အဝတ်အစားလဲရာ အခန်းထဲထိ သူမလိုက်လာသဖြင့် မေမေက အဝတ်အစားလဲရင်း လှမ်းမေးသည်။

"ပြေပါတယ် မေမေ"

ဆံပင်ဆေးဆိုးလေ့ ရှိသဖြင့် မေမေ့ရဲ့ ဆံပင်များက က်မှောင်ဖြောင့်လက်စွာ ... လေးဆယ်စွန်းကာစပင် ရှိသေးသော မေမေရဲ့ ပြည့်တင်းသော နောက်ပိုင်းကိုကြည့်ပြီး သူမ ဖြေလိုက်သည်။

"ဦးရော ... နေကောင်းလား"

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရဲ့ နောက်အိမ်ထောင်လူကြီးကို သူမ ဦးဟုသာ ခေါ်ဖြစ်သည်။

“နေကောင်းပါတယ် ... ခုတစ်လောတော့ နည်းနည်း
သွေးတိုးနေတယ် ... ပူလို့လား မသိပါဘူး”

ထူးခြားသည်က မေမေရော ဖေဖေပါ တစ်ယောက်အကြောင်း တစ်ယောက် မမေးတတ်ကြ။

အချစ်နဲ့စပြီး အမုန်းနဲ့ လမ်းခွဲခဲ့၍လားတော့ မသိ။ အင်းလေ ... သူမ မေမေနဲ့ ဖေဖေ့ကို နားမလည်ခဲ့တာ ခုအချိန်ထိပဲ ...

“မောင်လေးကို ဒင်ပယ်(လ်) သွားကြိုမယ်လေ ... ဘယ်
အချိန် လွတ်မှာလဲ”

မေမေက အဝတ်အစားလဲပြီးပြီဖြစ်၍ ထုံးထားသော ဆံပင်များကို ဖြေချရင်း ...

“သွားမကြိုနဲ့ ... သူ့အဖေ သွားကြိုလိမ့်မယ်”

မေမေသည် တတ်နိုင်သမျှ သူမနဲ့ ဦးကို မျက်နှာချင်း သိပ်မဆိုင်နိုင်ပေ။





အစက သူမ၏ ရိုင်းပျသော ဆက်ဆံမှုအတွက် စိုးရိမ်ခြင်း ဖြစ်ပေလိမ့်မည်ဟု ထင်ခဲ့သော်လည်း ဘွားဘွား ပြောခဲ့သော စကားတချို့ကြောင့် သူမလည်း ဦးကို တမင်ရှင်မဆိုင်ခဲ့တော့ပေ။

“သမီးနဲ့ သူ့လင်ကိုတောင် သဝန်တိုတတ်တဲ့ မိန်းမ ...
ငါကလည်း ငါ့မြေးကို သူတို့နဲ့ မစပ်ယှက်ခိုင်းပါဘူး”

သူမ သက်ပြင်းဖျော့ဖျော့ကို ခိုးချလိုက်ပြီး ...

“ဒါဆိုလည်း ဒင်ပယ်(လ်) ပြန်တော့မယ် မေမေ ...
မောင်လေး ကျောင်းပိတ်ရက် သမီးဆီ ဖို့ပေးပါဦးနော်”

မေမေက မတွေ့တာကြာပြီဖြစ်သော သမီးဖြစ်သူကို လှမ်းမတား ... အင်း ... ဒါလည်း သူမ အကျင့်ဖြစ်နေပြီပဲ ... ဘာဖြစ်လို့ ရင်ထဲက ဝမ်းနည်းသလိုလို ဖြစ်သွားရတာလဲ ...

“အင်း ... နေဦး ဒင်ပယ်(လ်) မုန့်ဖိုးယူသွားဦး ... မေမေ
စောစောက အလုပ်ဖြစ်ခဲ့တယ်”

စိန်ကဲကျောက်ကဲသာ အခတ်တော်သော မေမေ ...
သူမရဲ့ စိတ်ကိုတော့ အကဲမခတ်တတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



“မယူတော့ဘူး မေမေ ... ဒင်ပယ်(လ်)မှာ ရှိပါတယ်”

“ဒါဆိုလည်း ပြီးရော ... အသုံးလိုရင် လှမ်းဖုန်းဆက်လိုက်နော်”

ဒါဆိုရင် မေမေ့ ဝတ္တရား ကျေပါတယ် ... ဟု သူမ ညှာညှာတာတာ တွေးပေးလိုက်သည်။

“အခု ... သမီး ဘယ်ပြန်မှာလဲ ... ဘယ်ဝင်ဦးမှာလဲ”

မေမေ့ဆီ ဝင်မှာလားဟူသော အဓိပ္ပာယ်ပါသည့် မေးခွန်းဖြစ်ကြောင်း သူမ နားလည်လိုက်သည်။

“မြို့ထဲမှာ အိမ်အတွက် လိုတာလေးတွေ ဝယ်ပြီး အိမ်ပြန်မယ် မေမေ”

“အေး ... အေး ... ကားကို ဂရုစိုက်မောင်းဦးနော်”

“ဟုတ်”

မေမေ့ကို ပြောခဲ့တုန်းက မြို့ထဲဘက်ဟု ပြောခဲ့သော်လည်း သူမ ကားကို ဦးတည်ခဲ့သည်က ကရဝိတ်ဘက်သို့ ဖြစ်နေသည်။





ဘာပဲဖြစ်ဖြစ် သူမ လွတ်လပ်ပေါ့ပါးစွာ အပန်းဖြေချင်နေသည်။

အဖော်မပါဘဲ တစ်ယောက်တည်း တွေးမည်။

တစ်ယောက်တည်း ရယ်ချင်ရယ်မည်။

ငိုချင်ငိုမည်။

လုပ်သင့်မလုပ်သင့် သူမ မချိန်ဆမိတာ ကြာပြီပဲ။

ကားကို ကရဝိတ် မရောက်ခင် နေရာတစ်ခု၌ ထိုးရပ်လိုက်ပြီး နံဘေးရှိ မြက်ခင်းစပ်ပေါ်သို့ ဆင်းလိုက်သည်။

ဖိနပ်ချွတ်ပြီး ဆင်းခြင်းဖြစ်၍ မြက်ဖျား၏ ရှတအားမြသော အထိအတွေ့က ခြေဖဝါးကြောမှတစ်ဆင့် စိမ့်တက်သွားသည်။

မြက်ခင်းပေါ်တွင် အားပါးတရ ထိုင်ချရန် ပြင်သိက်စဉ် ...

“ဒင်ပယ်(လ်)”

ဒီအသံ ... ရင်းနှီးလှိုက်လှဲသော အသံ ...

သူမ ဖျတ်ခနဲ လှည့်ကြည့်စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်ကို နောက်ပစ်လျက် သူမဆီသို့ လျှောက်လာနေသော ကိုမိုးစက်ညို ...။

လမ်းလျှောက်ပုံကပင် တည်ငြိမ်အေးဆေးစွာ ... သူမ စိုမြစွာ ပြုံးပြရင်း ဖိတ်ခေါ်လိုက်မိသည်။

♦ ❣ ♦



"အဝေးက တူပါတယ်လို့ ကြည့်နေတာ ... တကယ် ဒင်ပယ်(လ်) ဖြစ်နေတာကိုး"

သူမ နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်ပြီး ...

"အတော်ပဲ ... ဟိုနေ့က ဆီထမင်းကြွေး မဆပ်ရသေးဘူး"

မြက်ခင်းပြင်ကို နှစ်ခြိုက်မှုက ခဏပျောက်သွားသည်။

"ကျွန်တော် အလုပ်ကိစ္စနဲ့ လာတာ ဒင်ပယ်(လ်)ရဲ့"

သူက သိမ်မွေ့စွာ ငြင်းလိုက်ခြင်းထင် ...

"ကျွန်တော် ဧည့်သည်တွေနဲ့ ကရဝိတ်မှာ ချိန်းထားလို့ လာတာ၊ အခု နည်းနည်းစောသေးတာနဲ့ လမ်းလျှောက်နေတာ"

"အင်း ... ဒါဆိုလည်း ခဏလမ်းလျှောက်ဖော်တော့ ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူမ သာမန်သာ ပြောလိုက်သော စကား ဖြစ်သော်လည်း သူက မျက်မှောင်ကုတ်သွားသည်။

သူ့မျက်မှောင်ကုတ်မှုက အဓိပ္ပာယ်တစ်မျိုး ဆောင်နေသဖြင့် ...

"ဘာဖြစ်လို့လဲ ကိုမိုးစက်ညို"

"ဪ ... ဒင်ပယ်(လ်) တစ်ယောက်တည်း ဒီကို လာနေကျလား ... ပြီးတော့ ... ဒီနေရာ လူမပြတ်ဘူးလား"

ဘုရားရေ ... လူစည်ကားတတ်သော ဘုရားပွဲလို နေရာမျိုးကိုမှ သူက လူရှိတယ်လို့ ထင်နေရော့လား ...

အတွဲတချို့ ... နေရာကွက်ကျား ရှိနေသည်ကို သူ မမြင်လို့များလား ...

သူမ အားနာ နားလည်စွာဖြင့် ရယ်မိလိုက်ပြီး ...

"တစ်ယောက်တည်း လာနေကျဆိုတာတော့ ဟုတ်တယ် ... ဒါပေမယ့် ဒီနေရာ လူမပြတ်ပါဘူး ..."

သူက သူမစကားအဆုံး ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီ လှည့်ကြည့်ပြီး ဘာမှ ဆက်မပြောတော့ ...





သူမကတော့ မြက်ခင်းပေါ်မှ တက်လာပြီး ကားထဲရှိ ဖိနပ်ကို ယူစီးလိုက်သည်။ ပြီးတော့ သူနဲ့ယှဉ်လျက် အရှေ့ဘက်သို့ လမ်းလျှောက်နေလိုက်ကြသည်။

သူနဲ့ ယှဉ်လာမှ သူ့ရဲ့ ရှည်မားသော အရပ်ကြီးက ပုတုသေးကွေးသော သူမကို စိုးမိုးထားသလို ခံစားလိုက်ရသည်။

"ဟိုနေ့က အဆူခံရသေးလား"

စကားစမရှိသဖြင့် ဆက်စပ်ရာ အဖြစ်အပျက်ဆီမှပင် စကားစကို ဆွဲထုတ်လိုက်သည်။

သူက အားနာစွာဖြင့် သူမကို ငုံ့ကြည့်ပြီး ...

"ဆူတယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ ... သူတို့မကြိုက်တာကိုတော့ ပြောတာပေါ့"

သူတို့မကြိုက်တာတဲ့ ... ခံရခက်သော စကားကို သူမ အပြုံးမပျက် နားထောင်နေလိုက်သည်။

"သူတို့ ဒင်ပယ်(လ်)ကို ဘာမကြိုက်တာပါလိမ့်"

သူက သူမကို သနားသလို ငုံ့ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့ ဘွားဘွားတို့က သိပ်ရှေးဆန်တယ် ... အစွဲလည်းကြီးတယ် ... သူတို့က လူငယ်ဆိုရင်လည်း ရိုရိုကျိုးကျိုးနဲ့ မြန်မာဆန်တဲ့ လူငယ်ပုံစံမျိုးမှ မျက်စိထဲဝင်တာ"

"သြော် ..."

သူမကိုယ်သူမ ပြန်ငုံ့ကြည့်စဉ် ... ထုံးစံအတိုင်း စကတ်အရှည် အစွဲနှင့် ကိုယ်ကျပ်အင်္ကျီ၊ လုံးကျစ်သော သူမကိုယ်ခန္ဓာနှင့် လိုက်ဖက်သော်လည်း ဒါကိုပင် ခေတ်ဆန်လွန်းသည်ဟု သူတို့ မြင်ပြင်းကတ်နေသလား ... မတတ်နိုင် ... သူမပုံစံက ခေါက်ရိုးကျိုးနေပြီပဲ ...

"မင်းဆွေမင်းမျိုးတွေ ဆိုတာကရော"

သူ့မျက်နှာပေါ်တွင် ရှက်သလို အရိပ်တစ်မျိုး ဖြတ်ပြေးသွားပြီး ...

"အမတ်တစ်ယောက်ရဲ့ အနွယ်လို့ ဆိုတာပဲ"

ဘယ်အမတ်လဲဟု သူမ ဆက်မမေးမိတော့။ သမိုင်းညံ့သော သူမ အတွက် နာမည်သိလည်း ဘာမှ ထူးမည်မဟုတ်။





သူကိုယ်တိုင်လည်း ထုတ်ဖော်ပြောရန် စိတ်အားထက်သန်သည်ကို မတွေ့ရ။

"မြန်မာဆန်တယ်လို့လည်း ပြောသေးတယ် ... ကိုမိုးစက်ညို Guide လုပ်နေတာကျတော့ မပြောဘူးလား ... နိုင်ငံခြားသားတွေကို အကူအညီ ပေးနေတာကရော ... ဆွေဂုဏ်မျိုးဂုဏ် မထိဘူးလား"

သူမကပင် ကတ်သီးကတ်သတ် ပြောမိတာလား မသိ။

သို့သော် ... သူက ခွင့်လွှတ်နားလည်စွာဖြင့် ပြုံးပြီး ...

"ကျွန်တော် ဒီအလုပ်ကို လုပ်ဖို့ ဖေဖေတို့ ကိုယ်တိုင်တိုက်တွန်းတာပါ ... ကျွန်တော် ကျောင်းပြီးတော မြန်မာစာနဲ့ပါ ... ကျွန်တော် သိထားတဲ့ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတွေကို နိုင်ငံခြားသားတွေကို ဂုဏ်ယူစရာရှုထောင့်က ရှင်းပြပေးတာပါ၊ ဒီအလုပ်ကို ဘယ်လိုလုပ် အောက်ကျတဲ့အလုပ်လို့ ပြောနိုင်မှာလဲ ... အလုပ်မရှိတာကမှ ရှက်ဖို့ကောင်းတယ်"



www.burmeseclassic.com

အလိုလေး ... တရားဟောကောင်းသော မမွှာစရိယနဲ့မှ လာတိုးနေတာကိုး ...

ဒေါ်ကြွေးနဲ့ ပြောသလိုပင် သူလည်း သူ့မိသားစုရဲ့ အရိပ်အောက်က ဘယ်လွတ်နိုင်ပါ့မလဲလေ ...

"ကျွန်တော်လည်း ဖေဖေတို့ရဲ့ အစွန်းရောက်တဲ့ စိတ်ဓာတ်တွေကို နားလည်ပါတယ် ... ဘာတတ်နိုင်ပါ့မလဲ ... အားလုံးနဲ့ အဆင်ပြေမယ့် ဆက်ဆံမှုမျိုးကိုတော့ ကျွန်တော် ဖန်တီးရတာပဲ ... ဥပမာ ... ဒင်ပယ်(လ်)နဲ့ ဖေဖေတို့ မပြေလည်ပေမယ့် အဲဒီ မပြေလည်မှုကို ကျွန်တော် နှစ်ဖက်စလုံးဘက်က နားလည်ပေးနိုင်သလိုမျိုးပေါ့"

သူမ ဘဝတွင် သူမကို စကားကြီး စကားကျယ် ပြောဖူးသူဟူ၍ ဘွားဘွားနဲ့ သူသာ ရှိမည်ထင်သည်။

"ဒင်ပယ်(လ်)ကို ကိုမိုးစက်ညို ဘယ်လိုမြင်သလဲဟင်"

ယောက်ျားတစ်ယောက်ရဲ့ ထင်မြင်ချက်ကို ခံယူရန် စောလွန်းသည်ဟု သူမ မတွေးထင်မိ ...





ဒီမေးခွန်းကို သူ မဖြေလည်း သူမ အတင်း ဖြေဆိုခိုင်းမည် မဟုတ် ...

မခက်သော်လည်း မဖြေချင်သည့် မေးခွန်းတစ်ခု အဖြစ် သူမ သိထားသောကြောင့်ပင်။ သို့သော် ...

"လွတ်လပ်ပွင့်လင်းတဲ့ မိန်းကလေးတစ်ယောက် အဖြစ် လောက်ပဲ မြင်တယ်လေ ... ဒီထက်ပြီး ဝေဖန်ဆုံးဖြတ်ပိုင်ခွင့် ကျွန်တော့်မှာ မရှိဘူး ... ရှိလည်း မပြောသင့်တော့ဘူးလေ ..."

သူမ ထင်ထားသည်ထက် ပို၍ ပွင့်လင်းရိုးသားသူပင်။ သူ့အဖြေအတွက် သူ့ဘာသာသူ တာဝန်ယူလိုမှုတွေက အထင်းသား ...

"ဟုတ်တယ်... ဒီအိမ်မှာ ဒင်ပယ်(လ်) တစ်ယောက်ပဲ နေတယ် ... ဆွေမျိုးအရင်းအချာဆိုလို့ ဖေဖေရယ် မေမေရယ် မောင်လေးရယ် ရှိတယ် ... ဒါပေမယ့် သူတို့က အဝေးဆုံးနေရာမှာ ရောက်နေသလို ဒင်ပယ်(လ်) ခံစားရတယ်"

သူမ အသံက ဖြည်းလေး လိှုက်မောစွာ ...

www.burmeseclassic.com



သူက သူမကို ထူးဆန်း အံ့ဩစွာ ကြည့်နေသည်။

ထိုနေ့က သူမ ရိုးစင်းစွာ ဝန်ခံခဲ့သော သူမရဲ့ ကိုယ်ပိုင်ခံစားချက်များကို သူက စကားတစ်ခွန်းဖြင့် ဝေဖန်သုံးသပ်သွားခဲ့လေသည်။

"ဘဝမှာ နေပျော်အောင် ဖန်တီးရတာ လွယ်တယ်... အဲ... ဒါပေမယ့် အဲဒါကို ကျေနပ်နိုင်ဖို့ကတော့ ခက်တယ်လေ"

သူမ သူ့စကားကို လုံးဝနားမလည်ခဲ့ ...

ဒါပေမယ့် ပြန်လည်ဖြေရှင်းချက်လည်း မတောင်းခဲ့။

ထိုညနေခင်းအတွက် သူမ ကျေးဇူးတင်မိရုံသာ။

◆❣◆



မနက်မိုးလင်းနေပြီဟု သိသော်လည်း ဘယ်သော အခါကမှ စောစော မထခဲ့ဘူးသလို၊ ထရန်လည်း စိတ်မကူးမိခဲ့။

ဒီနေ့တော့ အိပ်ရာထဲက ကြားနေရသော မြေတူးသံကြောင့် စိတ်အနှောင့်အယှက်ဖြစ်စွာ ဆက်အိပ်၍ မရတော့။

တဒုတ်ဒုတ်နှင့် မြေကို ပေါက်ဆွနေသော အသံသည် ဦးဘတင်၏ အပင်စိုက်ရန် တူးဆွနေသောအသံ ဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့သည်။

သို့သော် ... အိပ်ရာမှထ၍ ကိုယ်လက်သန့်စင်ပြီး ခြံထဲဆင်းသောအခါတွင်မှ စည်းရိုးကာရန် မြေတူးနေသော အဖြစ်ကို တွေ့လိုက်ရတော့သည်။

ဖိုးလုံးသည်ပင် ထိုမြေတူးနေသော နေရာနားတွင် တရှုံ့ရှုံ့ ဆော့ကစားလျက် ...

www.burmeseclassic.com

www.burmeseclassic.com



တုံးလုံးလဲကျနေသော ပုဏ္ဏရိုက်ပင် တချို့နှင့် တစ်ဝက်တစ်ပြက် မြေတွင်းများ ...

ဟိုဘက်ခြံက အုတ်စည်းရိုးကာရန် လုပ်နေခြင်းဟု သာမန် တွေး၍ မိုးလုံးကို သွားခေါ်လိုက်စဉ် ...

"ဟင်"

သူမ အံ့ဩသွားရပြန်သည်။

သူမခြံ၏ နယ်နမိတ်အဆုံးကို သတ်မှတ်ထားသော အုတ်တိုင်အမှတ်လေးကျော်၍ ခြံစည်းရိုးက သူမခြံထဲ ရောက်နေသည်။ တကယ်ဆိုရင် ထိုအမှတ်တိုင်လေးကို ခြံစည်းရိုးအလယ် တွင်ထား၍ ကာသင့်သည်။

ယခု ... ထိုအုတ်တိုင်လေးက ဟိုဘက်ခြံထဲ ရောက် နေသလို ဖြစ်နေ၍ သူမ ခြံမြေ၏ နယ်နိမိတ်ကို ခိုးထားရာ ရောက်နေသည်။

"ဒီမှာ"

မြေတူးနေသော အလုပ်သမားနှစ်ယောက်နှင့် အုတ် သယ်နေသော အလုပ်သမားကပါ သူမကို လှည့်ကြည့်လာသည်။



"ခြံစည်းရိုးကာဖို့ နေရာကို ဘယ်သူ ပြတာလဲ"

အလုပ်သမားများက တစ်ယောက်မျက်နှာ တစ် ယောက် ကြည့်လိုက်ကြပြီး ...

"ဒေါ်မိမိကြီးပါ"

သွက်သွက်လက်လက် ရှိဟန်တူသော ကောင်လေး တစ်ယောက်က ဖြေလိုက်သည်။

"ခြံစည်းရိုးက ကျွန်မခြံထဲ ရောက်နေပြီ ... ဟိုအုတ်တိုင် လေးက ကျွန်မခြံရဲ့ အကျယ်ကို မှတ်ထားတဲ့တိုင်လေးပဲ၊ ဘယ့်နှယ် သူ့ခြံထဲ ရောက်နေတာလဲ ... ပုဏ္ဏရိုက်ပင်တွေ ရဲ့ ခြေရင်းမှာ လုပ်သင့်တာ ... အခု ဒီဘက်ကို ရောက် လွန်းနေတယ်"

သူမ အသံကြောင့် အပင်ရေလောင်းနေသော ဦးဘတင်ကပါ ခပ်သုတ်သုတ် ရောက်လာပြီး ...

"ဟုတ်သားပဲ ... အုတ်တိုင်လေးကို အလယ်ထားပြီးကာ မှ တရားမျှတမှာပေါ့ ... အခုတော့ မြေတစ်ပေလောက် ခိုးထားသလို ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူမကပါ ထောက်ခံခေါင်းညိတ်လိုက်ပြီး ...

"ခေါ်မိမိကြီးကို သွားခေါ်ပေးပါ"

အလုပ်သမားတွေကို ပြောလိုက်သည် ဘယ်သူကမှ သွားခေါ်ချင်ဟန်မပြ၊ သူတို့ အလုပ်ကို နှောင့်နှေးစေ၍ စိတ်ပင် ပျက်နေကြပုံ။

"သမီးကိုယ်တိုင် သွားပြောလိုက်ပါလား ... ဦးလေး လိုက်ပေးမယ်"

ဦးဘတင်က တိုက်တွန်းလိုက်စဉ် သူမကိုယ်တိုင်လည်း လက်ခံမိသဖြင့် ...

"လာ ... ဦးလေး လိုက်ခဲ့ ... ခေါ်ကြီးနဲ့ ... ခေါ်ကြီးနဲ့ရေ ... မိုးလုံးကို ခေါ်ထားလိုက်ပါဦး"

သူမနောက် တကောက်ကောက်လိုက်မည့် ဖိုးလုံးကို ဟိုဘက်ခြံထဲ ခေါ်သွား၍ မဖြစ်သဖြင့် ခေါ်ကြီးနဲ့က ဖိုးလုံးကို အတင်းချီ၍ အိမ်ထဲသွင်းသွားလေသည်။

ခုတ်လှဲထားသော ပုဏ္ဏရိုက်ပင်များကို နင်းဖြတ်၍ သူမတို့ ဟိုဘက်ခြံထဲ အလွယ်တကူ ရောက်သွားခဲ့သည်။



စေ့ပိတ်ထားသော တံခါးမှတစ်ဆင့် ဦးဘတင်က တိတ်ဆိတ်နေသော အိမ်ကြီးထဲသို့ လှမ်းခေါ်လေသည်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ..."

အင်း ... အခုနေ ကိုမိုးစက်ညိုသာ ဆင်းလာရင် လွယ်လွယ်ကူကူနဲ့ ပြေလည်သွားမှာပဲ။

ဒါပေမယ့် ... သူမ ဆန္ဒ မပြည့် ...

ထွက်လာသူက အမျိုးသမီးကြီး တစ်ယောက် (ဟိုတစ်နေ့က သူမနဲ့ ဆိုင်တွင် စကားများခဲ့သော အမျိုးသမီးကြီး) ဖြစ်နေသည်။

သူမကို မြင်သည်နှင့် ပြေလျော့သော မျက်နှာသည် ချက်ချင်း မျက်မှောင်ကုတ်သွားသည်။

ပြီးတော့ အသံပြတ်ပြတ်ဖြင့် ...

"ဘာကိစ္စလဲ"

"ခြံစည်းရိုးကိစ္စပါ"

သူမတော့လည်း သူမပါ လိုက်မာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ ခေါ်ဖော်မရအောင်ပင် လူမှုရေးညံ့ဖျင်းလှသည်ဟု သူမ တွေးမိနေစဉ် ...

"ခြံစည်းရိုး ဘာဖြစ်လို့လဲ"

သူမတို့ ရပ်နေသော နေရာရှိ သံပန်းတံခါးကို တွန်းဖွင့်၍ အပြင်လိုက်ထွက်ရင်း ... ခြံစည်းရိုးတူးနေသော နေရာကို ကြည့်ပြီး မေးလိုက်သဖြင့် ...

"ကျွန်မခြံထဲ ပါနေလို့ပါ"

ဒီကိစ္စကို ကြိုသိနေလိမ့်မည်ဟု သူမ ယုံကြည်နေသည်။ မတော်တဆ မှားပါသည် ပြောရအောင်လည်း၊ အုတ်တံတိုင်း အမှတ်အသားလေးက သက်သေအဖြစ် ရှိနေလျက် ...

ကဲ ... ဘယ်လို ပြောကြမှာပါလိမ့် ...

"သြော် ... ဒါလား ... ခြံစည်းရိုးက တို့အိမ်က အကုန်အကျခံပြီး ကာရတာလေ ... ပေခြောက်ဆယ်အရှည်ကို ကာရမှာ ... ခြံနှစ်ခြံလုံးရဲ့ ခြံစည်းရိုးဆိုတော့ အကုန်အကျခံတဲ့ဘက်က မြေနည်းနည်း ပိုသွားတာပါ"





သဘောကတော့ ငါတို့ အုတ်စိုက်တယ်၊ နင်တို့မြေစိုက်ဆိုတဲ့ သဘောပင်။ သို့သော် ဒီကိစ္စက နှစ်ဦးနှစ်ဖက်ညှိနှိုင်းသဘောတူပြီးမှ ဆောင်ရွက်ကြခြင်း မဟုတ်၍ သူမ လက်မခံနိုင်။

အထူးသဖြင့် လုပ်ချင်တာလုပ်၍ ရသည်ဆိုသော အခွင့်အရေးမျိုး မပေးနိုင်ခြင်းပင်။

"ဒါပေမယ့် ကျွန်မ သဘောမတူဘူး ... ကျွန်မခြံဘက်က ပုဏ္ဏရိက်ပင်တွေနဲ့ လုံလောက်တယ် ... ဘာအုတ်တံတိုင်းမှ မလိုဘူး၊ ကိုယ့်ဘာသာကိုယ် လိုမယ်ထင်လို့လုပ်ရင် ကိုယ့်မြေထဲ ကိုယ်လုပ်ပေါ့ ... ကျွန်မခြံထဲကမြေ အပါမခံနိုင်ဘူး ... ခြံစည်းရိုးနေရာကို ပြန်ပြင်ပေးပါ"

မာသောမျက်နှာသည် ထန်သွားပြီး၊ ဖြူသော မျက်နှာသည် နီလာသည်။

အလုပ်သမားများက အလုပ်များရပ်လျက် သူမတို့ကို လှမ်းကြည့်နေသည်။

သူမကတော့ ဒေါ်မမကြီး အဖြေကို ငံ့လင့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မြေကြီးက တူးပြီးနေပြီ"

တော်စမ်းပါ ... ဒါ နိုင်လုံတဲ့ အကြောင်းပြချက် မဟုတ်။

ပြီးတော့ ... အားနာပြီး လိုက်လျှောရအောင်လည်း သူမအပေါ် ကျေးဇူးခံ ကျေးဇူးစား ရှိခဲ့သည်မဟုတ်။

"ပြန်ဖို့နိုင်းရင် ဖြစ်ပါတယ်"

သူမရဲ့ ထိမထင်သော မျက်နှာကို ဒေါ်မိမိကြီး မြင်ပြင်းကတ်နေလောက်သည်။ သူမကလည်း တရားမျှတမှုကို မျက်ကွယ်ပြုသော ထိုအမျိုးသမီးကြီးအား အလဲထိုးလိုက်ချင်နေသည်။

"ဘာဖြစ်နေတာလဲ"

သူမတို့ဆီသို့ နောက်ထပ် အသံပိုင်ရှင်တစ်ယောက် ထပ်ရောက်လာပြီး၊ ဝင်မေးလိုက်သည်။

ခဲနရောင်ပုဆိုး (ရှေးကပုဆိုး ဖြစ်ဟန်တူသည်) ခပ်တောင့်တောင့်နှင့် အနည်းငယ် ပြောင်နေသော ပုဆိုးနှင့် တုတ်ကောက်တစ်ခုကို ဟန်ပါပါကိုင်လျက် ...





"ဒီမှာလေ အစ်ကိုကြီးရဲ့ ... ခြစည်းရိုးကာတဲ့ ကိစ္စနဲ့ စကားများနေတာ"

တောင်းဆိုသော အဆင့်သာ ရှိသေးသည်ကို စကားများနေသည်ဟု ဗိုပိုသာသာ ဖြေလိုက်သည်ကို တွေ့ရသည်။

လူကြီးနှစ်ယောက်နှင့် လူငယ်တစ်ယောက် ဆက်ငြင်းခုံနေရလျှင်၊ လူမြင်မကောင်း။ သို့သော် ... သူမှန်နေသဖြင့် ပေရပ်နေဆဲ ...

"သြော် ... မင်းပဲကိုး"

မလိုလားသည့် အသံကို သူမ ခံနိုင်ရည် ရှိနေပေပြီ။

"ခြံစည်းရိုးကာတာ ဘာပြဿနာ ဖြစ်လို့လဲ"

သူမက ခြံစည်းရိုးကာသော နေရာကို မေးဆတ်ပြပြီး ...

"ခြံစည်းရိုးက ကျွန်မခြံထဲ ရောက်နေလို့ ... ခြံအကျယ် သတ်မှတ်ထားတဲ့ အုတ်တိုင်က ဦးလေးတို့ခြံထဲ ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဣန္ဒာက ခြစည်းရိုး ကာနေသော နေရာကို လျှောက်သွားပြီး အုတ်တိုင်ကို တုတ်ကောက်ဖြင့် ထိုးကြည့်နေသည်။

ပြီးမှ ...

"မိမိကြီး"

"ရှင် ... အစ်ကိုကြီး"

ဦးဣန္ဒာရဲ့ စကားကို ရိုကျိုးစွာ နာခံနေသော ဒေါ်မိမိကြီး အသွင်က သေဝပ်စွာ။

"သူ့ ကျေနပ်အောင် လုပ်ပေးလိုက်"

အသံခပ်ပြတ်ပြတ်ဖြင့် အဆုံးအဖြတ်ပေးပြီး လှည့်ထွက်သွားသည်ကို တွေ့ရသည်။

ဒေါ်မိမိကြီးက ဘာမှ စောဒက မတက်ရဲစွာ ခေါင်းညိတ်ပြီး သူမကို လှည့်၍ ချွေကြည့်သည်။

သူမနဲ့သာ အကြည့်ချင်းဆုံလျှင် မျက်စောင်းတစ်ခု ပါလေမည်လား မသိ။





အလုပ်သမားများကို ညွှန်ကြားနေသော အသံစာစာကို ကြားရပြီးနောက် ခြံထဲ ပြန်ဝင်သွားလေသည်။

သူမအတွက်လည်း ကိစ္စပြီးပြီဖြစ်၍ မိမိခြံထဲ ပြန်ဝင်လာခဲ့လိုက်သည်။ တစ်ဖက်ခြံထဲမှ မထွက်ခင် ရေနံ့ဝနေသော ထိုအိမ်ကြီးဆီသို့ တစ်ချက် မော့ကြည့်လိုက်စဉ် ...

ပြတင်းပေါက်ရှည်ရှည် တစ်ခု၌ ရပ်ကြည့်နေသော အရိပ်တစ်ခု ... အဖြူဆွတ်ဆွတ် အင်္ကျီကို ဝတ်ထားသဖြင့် ထင်ရှားနေသော အသွင်နှင့် ကိုမိုးစက်ညို ...

သူမ ပြုံးပြလိုက်မိသည်။

သို့သော် ... လှမ်းလွန်းသဖြင့် သူ မြင်ရမည်မဟုတ်။

သူလည်း ပြုံးပြကောင်း ပြုံးပြနေပေလိမ့်မည်ဟု သူမ ထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဈေးမှအထွက် မှတ်မိနေသော အရိပ်တစ်ရိပ်ကို တွေ့ရ၍ ခေါ်သင့် မခေါ်သင့် စဉ်းစားစဉ် ...

သူမတို့ နှစ်ယောက်ကြား မည်သည့်ပြဿနာမှ မရှိခဲ့ဖူးသဖြင့် လိပ်ပြာသန့်စွာဖြင့် ခေါ်လိုက်မိသည်။

"ကိုမိုးစက်ညို"

ရှပ်အင်္ကျီအဖြူရောင်ကိုသာ အဝတ်များသော သူသည် ယခုလည်း ရှပ်အင်္ကျီအဖြူကိုပင် ခံ့ခံ့မင်မင် ဝတ်ဆင်ထားသည်။ ချည်ချောပုဆိုး အနီရင့်ရင့်နှင့် တွဲဖက်ဝတ်ထားသဖြင့် ဖြူသော အသားက ပို၍ ကြည်စင်နေသယောင်။

"ဟာ ... ဒင်ပယ်(လ်)"

သူကလည်း အံ့ဩစွာဖြင့် ...



"ဈေးလာတာလား"

ဈေးထဲ တွေ့ခြင်းဖြစ်၍ ဒီမေးခွန်းက အပိုဖြစ်ကောင်း ဖြစ်နိုင်သော်လည်း စကားဆက်ရန်အတွက် အကောင်းဆုံးစကားစပင် ဖြစ်သည်။

"ဟုတ်တယ် ... မေမေ့အတွက် ကျောက်စိမ်းပုတီး အပ်ထားတာ ရပြီလားလို့ လာမေးတာ ... ဒင်ပယ်(လ်)ရော"

"ကျောင်းဖွင့်တော့မှာမို့လို့ ဝယ်ချင်တာလေးတွေ လာဝယ်တာ"

သူမ လက်ထဲဝယ် Shopping အိတ်တစ်အိတ်ကိုင်ထားပြီး ထိုအိတ်ထဲတွင် အဝတ်အစားတချို့ ဝယ်၍ထည့်ထားသည်။

ဒူးဆစ်အောက်ရှိသော စကတ်အကျပ်နှင့် လည်ဟိုက်ကိုယ်ကျပ်အင်္ကျီကို ဝတ်ထားသော သူမအသွင်နှင့် သူ့အသွင်ကခြားနားစွာ။

"ဒင်ပယ်(လ်) တစ်ခုခု ကျွေးချင်တယ် ... လိုက်စားပါလား"

www.burmeseclassic.com

www.burmeseclassic.com



အခင်ဆုံး သူငယ်ချင်း ညို မရှိတော့သဖြင့် သူမ တစ်ယောက်တည်း ဖြစ်နေသည်။ အဖော်ခုံမင်သော သူမအတွက် တစ်ယောက်တည်း နေသားမကျသေး။

သူက သူမကို အားတုံ့အားနာ ကြည့်နေသဖြင့် ငြင်းတော့မည်ကို ကြိုသိလိုက်သည်။

သာမန်ငြင်းမည်ဟု ထင်ထားစဉ် သူ့နှုတ်ဆီက ...

"မသင့်တော်ဘူး ထင်တယ်"

သူမ နားနှင့်ဆတ်ဆတ် ကြားလိုက်ရသည်သာ မဟုတ်လျှင် ... ယုံမည်မဟုတ်။

ယခုတော့ ခပ်တည်တည် မျက်နှာထားတွင် နောက်ပြောင်ဟန် အလျှင်းမရှိ။ စိုးရွံ့ဟန်သာ တွေ့နေရသည်။

သူမကိုယ်သူမ မျက်နှာပူစွာ ခံစားလိုက်ရသော်လည်း ...

"ဘာဖြစ်လို့လဲ"

သူမ မေးခွန်းက ရဲတင်းသည် မှန်သော်လည်း မေးသင့်သည်ဟု ယူဆ၍ မေးလိုက်မိသည်။





သို့သော် ... သူက မဖြေ။ တစ်ခုခုကို ချိန်ဆဟန် ပြုပြီးမှ ...

"ကဲပါ ... လူရှင်းတဲ့ ဆိုင်တစ်ဆိုင်မှာ ခဏထိုင်တာပေါ့"

ကာကယ်တမ်း လူရှင်းသောဆိုင်ကို ရုံးပိတ်ရက်မျိုးတွင် အလွန်ရှားပေလိမ့်မည်။ ယခုလည်း လူအရှင်းဆုံးဆိုင်သည်ပင် ဝိုင်းအလွတ် သုံးလေးခုသာ ရှိနေသည်။

စိတ်ကျဉ်းကျပ်စွာ လိုက်ခဲ့ရဟန်တူသော သူ့ကို သူမ နားမလည်နိုင်။

"ဘာကို စိုးရွံ့နေတာလဲကွယ် ..."

ဆန်းဒွစ်(ရှ်)နှင့် လိမ္မော်ဖျော်ရည်ကို သူမ အကြိုက် သူကပင် ဦးဆောင်မှာကြားလိုက်ပြီး မှန်များကို ငေးနေစဉ် ...

"ခင်ဗယ်(လ်)တစ်ယောက်တည်း လာတာလား"

"အင်းလေ"

သူမအတွက် မဆန်းသော အခြေအနေမို့ ခပ်ပေါ့ပေါ့ပင် ဖြေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သူက သက်ပြင်းတစ်ခုကို လေးပင်ဖင့်နွဲ့စွာ ချလိုက်ပြီး ...

"တစ်ယောက်တည်း လာတာ ... ဒီလိုဝတ်စားလာရလား"

သူ့အသွင်က ကဲ့ရဲ့ရှုတ်ချခြင်း မပါသလို ပြစ်တင်ဟန်လည်း မကင်းပေ။ သို့သော် ... မလိုလားခြင်းကတော့ အပြည့်။

သူမ ဝတ်စားဆင်ပုံကို ဘွားဘွားရှိစဉ်က မကြာခဏ မြည်တွန် ဆူပူခဲ့ဖူးသော်လည်း ဘွားဘွား မရှိတော့သည့်နောက် ထိုအဝတ်အစားအတွက် သူမ စိတ်အနှောင့်အယှက် မဖြစ်ရတော့။

ဘွားဘွား ဆူစဉ်က စိတ်အနှောင့်အယှက်သာ ဖြစ်ခဲ့ရသော်လည်း ... ယခု အချိန်မှာတော့ ခြားနားနေသည်။

မျက်နှာတစ်ခုလုံး ထူပူနွေးမြသွားသလို သူ့ရဲ့ အကြည့်ကိုပင် စိုးရွံ့စွာ မခံယူရဲတော့ ...။

"ကျွန်တော် အစ်ကိုတစ်ယောက်လို သဘောထားလို့ ပြောတာနော်"



သူမ ဘာလို့ သူ့မျက်နှာကို ရဲရဲကြည့်ပြီး ခေါင်း မညိတ်ပြနိုင်ရတာလဲ။

ဘုရားရေ ... သူမ တော်တော် ရှက်ရွံ့နေပါလား။

အမျိုးသားတစ်ယောက်ရှေ့မှာ သူမ ပထမဆုံး အကြိမ် ရှက်ရခြင်းမျိုးပဲ။

သူမ တုန်လှုပ်စွာနှင့်ပင် ခေါင်းညိတ်ပြလိုက်မိသည်။

တတ်နိုင်လျှင် သူ့ရှေ့က ပြေးထွက်ပြီး သူမ အခန်းထဲတွင် နွေးပုစွာ ပုန်းခိုချင်နေသည်။

"ခေတ်ဆန်တာ ကောင်းပါတယ် ... ခေတ်လွန်တာတော့ မကောင်းဘူးပေါ့၊ အခုဆို ဒင်ပယ်(လ်)ကို လူတွေဝိုင်းကြည့်နေကြတာ မတွေ့ဘူးလား"

အသံခပ်အုပ်အုပ်ဖြင့် ပြောနေခြင်း ဖြစ်သော်လည်း သူမ နားထဲတွင်တော့ ကျယ်လောင်စွာ ...

"ဒင်ပယ်(လ်)လှလို့ ကြည့်တာပါလို့ ပြောချင်တယ် မဟုတ်လား ... အဲဒီအကြည့်ထဲမှာ တပ်မက်မှုပဲ ပါလိမ့်မယ် ... လေးစားမှု ပါမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူမ သိပ်နားမလည်သော်လည်း သဘောတွေ့ပေါက်ပါသည်။

"ဒင်ပယ်(လ်)က လှတာပဲကွယ် … ဒီလိုဝတ်မှ မဟုတ်ပါဘူး … လုံလုံခြုံခြုံနဲ့ ခေတ်မီမီ ဝတ်ရင်လည်း လှတာပါပဲ"

သူမ ခေါင်းညိတ်လိုက်စဉ် သူမ မျက်ဝန်းများ စိုစွတ်နေတာကို သတိထားမိလိုက်သည်။

ဟင့်အင်း … ဒါ ရှက်လို့လား … ဝမ်းနည်းလို့လား … သူမ ကြည်နူးနေတာပါနော် …

သူမတို့ရှေ့သို့ ဆင်းဒွစ် ရောက်လာပြီမို့ …

"စားလေ ဒင်ပယ်(လ်) … ကျွန်တော့် ပြောတာတွေကို နားလည်ရင် ပြီးစရာမပါပဲလေ … ခေါက်ဆွဲကော မစ်တာ့ခတော့ ဒင်ပယ်(လ်) ကိုယ်တိုင် ဆုံးဖြတ်နိုင်ပါတယ်"

ကြင်နာစွာဖြင့် သူမရှေ့သို့ မုန့်ပန်းကန်ကို တွန်းပေးရင်း ပြောသည်။



သူမ သူ့မျက်နှာကို ပြန်ကြည့်စဉ် … နူးညံ့နွေးထွေးစွာ နီမြန်းသော သူ့နှုတ်ခမ်းက သူ့စကားများအပေါ် ယုံကြည်ထာဝန်ယူစွာဖြင့် ပြုံးလျက် …။

◆❣◆

www.burmeseclassic.com



သူမ ဝယ်ထားခဲ့သော စကတ်အတိုများနှင့် ဘောင်းဘီအတိုများကို ကြည့်ပြီး နှမြောလှစွာဖြင့် မပစ်ပယ်ရက် ...။

လွတ်လပ်ပေါ့ပါးသည် ဟူသော အကြောင်းပြချက်ဖြင့် သူမ ခုံမင်စွာ ဝတ်ဆင်လာခဲ့သည်မှာ ကာလမနည်းလှတော့။

အလားတူပင် ခေတ်လွန်ဒီဇိုင်းများဖြင့် လှပထည်ဝါခဲ့သော သူမ အင်္ကျီများကိုလည်း နှမြောလှစွာ ...

လူတွေကြည့်ရှုံနဲ့ သူမ အသား ပွဲပါသွားတာမှ မဟုတ်တာဘဲ ဘာဖြစ်လဲ ...

မနာခံလိုသော စိတ်ကလေးက ရုတ်ခနဲ ထောင်ကြွလာစဉ် ... နွေးထွေးသော မျက်နှာတစ်ခုကို အားနာစွာဖြင့် အရင် မြင်ယောင်မိပြန်သည်။





ထိုအဝတ်အစား အားလုံးကို ခရီးဆောင်အိတ်တစ်ခု ထဲထည့်၍ ခုတင်အောက်တွင် ထည့်ထားလိုက်ခြင်းဖြင့် သူမရဲ့ စိတ်ကို ရှင်းလိုက်မိသည်။

သို့သော် ... ထိုလုပ်ရပ်အတွက် စိတ်ကမလုံပြန်။

သူစိမ်းယောကျ်ားတစ်ယောက် ... အထူးသဖြင့် ဘာမှ သက်ဆိုင်မှု မရှိသော ယောကျ်ားတစ်ယောက်၏ စကားကို နာခံလိုက်မိခြင်းအတွက် သူမ လိပ်ပြာ သူမ မလုံသလို ဖြစ်နေသည်။

နုထွေးနီမြန်းနေသော မျက်နှာကို မှန်ထဲမှာ မြင်ရစဉ် သူမ ရှက်ရွံ့စွာ ရယ်လိုက်မိသည်။

ဘာဖြစ်လဲနော့ ... သူမအပေါ် ဂရုတစိုက် ကြည့်ရှုဆေးသူရဲ့ စကားကို နာခံတာပဲ။

ဘာပဲဖြစ်ဖြစ် လုံချည်ကိုတော့ မဝတ်လိုလှသေး။ စကတ်ရှည်ရှည် ဖားဖားများကိုတော့ သူ တားမြစ်လိမ့်မည် မဟုတ်ပေ။

အလိုလေး ... ဒီလို နာခံနေရတာကို သူမ နွေးမြချမ်းမြေ့စွာ ကြည့်နူးနေပါလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရာပေါ် ပက်လက်လှဲချပြီး သူတောစိမ့်စိမ့်တွေး နေစဉ် စည်းရိုးကာနေသော နေရာဆီက ဆူညံသံသံ့သွဲ့ကို ကြားနေရသည်။

မနက်ခင်းတုန်းက ခေါင်းနဲ့ သယ်လာသော စကားက ခုမှ တမြည့်မြည့် နားကျင်စွာ …

"သူတို့သားနဲ့ ရင်းနှီးမှာစိုးလို့ အုတ်တံတိုင်းကာလိုက်တာ တဲ့ … သူတို့အိမ်က အိမ်ဖော် မထွေးက ပြောတာလေ၊ အဲ့ယ်လောက် ကိုယ်ချင်းစာတရား မရှိသူလဲလို့ … ပတ်သက်ချင်ရင် အုတ်တံတိုင်း မပြောနဲ့ သံဆူးကြိုးချာတောင် မလုံဘူးလို့ ခေါင်းကြီးနဲ့လည်း ပြန်ပြောခဲ့တယ်"

အင်းလေကွယ် … ဒီအုတ်တံတိုင်းလောက်နဲ့ သူမတို့ ခင်မင်ရင်းနှီးမှုကို တားဆီးလို့ ရမှာတဲ့လား …

♦ ♥ ♦





ကားပျက်နေသဖြင့် ကျောင်းသွားရန်အတွက် ကားလွှတ်ပေးရန် ဖေဖေ့ဆီ ဖုန်းဆက်လိုက်စဉ် ဖေဖေကိုယ်တိုင် လာ ဆိုင်သဖြင့် …

"ဖေဖေလား … ဒင်ပယ်(လ်)ပါ"

"သြော် … သမီး ဒင်ပယ်(လ်) … ပြောလေ"

"ဒင်ပယ်(လ်) ကားပျက်နေလို့ … ဒီနေ့ ကျောင်းမှာ ဝရှယ်ဗျာကယ် ရှိတယ် ဖေရဲ့"

"အင်းလေ … အဲဒါ ဘာဖြစ်လို့လဲ"

"ဟာ … ဖေဖေကလည်း … ဒင်ပယ်(လ်)ကို ကျောင်းပို့ ပေးဖို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမ နေသည်က အင်းစိန်ရှိ ဆိတ်ငြိမ်ရပ်ကွက်တစ်ခုတွင်ဖြစ်ပြီး ကားသွားသောလမ်းမဆီသို့ လမ်းအတော်လျှောက်ရလေသည်။ ထို့ကြောင့် ကားငှားလိုကလည်း ဆယ့်ငါးမိနစ်နီးပါး လမ်းလျှောက်ရမည်ဖြစ်ရာ သူမ ဒီလောက်များများ လမ်းမလျှောက်ချင်ပေ။ ထို့ကြောင့် ဖေဖေ့ဆီ ဖုန်းဆက်အကူအညီတောင်းလိုက်ခြင်းပင် ဖြစ်သည်။

"ဖေဖေလည်း သွားစရာရှိတယ် သမီးရဲ့"

"ဟာ ... သွားစရာရှိလည်း ဒင်ပယ့်(လ်)ကို အရင်ဝင်ပို့ပေးပြီးမှ သွားပေါ့"

သူမအတွက် ဆိုးနွဲ့စရာဆို၍ ဖေဖေနဲ့ မေမေသာ ရှိခဲ့သည်။ အခွင့်အရေး ရခဲ့သော်လည်း သူမဘက်ကတော့ အမြဲတမ်း မတောင်းဆိုပူဆာနေကျ။

"သမီးရယ် ... ကားငှားသွားလိုက်ပေါ့ ... ကျောင်းပိတ်ရက် ဖေဖေ သမီးဆီ လာခဲ့ပါ့မယ် ... သမီးက လိမ္မာပါတယ် ... ဖေဖေ အလုပ်ကိစ္စ ချိန်းထားတာ ... နောက်ကျတော့မယ်၊ ဒီတစ်ခါ ဖေဖေ့ကို ခွင့်လွှတ်နော် ... ဘိုင့်ဘိုင်"



အပြောချိုချိုဖြင့် ဖေဖေက သူမကို လျစ်လျူရှုခဲ့လေပြီ။ အမြဲတမ်း ဦးစားပေး မခံရသည့်အတွက် အကျင့်ပါနေသော သူမ စိတ်သည် ဒီတစ်ခါတော့ ဝမ်းနည်းလာသလိုပင်။

ဘာဖြစ်လို့ပါလိမ့် ... ကိုမိုးစက်ညို ကြောင့်လား။

ဖေဖေ မဟုတ်သည့် သူစိမ်းတစ်ယောက်ကို ဘာဖြစ်လို့ သူမ ဖေဖေနဲ့ ယှဉ်ချင်ရတာလဲ ...။

မေမေ့ကိုတော့ သူမ ပူဆာရန်မသင့်၊ မေမေ ကိုယ်တိုင်လည်း သူ့ယောက်ျားပို့ပေးမှ ကားသုံးရသဖြင့် သူမ လက်လျှော့လိုက်တော့သည်။

ကားငှားရန် လွယ်ကူသော လမ်းထိပ်သို့ လမ်းလျှောက်ရုံသာ ရှိတော့သည်။

ကျောပိုးအိတ်ကို ကောက်လွယ်ပြီး ကြိုးသိုင်းဖိနပ်အမြင့်ကို စီးပြီးချိန်မှ သူမ ခေါင်းထဲ အတွေးတစ်ခု ဝင်လာသဖြင့် သွက်လက်စွာပင် ဖုန်းနားပြန်ရောက်သွားသည်။

မှတ်ထားသော ဖုန်းနံပါတ်ကို အလွတ်ရနေသဖြင့် ဖုန်းခလုတ်များကို ကောက်နှိပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့လို ... အစ်မိန့်ရှိပါရှင်"

တစ်ဖက်က ကြည်လင်သော မိန်းမသံကို ကြားရသဖြင့်

"ကိုမိုးစက်ညိုနဲ့ စကားပြောချင်လို့ပါရှင်"

"ဟုတ်ကဲ့ ... ဘယ်သူလို့ ပြောပေးရမလဲရှင်"

ခက်ပြီ ...။ သူမ နာမည်အရင်းကို သူ မသိ။

ခင်ယယ်(ရ်)ဟု လွယ်လွယ် ပြောပြလိုက်လျှင်လည်း ထိုနာမည်ကို သူတို့ သိထားသဖြင့် ခေါ်ပေးကြမည် မဟုတ်။

"သူ့မိတ်ဆွေပါရှင်"

အလျင်အမြန် စဉ်းစားပြီး ရွေးချယ်ဖြေလိုက်စဉ် ...

"ဟုတ်ကဲ့ ... နာမည်လေး ပြောပါရှင်"

အဲလိုပြဿနာ ဖုန်းတစ်ခါ ခေါ်ပေးဖို့အရေး စစ်ဆေးနေလိုက်တာ

"ကျွန်မ ကိုမိုးစက်ညိုနဲ့ စကားပြောချင်လို့ပါ"

သူမှာ စိတ်တိုလာ၍ ခပ်ဆတ်ဆတ် ပြောလိုက်မိသည်။



"မိုးစက်ညို အပြင်သွားပါတယ် ... မရှိပါဘူးရှင်"

ဖြေပြီးသည်နှင့် ဖုန်းချသွားသဖြင့် သူမ ဘာမှ ဆက်လုပ်၍ မရတော့။

ဖုန်းပြောသည်ကအစ သေချာစိစစ်လှသော သူ့အိမ်တွင် သူ ဘယ်လိုပျော်မွေ့နေသည်လည်း မသိ။

ဝင်ခံစားရုံနှင့်ပင် မွန်းကျပ်ချင်စရာ။

ခေါ်ပေးမည် ဖြေပြီးမှ သူမ နာမည်မပြောပြသဖြင့် မခေါ်ကြတော့။

ခေါ်ကြီးနဲ့ ပြောသလိုပင် သူတို့ တူသားကို လုံအောင်တော့ ဖုံးဖုံးနေကြသည်ပင်။

မည်သည့်နည်းလမ်းမှ မရှိတော့ပြီဖြစ်၍ သူမ လမ်းလျှောက်၍ လမ်းထိပ်သို့ ထွက်လာခဲ့လိုက်တော့သည်။

ပိတ်ထားသော သူ့ခြံရှေ့မှအဖြတ် ခြံဝင်းထဲသို့ သူမ ငုံ့ကြည့်လိုက်စဉ် ခြံထဲတွင် အပင်ရေလောင်းနေသော ဒေါ်မိမိကြီးကို တွေ့လိုက်ရသည်။

www.burmeseclassic.com



ငယ်ငယ်က အတော်လှမည့် ထိုအမျိုးသမီးကြီးသည်လည်း စီဇာကြောင်သော စရိုက်များကြောင့် အိမ်ထောင်မကျခဲ့သည်ထင်။

♦ ♦ ♦





နေအနည်းငယ် ပူနေသော်လည်း ထီးဆောင်းလေ့ဆောင်းထ မရှိခြင်းကြောင့် ထိုနေပူကိုပင် ယှဉ်ပြိုင်၍ ဒီအတိုင်း လျှောက်နေလိုက်သည်။

လမ်းထိပ်ရောက်ခါနီး လမ်းတစ်ဝက်ကျော်ကျော်လောက်တွင်တော့ ...

"တီ ... တီ ... တီ"

ကားဟွန်းသံနှင့်အတူ သူမဘေးတွင် ယှဉ်ရပ်လိုက်သော ကားတစ်စီးကြောင့် ဘေးသို့ လှည့်ကြည့်လိုက်စဉ် ...

"ကိုမိုးစက်ညို"

စိုထိုင်းထိုင်း ဆံပင်ပုံစံနှင့် နီထွေးထွေး နှုတ်ခမ်းတစ်စုံ ...

"ဘာလုပ်နေတာလဲ ... တက်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... စီးပိုးပိုးနှင့် အမိန့်ပေးသံလေးကို သူမ နှစ်သက်ကျေနပ်စွာ နာခံပြီး ဖြစ်နေပါလား။

"ဒင်ပယ့်(လ်)ကို တွေ့လို့လားဟင်"

သူက သူမကို လှည့်မကြည့်ဘဲ ကားကို ဂရုတစိုက် မောင်းရင်း ...

"ကျွန်တော့်ဆီ ဖုန်းဆက်တယ် မဟုတ်လား"

သူမ ခပ်မြန်မြန် ခေါင်းညိတ်ရင်း ...

"ဟုတ်တယ် ... ဘယ်လိုသိလဲ"

သူက လမ်းထိပ်ရောက်ပြီဖြစ်၍ ကားကို ညာဘက်သို့ ချိုးကွေ့၍ လမ်းမပေါ် တက်လိုက်သည်။

"ဘယ်ကို ပို့ပေးရမှာလဲ"

"အရှေ့ပိုင်းတက္ကသိုလ်ကိုလေ"

သူမ နေရာနှင့် ဝေးသော ကျောင်းကို ပို့ပေးရမှာ ဖြစ်၍ အားတော့ နာသလိုပင်။ သို့သော် စောဒကမတက်ချင်တော့။ ငြိမ်သက်စွာဖြင့် သူ့ဘေးတွင် ထိုင်လိုက်လျက် ...။



"ကျွန်တော် ရေချိုးခန်းကအထွက် ကျွန်တော့်အခေါ် ဗျစ်တောက် ဗျစ်တောက် ပြောနေတာနဲ့"

"သူက ဘာပြောနေလို့လဲဟင်"

သူက အားနာသလို ငဲ့ကြည့်လိုက်သဖြင့် ...

"ရပါတယ် ... ဒင်ပယ်(လ်) စိတ်မဆိုးပါဘူး"

သူမ တကယ်ပင် ခံနိုင်ရည်ရှိနေသည်ထင်။

"ဘယ်က မိန်းကလေးလည်း မသိဘူးတဲ့ ... ယောကျ်ားလေးဆီ ဖုန်းခေါ်တာ ... ရိုးသားရင် နာမည်ပြောရမှာပေါ့တဲ့"

သူမ အောင့်သက်သက်နှင့် ပြုံးဖြစ်သွားသည်။

သို့သော် ... ဘာမှ မရှေ့ပမိ။

"ကျွန်တော်လည်း ဘယ်သူဖြစ်မလဲလို့ တွေးမိရင်း ပြတင်းပေါက်ကနေ လမ်းမဘက် ကြည့်လိုက်မိတော့ ဒင်ပယ်(လ်)ကို တွေ့တာနဲ့ ကမန်းကတန်း ထွက်လာတာ"

မြင်နေကျပုံစံ မဟုတ်သော စပို့ရှပ်လက်တိုနှင့် ဆံပင်စိုပို့ပို့ကြောင့် သူ့အသွင်က ခါတိုင်းထက် ပို၍နုနယ်ကြည်လင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်သွေ့ရန် တာစူနေသော ဆံပင်တိုကပ်ကပ်က သပ်ရပ်စွာ မဖြီးသင်ထားသဖြင့် နဖူးပေါ် ကပိုကရို ဝဲကျလျက် ...

သူမ အသင့်ယူလာသော ဘီးကို ထုတ်ပေးမိပြီး ...

"ခေါင်းဖြီးမလားဟင်"

"ဟင့်အင်း ... ရတယ်"

သူက မဆိုင်းမတွပင် ငြင်းဆန်လိုက်သဖြင့် ဘီးကိုင်လျက် သူမ ငြိမ်သက်သွားသည်။

သူမစိတ်ကိုက မြန်လွန်းတာပါလေ။ အလိုက်သိမှုဟာ တစ်ခါတလေ အလောတကြီး ထုတ်မသုံးသင့်ပါလား။

အနည်းငယ် ရင်းနှီးမှုကလွဲ၍ ဘာမှ သက်ဆိုင်ခြင်းမရှိသော သူစိမ်းယောကျ်ားတစ်ယောက်၏ ကားထဲတွင် သံသယမဲ့၊ အစိုးရိမ်မဲ့စွာ လိုက်ပါလာခဲ့သော သူမ စိတ်ထဲတွင် ဒါကိုပင် အရွေးထွေးဆုံး လုံခြုံမှုဟု ထင်မှတ်မိန်းမောလျက် ...။

♦ ♦



"ဒင်ပယ်(လ်)မှာ မြန်မာနာမည် မရှိဘူးလား ... ဆိုလိုတာက အမည်ရင်းမျိုးပေါ့"

သူမ နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိလိုက်ပြီး ...

"ရှိတာပေါ့ ... မေမြသော် ... တဲ့"

သူက နှုတ်ခမ်းတစ်ဖက်ကို ဖိကိုက်လိုက်ရင်း စဉ်းစားဟန် ပြုနေသည်။ ပြီးမှ ... သူမ အမည်ကို တစ်လုံးချင်း ရေရွတ်နေသည်။

"မေ ... မြ ... သော် ... မြန်မာဆန်မလိုလိုနဲ့ ဘိုဆန်သွားတဲ့ နာမည်ပဲ ... မေ တစ်လုံးတည်းဆို တည်ငြိမ်တယ် ... မြတစ်လုံးတည်းဆို ငြိမ်းချမ်းတယ် ... အဲ ... သော် ကျတော့ တစ်မျိုးဖြစ်သွားတယ် ... သော် ဆိုတဲ့ စာလုံးပါလာလို့ နာမည်က ဘို ဆန်သွားတာ ထင်တယ်"

www.burmeseclassic.com



သူများသာဆိုလျှင် သူမ မျက်စောင်းထိုးမိလောက်အောင် သူက အမည်ကိုပင် ခွဲခြမ်းစိတ်ဖြာနေသည်။

သူမကတော့ သူမနာမည်ကို တစ်ခါမှ အသေးစိတ်မခွဲခြမ်းဖူး ... မဝေဖန်ဖူး ...

"ဖေဖေ နာမည်က ဦးကြည်သော်ပဲဟာ"

"ကဲပါ ... ဘယ်လိုပဲ ဖြစ်ဖြစ်လေ ... ကျွန်တော်ကတော့ မေ ဆိုတဲ့ စာလုံးလေးကို ကြိုက်တယ်"

သူမ ကိုယ်တိုင်လည်း ထိုစာလုံးလေးကို နှစ်သက်ခဲ့သည်ပင်။ ငယ်ငယ်ကတည်းက နှုတ်ကျိုးနေ၍ ဒင်ပယ်(လ်)ဟုသာ ဆက်သုံးနေမိဆဲ ဖြစ်သည်။

"ဒါဆိုရင် ... ဒင်ပယ်(လ်)ကို မေလို့ပဲ ခေါ်ပေါ့ ... ဒင်ပယ်(လ်)လည်း ကိုမိုးစက်ညိုကို တစ်ခုခု ပြောင်းခေါ်မယ်လေ"

ရင်းနှီးမှုသည် အချိန်ကာလ၏ ဆုံးဖြတ်မှုတွင်မဟုတ်ဘဲ သူမတို့နှစ်ယောက်၏ ဆုံးဖြတ်မှုအောက်တွင် အလျင်မြန်ဆုံး ကြီးထွားနေသည်။



သူက သူမ စကားအဆုံး နူးညံ့စွာ ပြုံးပြီး ...

"ကောင်းသားပဲ ... ကဲ ... ဘယ်လိုခေါ်မှာလဲ"

သူမအတွက် အစ်ကိုကြီးတစ်ယောက်လို လုံခြုံမှုပေးနိုင်သူအဖြစ် ဦးစွာ သတ်မှတ်ခဲ့သည်မို့ ...

"ကိုကြီးလို့ ခေါ်မယ်လေ"

သူက ကားမောင်းရင်းနှင့် ခေါင်းကို ခါယမ်းသွားအောင် အားပါးတရ ရယ်ချလိုက်သည်။

သို့သော် ထိုရယ်သံထဲတွင် မနှစ်သက်ခြင်း အရိပ်အငွေ့ကို လုံးဝမတွေ့ရ ...။

မျက်နှာတစ်ခုလုံး နီမြန်းလုနီးပါးပင် ရယ်ပြီးမှ ...

"ကျွန်တော်တော့ ညီမဆိုးဆိုးတစ်ယောက်ကို မွေးစားလိုက်ရပြီ ထင်တယ်"

ညီမဆိုးဆိုး ... တဲ့ ... ဒီအဓိပ္ပာယ်က မကောင်းလှသမယ့် ရည်ရွယ်ချက်က ချစ်စနိုးခေါ်ခြင်း ဖြစ်နေ၍ သူမနားထဲ စိမ့်အေးစွာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒင်ပယ်(လ်) မဆိုးပါဘူး ... အခု ဒင်ပယ်(လ်) ကိုကြီး မဝတ်ခိုင်းတာတွေ မဝတ်တော့ဘူးလေ"

သူက သဘောတကျပင် ခေါင်းကိုလှန်၍ ရယ်နေသဖြင့် သူမပါ လိုက်၍ ရှက်စနိုး ရယ်နေလိုက်မိသည်။

ကြည့်စမ်း ... သူမတို့ နှစ်ယောက်လုံး အားလုံးကို မေ့လျော့စွာ လက်ရှိအခြေအနေလေးကို သာယာစွာ ဖမ်းဆုပ်ထားလိုက်ချင်သည်။

♦ ❦ ♦



သူမက ယုံကြည်အားကိုးစွာဖြင့် ကိုကြီး ဟု ခေါ်ခဲ့သလို သူကလည်း အလေးထား ခင်မင်စွာဖြင့် မေဟု ခေါ်ခဲ့ခြင်းသည် မည်သည့်မျှော်ကိုးမှုမျိုးမှ မပါဟု သူမ ဘက်ကတော့ လိပ်ပြာလုံလုံ ဝန်မခံရဲပေ။

သို့သော် ... အရုပ်တစ်ရုပ် ကောက်ရလိုက်သလို သူမ ကျေနပ်ကြည်နူးနေတာတော့ အမှန်ပင်။

ဘွားဘွားအတွက် နှစ်လည်ဆွမ်းကို သူမအဖေနဲ့ အတူ မနက်ပိုင်းတွင် အကျဉ်းရုံး စီစဉ်ပြီးနောက် သူမ အပေါ် အနွေးထွေးဆုံး လုံခြုံမှု ပေးခဲ့သည့် ဘွားဘွားအတွက် ရည်စူး လှူဒါန်းပေးချင်သော သီးသန့်ဆန္ဒဖြင့် ဘုရားတက်ရန် ကိုကြီးနဲ့ ဖုန်းဆက်ချိန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းဆက်ရင် ခင်လေးလို့ ပြော သိလား ... ခင်လေး ဆိုတာ ကိုကြီး အလုပ်ထဲက မိတ်ဆွေ ... တစ်အိမ်လုံးနဲ့ ရင်းနှီးတယ် ... ခင်လေး ဖုန်းဆို သူတို့ ခေါ်ပေးလိမ့်မယ်"

ကိုကြီး မှာထားခဲ့သော စကားအတိုင်း ကိုကြီး အိမ်သို့ ဖုန်းခေါ်လျှင် သူမ နာမည် ခင်လေး ဖြစ်သွားရသည်။

ချိုရှင်လိုက်လဲ့စွာဖြင့် ဖုန်းလာကိုင်သူနှင့် မာကြောင်း သာကြောင်း အရင်ပြောပြီးမှ ကိုကြီးနှင့် ဖုန်းပြောခွင့် ရလေသည်။

သူမရဲ့ စရိုက်အမှန်ဖြစ်သော ဂျစ်တစ်တစ် မာပြတ် ပြတ် ပုံစံကို ဖုန်းခွက်ထဲတွင် ကြိုးစားဖျောက်ရင်း အလိုက်သင့် ပြောပေးရသည်ကို ကြာတော့လည်း ပျော်စရာကောင်းသော ကစား နည်းတစ်ရပ်လို သဘောထားနိုင်လာခဲ့သည်။

"ဟဲလို ... ခင်လေး"

သူမ တစ်ဖက်က ကိုကြီး အသံ ကြားသည်နှင့် သဘောကျစွာ တခစ်ခစ် ရယ်လိုက်မိသည်။

"ကိုကြီး ... မေ ဘုရားသွားချင်လို့"

"ဘယ်တော့လဲ"



"ဒီညနေ"

ကိုကြီးဘက်က ခဏမျှ တိတ်သွားပြီး ...

"ကောင်းပြီလေ ... ဒါပေမယ့် ကိုကြီးပြောတဲ့ စကားကို နားထောင်မှ လိုက်ပေးမယ်"

ဟင် ... သူမ ခေါင်းညိတ်လွှယ်မှန်းသိ၍ တောင်းဆို နေပြန်ပြီ။

"ပြောကြည့်လေ"

ဒါပေမဲ့ သူမ ကိုယ်တိုင်က သူသွင်းတဲ့ မြောင်းလေး ထဲမှာ ငြိမ်ဝပ်စွာ စီးဆင်းနေချင်ပဲ ...

"မေ မြန်မာဆန်ဆန် ဝတ်လာရမယ်"

ဟင် ... သူမ တစ်ခါမျှ မကြိုးပမ်းဘူးသော အလုပ် တစ်ခုပင်။

"ဟာ ... ကိုကြီးကလည်း ... မေ တစ်ခါမှ အဲဒီလို မဝတ် ဖူးဘူး"

"ရတယ်လေ ... ကိုကြီးက ညနေ အလုပ်ကိစ္စရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြည့် ... အဲဒီလိုလည်း ညစ်ကျယ်ကျယ် နိုင်တတ်သူပင် ...

"ပြီးတော့ ... မေ့မှာ ထဘီ မရှိဘူး"

အမှန်တကယ် အခြေအနေကို ပြောခြင်းဖြစ်သော်လည်း လုံးဝယုံမည်မဟုတ် ဆိုတာကို သိနေသည်။

"ဘယ့်နှယ် ... ထဘီတောင် မရှိတဲ့ မိန်းကလေးနဲ့ ကိုကြီး မသွားချင်ပါဘူး"

နေပေါ့ ... ဟု သူမ ပြောပြီး စိတ်ဆိုး စိတ်ကောက်လိုက်ချင်သည်။ သို့သော် ... သူမ မလုပ်ရက် ... မလုပ်ရဲတာလည်း ဖြစ်နိုင်သည်။

"ဘုရားပေါ်ကို နိုင်ငံခြားသားကလွဲရင် ဘယ်မိန်းကလေး မဆို ထဘီဝတ်ပြီး လာသင့်တာပဲ ... အခု မေ့အသက် အစိတ် နီးနေပြီလေ ... ကလေးမှ မဟုတ်တာ"

ဆယ်တန်းကို သုံးနှစ် ဖြေလိုက်ခြင်းဖြင့် သူမ ယခုထိ ဘွဲ့မရသေးခြင်းပင် ဖြစ်သည်။ ဒါကိုပင် ကိုကြီးက တစ်ခါတလေ အပြစ်တစ်ခုနှယ် ထောက်ပြတတ်သေးသည်။



"အင်းပါ ... အင်းပါ ... မေ ဝတ်လာပါ့မယ် ... မလှရင်တော့ မတတ်နိုင်ဘူး ... ညနေ ငါးနာရီ မေ့ လမ်းထိပ်က စောင့်နေမယ်"

နောက်ဆုံးတော့ သူမကပင် လိုက်လျောရမည် မဟုတ်လား။

"မိမေက လိမ္မာသားပဲ"

ဖုန်းချခါနီး ခပ်တိုးတိုး ရီးမွှမ်းလိုက်သည်ကို ကြားရသဖြင့် သူမအတွက် လာမည့် ညနေခင်းကို ခပ်မြန်မြန်ပင် ကြုံတွေ့လိုက်ချင်သေးသည်။

♦❣♦

www.burmeseclassic.com

www.burmeseclassic.com



နာရီပိုင်းသာရှိသော ချိန်းဆိုမှုအတွက် သူမ အမြန်ဆုံး အကောင်အထည် ဖော်ရသော ကိစ္စသည် အဝတ်အစား ကိစ္စပင် ဖြစ်သည်။

အသင့်မရှိသော မြန်မာဝတ်စုံအတွက် သူမ အခက်တွေ့နေစဉ် သူမ ခေါင်းထဲသို့ သပ်ရပ်ကြော့ရှင်းသော ပုံရိပ်တစ်ခု ထင်လာသည်။

"မေမေ ... ဟုတ်သားပဲ ... မေမေ့မှာ မြန်မာဝတ်စုံတွေ အများကြီး ရှိသားပဲ ... မေ့နေလိုက်တာ"

သူမထက်ပို၍ ဖွံ့ထွားသော မေမေ့ ဝတ်စုံသည် သူမ ဝတ်နိုင်သော အနေအထားတွင်တော့ ရှိနေပေလိမ့်မည်။

ချက်ချင်း မေမေ့ဆီ ဖုန်းဆက်လက်စဉ် မေမေ့ အမျိုးသားက ဖုန်းကို လာကိုင်လေသည်။



"ဟဲလို ... ဦးလား ... ဒင်ပယ်(လ်) မေမေနဲ့ ပြောချင်လို့ပါ"

"ဩော် ... အေး ... အေး ... ခဏလေးနော်"

မေမေ့လက်ထဲ ဖုန်းရောက်သွားသည်နှင့် ...

"ဒင်ပယ်(လ်) ဘာကိစ္စရှိလို့လဲ"

"မေမေ့ဆီက အကူအညီ တောင်းစရာရှိလို့"

"ဘာလဲ ... ပိုက်ဆံလိုလို့လား"

ကျောင်းစရိတ်နဲ့ စားစရိတ်ကလွဲပြီး ဘာမှ အသုံးမကြီးသော သူမအတွက် ဘွားဘွား စီစဉ်ပေးခဲ့သော ဝင်ငွေနဲ့ လုံလောက်နေတာ မေမေ သိနေသားပဲ။

"မဟုတ်ပါဘူး မေမေရဲ့ ... အဝတ်အစား ငှားချင်လို့ပါ ... မြန်မာဝတ်စုံ လှလှလေး တစ်စုံလောက် သမီးကို ငှားပါလားဟင်"

မေမေ့ဆီက အံ့သြစွာ ရယ်လှက်သံကို ကြားရပြီး ...

"တစ်စုံပဲလား ... မေမေ့နဲ့ မတော်တာတွေ အများကြီးရှိတယ် ... သမီး ဝတ်ချင်ရင် မေမေ ပေးမှာပေါ့"

www.burmeseclassic.com



"အင်း ... ပိုနေရင်လည်း ပေးပေါ့ ... ဒါပေမယ့် ဒီနေ့ တစ်ရက်ပဲဝတ်မှာ မေမေရဲ့ ... ဒင်ပယ်(လ်) ထဘီ မဝတ်တတ်တာ မေမေလည်း သိသားပဲ"

မေမေ့ စိတ်ထဲမှာ ဘာကြောင့် သူ့သမီး အလျှင်အမြန် ပြောင်းလဲရတာလဲလို့ သံသယ ဖြစ်နေမလား ...

"ဒီနေ့ ဝတ်မှာ ဟုတ်လား ... ဒင်ပယ်(လ်)လာယူမှာလား"

"အင်းပေါ့ ... မေမေ အသင့်ထုပ်ထားပေးလေ ... သမီး အခု လာယူမယ်"

"အေး ... အေး ... ငါ့သမီးတော့ ဘာတွေ လုပ်ဦးမလဲ မသိဘူး"

ဘာပဲဖြစ်ဖြစ် ဒီနေ့ အားလုံး အစစအရာရာ အဆင်ပြေနေသဖြင့် ကျေနပ်စရာပင်။

မေမေ့ဆီက ရခဲ့သော မြန်မာဝတ်စုံများသည် အံ့သြစရာကောင်းစွာ သူမနဲ့ ကွက်တိဖြစ်နေသည်။

ဘွားဘွား ပြောခဲ့သလိုပင် ...



"မအေတူ သမီး ... ရုပ်ပဲတူပါ ... စိတ်ဓာတ်မတူပါနဲ့"

ဟူသော စကားကိုပင် သူမ ပြန်ကြားယောင်မိသွားက် ...

အဆင်မပြေသော ချွေးမနဲ့ ယောက္ခမအဖြစ် သူမအမေနှင့် အဘွားကြား ဘာတွေဖြစ်ခဲ့သည်လဲ ဆိုတာထက် ... အမေနဲ့ ဘာကြောင့် တူမှာကို စိုးရိမ်ခဲ့ရတာလဲ ဆိုတာကို သူမ သိချင်နေသည်။

ဒီတစ်ခါတော့ မအေတူသမီး ဖြစ်ရတာကို သူမ ကျေနပ်လျက် ဘွားဘွားအတွက် ရည်စူးသော အရှူတွင် ဘွားဘွား နှစ်သက်သောသူ၏ အဝတ်အစားကို ဝတ်သွားတာ ဘွားဘွားသာ သိခဲ့လျှင် ...

"ဒင်ပယ်(လ်)နဲ့ ဒီပုံစံလေး လိုက်တာပဲ ... ဘာဖြစ်လဲ ... နောက်ဆိုရင်လည်း ဝတ်ပေါ့"

မေမေ့ အမျိုးသားက အဝတ်အစား ဝတ်ကြည့်ပြီး ထွက်လာသော သူမကို ချီးမွမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ပြုံးရုံပြုံးပြလိုက်ပြီး စိတ်အိုက်လှသော ထိုဝတ်စုံကို ပြန်ချွတ်လဲလိုက်သည်။

အဝတ်အိတ် တစ်အိတ်နှင့် အပြည့်ပါလာသော အဝတ်အစားများကို သူမ မမက်မောတာကတော့ အမှန်ပင်။

♦ ♦ ♦





မီးခိုးရောင် ပါးပါးအပျော့သား အင်္ကျီနှင့် မီးခိုးပေါ်တွင် ပန်းနုရောင် ဖောက်ထားသော ချိတ်လုံချည်လေးကို ရွေးချယ်ဝတ်ဆင်လိုက်သည်။ နှုတ်ခမ်းနီကိုပါ ပန်းနုရောင် ဆိုးလိုက်သဖြင့် သူမ အသွင်က ပြေပြစ်နုနယ်စွာ ဆံပင်တိုတိုကိုတော့ ဖြီးလိမ်းနေ၍ လွတ်လပ်စွာ ချထားလိုက်သည်။

မှန်ထဲတွင် မြင်နေရသော သူမသည် နပျော့သော မီးခိုးသွေး ငှက်ကလေးပမာ နှုတ်ခမ်းတင်းတင်းစေ့ရုံနှင့် ပါးချိုင့်လေးက ချက်ဝင်သွားသည်။

"ဟယ် ... ဘယ်လိုဖြစ်တာလဲ ... ဒင်ပယ်(လ်)"

သူမ အခန်းထဲက ထွက်သည်နှင့် လိုက်ကာများကို လဲတပ်နေသော ဒေါ်ကြီးနွဲ့က အံ့သြစွာ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေ အပြောင်းအလဲလေးပေါ့"

"အို ... ကြည့်စမ်းပါဦး ... ဘယ်လောက် ကျက်သရေရှိ လိုက်သလဲလို့ ... ကြည့်ကောင်းလိုက်တာ"

ဒေါ်ကြီးနွဲ့က သူမကို လှည့်ပတ်ကြည့်ရင်း အထပ်ထပ် ချီးကျူးနေသည်။

"ဘယ်သွားမှာလဲ ... သမီးရဲ့"

"ဘုရားသွားမလို့ပါ"

ဒေါ်ကြီးနွဲ့နှင့် ဘွားဘွား ဆုံးပြီးမှ ဆုံရခြင်း ဖြစ်သော်လည်း ကလေးမရသော သူတို့လင်မယားအတွက် သူမက ကလေးပမာ ...

"တစ်ယောက်တည်းလား"

ဒေါ်ကြီးနွဲ့ကိုတော့ သူမ ဝန်ခံထားရုံနှင့် ဘာမှ ဝေဖန်မည် မဟုတ်တာ သိနေသဖြင့် ...

"ကိုမိုးစက်ညိုနဲ့ ချိန်းထားတယ်"

"သြော် ... ဒါကြောင့် ဒီပုံစံ ဖြစ်နေတာကိုး"



ပြုံးစစနှင့် ပြန်ပြောသဖြင့် သူမ ကျေနပ်ရှက်ရွံ့စွာ ရယ်ရင်း ထွက်လာခဲ့လိုက်သည်။

ဒီလိုအချုပ်အချယ်ကင်းသော အနေအထားက ဘယ်လောက် လွတ်လပ်လိုက်သလဲလို့နော် ...

တကယ့်ကို ငှက်ကလေး တစ်ကောင်နှယ် လွတ်လပ်ပေါ့ပါးစွာ တားဆီးမယ့်သူ မရှိ၊ ဝေဖန်ကဲ့ရဲ့မယ့်သူ မရှိ၊ အကြံပေး ဆရာလုပ်မည့်သူ မရှိ။ ဒီခြေလှမ်းအားလုံးအတွက် သူမ လွတ်လပ်စွာ ဘယ်လောက်ပျံသန်းနိုင်မှာပါလိမ့်။

သူမ ကားရပ်ပြီး သိပ်မကြာခင်ပင် ကိုကြီး ကားကလေး ရောက်လာသည်။

ကိုကြီးက တစ်ဝက်တစ်ပျက်သာ မြင်ရသေးသော သူမ ပုံစံကိုကြည့်၍ ပြုံးပြီး ခေါင်းညိတ်သည်။ အမှတ်အပြည့်ပေးရန် စေးနှဲသော ဆရာတစ်ယောက်၏ အသွင်နှင့်ပင် တူနေသေးသည်။

"မေ့ အရှေ့ကသွားလေ"

www.burmeseclassic.com

www.burmeseclassic.com



ကားချင်းယှဉ်သည်နှင့် ကိုကြီးက ကပ်ပြောသဖြင့် သူမကားလေးက ကိုကြီး ကားကို ဦးဆောင်၍ ပြေပြစ်သော လမ်းပေါ်တွင် ငြိမ့်လေးစွာ ...။

♦❣♦





သူမ ကားပေါ်က ဆင်းသည်နှင့် ကိုကြီးဆီက မြိုးတုံ့တုံ့ ရယ်သံတစ်ခုကို ကြားလိုက်ရသည်။

ရင့်ကျက်တည်ငြိမ်သော အကြည့်များကိုပင် သူမ ရင်မဆိုင်ရဲစွာ ...

သွားစမ်းကွယ် ... သူမရဲ့ ရဲရင့်ပွင့်လင်းတဲ့ဟန်တွေ ဘယ်ရောက်နေတာလဲ ... ပြန်လာစမ်းပါ။

ရှက်နေတာလား ... ကြည်နူးနေတာလား ... ဝေခွဲ မရစွာဖြင့် သူမ အမူအရာများက အယောင်ယောင် အမှားမှား ဖြစ်နေသည်။

"ဟိတ် ... ဖိနပ်ထားခဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက ကားထဲမှာ ဖိနပ်ထားခဲ့ဖို့ သတိပေးမှ သူမ ခြေထောက်တွင် စီးထားလျက်ရှိသော ဖိနပ်ကို ချွတ်ခဲ့ဖို့ သတိရလိုက်သည်။

"ကြည့်စမ်းပါဦး ... ဒီပုံစံနဲ့ မေနဲ့ လိုက်တယ်"

ကိုကြီး မျက်နှာကို သူမ မော့မကြည့်ရဲ ... နွေး ထွေးသော လေသံကိုသာ သူမ နားထောင်လျက် ...

ခါးတွင် တင်းကျပ်စွာ လိမ်ထိုးထားရသဖြင့် ကိုယ် နှင့်အတိ ဖြစ်နေသော အင်္ကျီကြောင့် နေရတာ သက်သက်သာ သာ မရှိလှ။

ချိတ်လုံချည်ဖြစ်၍ လမ်းလျှောက်တိုင်း ခပ်တောင့် တောင့် အထိအတွေ့က ခြေကျင်းဝတ်ကို ပွတ်တိုက်လျက် ...

"မေ ... နေရ ခက်နေတယ် ကိုကြီးရဲ့"

သူမရဲ့ ကိုးရိုးကားရား ဖြစ်နေပုံကိုပင် ကိုကြီးက သဘောတကျ ဖြစ်နေသေးသည်။

"ကြာရင် အကျင့်ဖြစ်သွားမှာပေါ့ မေရဲ့"





ဘာပဲဖြစ်ဖြစ် သူမနဲ့ မျက်နှာချင်းဆိုင် လာသူများ ရဲ့ လည်ပြန်ငေးမောမှုကိုတော့ သူမ ရရှိနေသည်။

အင်္ကျီအဖြူနှင့် ယောပုဆိုး အနက်ရောင်ကို ဝတ် ထားသော ကိုကြီး အသွင်ကလည်း သပ်ရပ်ထင်လင်းလျက် ...

"ဒီနေ့ ... မေ့ကို ကိုကြီး ညစာလိုက်ကျွေးမယ် ... ကိုကြီး စကား နားထောင်တဲ့အတွက် ဆုချမှာ ... ဘယ်လိုလဲ"

သူမရဲ့ နာခံလိုသော စိတ်ကို တွန်းအားပေးတတ် သော ကိုကြီးရဲ့ အတတ်ပညာကို သူမ ဘယ်တွန်းလှန်နိုင်ပါ့မလဲ။

"အင်း ... ဒါပေမယ့် ဒီပုံစံနဲ့ပဲ သွားရမှာလား ... အဝတ် အစား ပြန်လဲဦးမယ်လေ"

"မရဘူး ... ဒီပုံစံနဲ့ပဲ လိုက်ရမယ် ... ကိုကြီးက ကိုကြီးရဲ့ ညီမလေး ဘယ်လောက်လှလဲဆိုတာ ကြွားချင်နေတာ"

သူမရဲ့ ပုံစံကို သူမကလွဲ၍ ဂုဏ်ယူဝင့်ကြွားချင်နေ သူသည် ကိုကြီး ဖြစ်နေသည်။

ရင်ထဲ ငြိမ့်ငြိမ့်နွေးနွေးနှင့် မနေတတ်အောင် စကား ကြွယ်သူလည်း ကိုကြီး ဖြစ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်ရင် ဒီညနေခင်းကိုဖြင့် သူမ ဖမ်းဆုပ်သိမ်း ထားလိုက်ချင်သည်။

ဒါပေမယ့် ဒီညနေခင်းလေးမှာ အဖြူရောင် တစ်ခု တည်း ရှိနေတယ်လို့တော့ သူမ ဝန်မခံရဲ ...။





မြန်မာထမင်းဟင်းများကိုသာ သီးသန့်ရောင်းသော ဆိတ်ငြိမ်သည့် ခြံကြီးထဲရှိ စားသောက်ဆိုင်တစ်ခုသို့ ကိုကြီးက ပင် ဦးဆောင်ခေါ်သွားခဲ့သည်။

"ကိုကြီး ညီသည်တွေကို ခေါ်သွားနေကျ ဆိုင်လေ"

ခြံကျယ်ကြီးထဲရှိ မြက်ခင်းပေါ်တွင် ခင်းကျင်းထား ခြင်းဖြစ်ပြီး တစ်ဝိုင်းနှင့် တစ်ဝိုင်း ကွာလွန်းသဖြင့် စကားအေး အေးဆေးဆေး ပြောနိုင်သော ဆိုင်လည်းဖြစ်သည်။

"ဘယ်လိုလဲ ... ကြိုက်ရဲ့လား"

မြက်ခင်းပြင်ပေါ် ဖြတ်လျှောက်ရင်း ငုံ့မေးလိုက် ခြင်းဖြစ်၍ ကိုကြီးရဲ့ နှုတ်ခမ်းများမှ ပူနွေးသောလေက သူမ မျက်နှာပေါ် ဖြတ်ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး"

ဝိုင်းတစ်ဝိုင်းစ၊ နှစ်ဝိုင်းစသာ လူရှိနေသေးသဖြင့် မြကြီးက ပို၍ သွေ့ခြောက်နေသလိုပင်။

သို့သော် ... မွှေးကြိုင်သော ဟင်းနံ့များကတော့ ငြိမ်သက်ခြင်းမရှိ၊ ဆာလောင်ခြင်းကို ဆွဲဆောင်နေသည်။

"ဘာဆုံးဆောင်မလဲရှင်"

စကားဝါဖျော့ဖျော့ အင်္ကျီလက်ရှည်နှင့် ချိတ်လုံချည်ကို သပ်ရပ်စွာ ဝတ်ထားသည့် မိန်းကလေးတစ်ဦးက ပျူငှာချိုသာစွာ လာမေးစဉ် ကိုကြီးက Menu ကတ်ကို သူမလက်ထဲ ထည့်ပေးသည်။

"ကဲ ... မေ ကြိုက်တာမှာ"

ဘွားဘွား ရှိစဉ်က ဖွယ်ဖွယ်ရာရာ မငြီးမငွေ့ စီစဉ်ချက်ပြုတ်ပေးခဲ့သော်လည်း ဒေါ်ကြီးနှဲ့ကိုမှ ဘွားဘွားလောက် မပူဆာဖြစ်ခဲ့ ...

"အင်း ... ငါးရှဉ့်မီးကင်သုပ်၊ မျှစ်ချဉ်နဲ့ ဝက်သားဟင်း၊ မြင်းခွာရွက်သုပ်၊ ပုစွန်ထုပ်ဆီပြန် ... ဒါပဲ"





သူမ စိတ်ကြိုက်မှာပြီး ကိုကြီးကို လှမ်းကြည့်လိုက်သည်။ သူမကို ငေး၍ ပြုံးကြည့်နေသော အကြည့်နွေးနွေးများ ...

ကမန်းကတန်း မျက်လွှာချပစ်လိုက်ပြီးမှ ရင်မဆိုင်ရဲသော သူမကိုယ်သူမ အပြစ်တင်လိုက်မိသည်။

ဘာဖြစ်လဲကွယ် ... ဒီအကြည့်လောက်နဲ့ သူမ တုန်လှုပ်နေတာ ကိုကြီးကို ပေးမသိချင်ပါဘူး ...။

BURMESE CLASSIC .com

အယောင်ယောင် အမှားမှားနှင့် ရေတစ်ခွက်ကို ကုန်အောင်သောက်လိုက်မိသဖြင့် ...

"ဟိတ် ... ကောင်မလေး ... ထမင်းမစားနိုင်ဘဲ နေဦးမယ် ... ရေ ဘာဖြစ်လို့ အများကြီး သောက်ရတာလဲ"

သူပဲ ဂရုတစိုက် နိုင်လွန်းလိုက်တာ ...

ရှုံ့မဲ့ပြီး အလိုမကျဟန်ဆောင်၍ ဖန်ခွက်လေးကို ပြန်ချလိုက်စဉ် ကိုကြီး နောက်ကျောဆီမှ ဝင်လာသော လူနှစ်ယောက် ...

သူမတို့အေးရှိဝိုင်း(ကိုကြီးရဲ့ နောက်ကျောရှိဝိုင်း)တွင် ဝင်ထိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ပေါ်တွင် အဖြူရောင် ပုလဲလုံးလေးများ ဖောက်ထားသည့် အင်္ကျီနှင့် ဖဲထဘီ ပြောင်ကို ဝတ်ထားသော အမျိုးသမီးကြီးက တိုက်တိုက်ဆိုင်ဆိုင် သူမနဲ့ မျက်နှာချင်းဆိုင် ထိုင်မိလျက်သား ဖြစ်သွားသည်။

မေမေ့ ဘေးတွင် မေမေ့ အမျိုးသား မဟုတ်သော လူတစ်ယောက် ...

သိပ်ရင်းနှီးကြသည်ဟူသော ခေါင်းစဉ်တပ်၍ မရသည့် အနေအထားမျိုး ဖြစ်သော်လည်း သူမ စိတ်ထဲ ကသိကအောက် ဖြစ်သွားတာကတော့ အမှန်ပင်။

ခပ်ငွေ့ငွေ့သာ နွေးနေသော ထမင်းနှင့်ဟင်းများ ရောက်လာချိန်တွင် ...

"ကဲ ... စားကြရအောင်"

စတီးဇလုံငယ်ထဲတွင် ရေနှင့်စိမ်ထားသော နှမ်းနှင့် ခက်ရင်းအား Tissues ဖြင့် သန့်စင်စွာ သုတ်ပေးရင်း ကိုကြီးက လှမ်းပြောသည်။





မေမေ့ကိုလည်း ဟိုလူကြီးက ဒီလိုပဲ လုပ်ပေးနေပါလား ...

နှမ်းနှင့်ခက်ရင်းကို လှမ်းယူလိုက်သော်လည်း သူမ စိတ်များက သူမတို့ ထမင်းဝိုင်းထက် မေမေတို့ ဝိုင်းဆီသာ ရောက်နေသည်။

မေမေ သူမကို မြင်နိုင်ကောင်းပါလျက် အခုထိ မမြင်နိုင်သေးသည်မှာ မေမေရဲ့ စိတ်သည် ထိုထမင်းဝိုင်းလေးတွင်သာ နစ်မြုပ်နေခြင်းကြောင့်ပင် ဖြစ်ပေလိမ့်မည်။

"ကိုကြီး ... မေ ဟိုဘက်မှာ အသိတစ်ယောက်တွေ့လို့ သွားနှုတ်ဆက်လိုက်ဦးမယ်"

ဘာဖြစ်လို့ သူမအမေပါဟု မပြောဖြစ်ခဲ့ခြင်းကိုတော့ သူမ မဖြေရှင်းချင်တော့။

"သွားလေ ... ကိုကြီး လိုက်ပေးရဦးမလား"

"ဟင့်အင်း ... ကိုကြီး ဒီမှာပဲ စောင့်နေခဲ့ပါ"

သူမနဲ့ အကြိုက်ချင်းတူသော မေမေ့ ထမင်းဝိုင်းတွင်လည်း မှျစ်ချဉ်နှင့် ဝက်သားဟင်းခွက်ကို ခပ်လှမ်းလှမ်းမှပင်



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရပြီး ဘွားဘွား ပြောခဲ့ဖူးသော စကားအချို့ကို ပြန်ကြား ယောင်မိလိုက်သည်။

"ရုပ်သာတူပါ ... စိတ်တော့ မတူစမ်းပါနဲ့"ဟူသော စကားရဲ့ အဓိပ္ပာယ်ကို နားလည်ချင်သလိုလို ဖြစ်လာသည်။

မတွေးစကောင်းသော အတွေးဖြစ်၍ မောင်းထုတ် ပစ်လိုက်သော်လည်း အတွေးထူးသည် အရာလေးမျှတော့ ကျန်ခဲ့ သည်ပင်။

သူမ မေမေ့ အနား ရောက်သွားတော့မှ မေမေက မော့ကြည့်လေသည်။

နီညိုသွေးကျကျ ဆိုးထားသော မေမေ့ နှုတ်ခမ်းသည် အံ့သြမှုဖြင့် ဝိုင်းဟသွားမည်ဟု ထင်ခဲ့သော်လည်း မေမေက မအံ့သြ သွားခဲ့ပေ။

မလုံမလဲ ပြုံးလိမ့်မည်ဟုလည်း တွေးထင်ခဲ့မိလေ သည်။

သို့သော် ... မေမေက ပြည့်ဝရဲရင့်သော အပြုံးကိုသာ ပြုံးခဲ့လေသည်။





"ဒင်ပယ်(လ်) ထမင်းလာစားတာလား ... တစ်ယောက် တည်းလား"

လိုက်လှဲမှု အပြည့်ဖြင့် သူမကို တွေ့သည်နှင့် ဆီး ပြောလေသည်။

"သူငယ်ချင်း တစ်ယောက်နဲ့ပါ မေမေ ... ဦးရော"

မေမေ့ အမျိုးသားမဟုတ်သည့် သူစိမ်းလူကြီးတစ် ယောက်နှင့် ထမင်းထွက်စားတာ ဦး သိရဲ့လား ...

"ခေါင်းကိုက်နေလို့တဲ့ ... ကျန်ခဲ့တယ်လေ ... ဪ ... ဦးယုကြည် ... ဒါ ကျွန်မသမီးလေ ... မေမြသော် တဲ့"

မေမေက သူ့မိတ်ဆွေနဲ့သာ မိတ်ဆက်ပေးသော် လည်း သူမ မိတ်ဆွေအကြောင်းကိုတော့ စိတ်ဝင်စားပုံမပေါ် ...

"ဦးယုကြည် ပစ္စည်းတွေ မေမေရောင်းပေးတာ စွံသွားလို့ ထမင်း လိုက်ကျွေးတာလေ ... သမီးတို့ဝိုင်းလည်း မေမေ ရှင်းပေးခဲ့မယ်"

"ကျေးဇူးပဲ မေမေ ... ရပါတယ် ... သမီး မိတ်ဆွေကလည်း တကူးတက လာကျွေးတာမို့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခြော် ... အေး အေး ... ဒါဆိုလည်း ပြီးရော ... သွားလေ ... ဟိုမှာ သမီးမိတ်ဆွေ ပျင်းနေမှာပေါ့ ... နောက်မှ မေမေ ဖုန်းဆက်လိုက်မယ်လေ"

သူမကို ယဉ်ကျေးစွာ နှင်လွှတ်နေသည်မို့ သူမ နှုတ်ဆက်ခေါင်းညိတ်ပြီး ပြန်လာခဲ့လိုက်သည်။

ကိုကြီးက ပြုံး၍ ဆီးကြိုသော်လည်း သူမ ရင်ထဲ သိမ့်သိမ့် မမွေ့မြူမိတော့။

"ဒါ မေ့ မေမေပါ"လို့ မိတ်မဆက်ပေးရဲသည့် သူမကိုယ်သူမ ဒေါသဖြစ်ရမည်လား ...

"သမီးမိတ်ဆွေနဲ့ မေမေ့ကို မိတ်ဆက်ပေးပါ"လို့ မတောင်းဆိုခဲ့တဲ့ မေမေ့ အပေါ် နာကြည်းရမှာလား ...

သူမ လည်ချောင်းထဲက အရသာ အားလုံးသည် ခါးသက်စွာ ... ညနေသည် ပို၍ ရီမှိုင်း ညိုညစ်နေသည်။

◆❣◆





တ်

"ဒင်ပယ်(လ်) ... မေမေပါ"

ညဆယ့်တစ်နာရီ ထိုးခါနီးတွင် မေမေ့ဆီက မထင်မှတ်ဘဲ ဖုန်းခေါ်လာသည်။

"ဟုတ်ကဲ့ ... ပြောပါ မေမေ"

သူမ စိတ်ထဲတွင် လုံးဝမရှင်းသေးသဖြင့် အသံက ပါ မချောမွေ့တော့ ...

"ညနေက ဒင်ပယ်(လ်)ရဲ့ ပုံစံကို မေမေ မကြိုက်လို့ ဖုန်းဆက်လိုက်တာ"

မေမေ့ ပုံစံကိုရော ဒင်ပယ်(လ်) ကြိုက်လိမ့်မယ်လို့ မေမေ ထင်နေသလား ...

သို့သော် ... သူမမှာ ပြန်ပြောပိုင်ခွင့် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဓာဒက တက်ပိုင်ခွင့်တော့ ရှိသည်ထင်။

"ဘာကိုလဲ မေမေ"

"မေမေ့ကို ကြည့်တဲ့အကြည့် ... နောက် ဦးယုကြည်ကို ကြည့်တဲ့အကြည့် ... နောက် သမီးရဲ့ မိတ်ဆွေကို ကြည့်တဲ့အကြည့်"

ဘုရားရေ ... မေမေ ခွဲခြားထားတဲ့ အကြည့်တွေက များလှချည်လား ...

မြင်လွှာနှစ်ခုကနေ သူမ ဘယ်လောက်များများ ပြောင်းလဲကြည့်မိသွားပါလိမ့်။

"ဘာတွေ ဖြစ်နေလို့လဲ မေမေ"

သူမ မဲ့ကမ်မရှည်စွာဖြင့် အသံက နည်းနည်းကျယ်သွားသည်။

"ဦးယုကြည်က မေမေရဲ့ လုပ်ဖော်ကိုင်ဖက် ... ကိုမျိုးလည်း ဦးယုကြည်နဲ့ သိတယ် ... ကိုမျိုး နေမကောင်းလို့ မေမေ တစ်ယောက်တည်း လိုက်လာတာ ... သမီးကြည့်တဲ့ အကြည့်ထဲမှာ မနှစ်မြို့စရာတွေ ပါနေလို့ ... သမီးကို မေမေ ဖြေ



ရှင်းပြနေတာ မဟုတ်ဘူး ... ဒါပေမယ့် ... သမီး ကြည့်တဲ့အကြည့်တွေကိုတော့ မေမေ မကြိုက်ဘူး"

ဟုတ်ပြီ ... ဒါကိုတော့ သူမ ဝန်ခံရဲပါတယ် ...

မေမေ မကြိုက်တာတော့ ဘာတတ်နိုင်ပါ့မလဲ ...

"သမီး မိတ်ဆွေကို ကြည့်တဲ့ အကြည့် ဆိုတာကိုရော"

မေမေ့ရဲ့ သူမအပေါ် သတ်မှတ်ချက်ကိုတော့ ကြားချင်နေသေးသည်။

"အင်း ... သူ ... သမီးရဲ့ ချစ်သူလား"

သူမကို မေမေ အထင်ကြီးလိုက်ပါဘိတော့ ...

"မဟုတ်ဘူး မေမေ"

"မဟုတ်သေးတာလား"

မေမေက စကားပြောရာတွင် ကျွမ်းကျင်လွန်းသူပင်။

"သမီး မပြောတတ်ဘူး မေမေ"

မေမေ့ရဲ့ ခပ်ညင်းညင်းပျောင်းပျောင်း ရယ်သံကို ဖုန်းထဲမှ ကြားလိုက်ရသည်။

www.burmeseclassic.com



"သူ့ကိုကြည့်တဲ့ သမီးရဲ့ အကြည့်တွေက မရိုးသားဘူးနော် ... ဒါဆိုရင်ရော ... သမီး ငြင်းဦးမလား"

မျက်ဝန်းကတစ်ဆင့် ရင်ထဲအထိ ထိုးဖောက်ဝင်ရောက် ကြည့်ရှုတတ်တဲ့ မေမေ့ရဲ့ အတတ်ပညာကို သူမ ဘယ်လိုငြင်းဆန်ရပါ့ ...

"သမီး သူ့ကို ခင်တယ် မေမေ"

အနှစ် နှစ်ဆယ်နီးပါး အနီးကပ် နေထိုင်ပြုစုခြင်း မရှိခဲ့တဲ့ အမေတစ်ယောက်က သူမ ရင်ထဲက အဖြေကို နားလည် ပေးနိုင်ပါ့မလား ...

"အင်းလေ . သမီးလည်း အရွယ်ရောက်နေပြီပဲ ... မေမေ မချုပ်ချယ်ချင်ပါဘူး ... ဒါပေမယ့် ကိုယ့်ဘက်က ပိုင်ရှလုပ်နော်"

အပိုင် ဆိုတာ ... ဘယ်လိုအဓိပ္ပာယ်လဲလို့ သူမ မေးမိဖို့ ကောင်းသည်။ သို့သော် သူမ နားလည်သလောက်နဲ့ပဲ ထားလိုက်ချင်သည်မို့ မမေးဖြစ်တော့။





သူ ဘယ်ကလဲ၊ ဘာလုပ်လဲ၊ ဘယ်မှာနေလဲ၊ ဘယ်သူ့သားသမီးလဲလို့ မေမေ မမေးခဲ့တာကိုပင် ရင်ထဲ တစ်ခုခု လိုနေသလိုလို ...

"ဒါဆို မေမေ ဖုန်းချလိုက်တော့မယ်နော် ... သမီးမောင်လေး နည်းနည်း ကိုယ်ပူနေလို့ ဆေးတိုက်ပြီး သိပ်ထားရတယ်"

"ဟုတ်ကဲ့ မေမေ"

တစ်ဖက်က ဖုန်းချသွားတော့မှ သူမ အိပ်ရာဝင်ခဲ့သည်။ မျက်လုံးနှစ်လုံးကို ညောင်းရီစွာ အသာမှေးမှိတ်လိုက်စဉ် နွေးမြသော အကြည့်တစ်စုံကို မြင်ယောင်လာသည်။

မေမေ ပြောသလိုပင် သူမ အကြည့်တွေထဲမှာ အရောင်တွေ စွန်းထင်နေပြီလား ...။ အဲဒီ အရောင်တွေကို သူမ သိဂှက်တတ်ရင် သိပ်ကောင်းမှာပဲကွယ်။

◆❤◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

အိမ်ရောက်သည်နှင့် ဆုံးဖြတ်ချက်တစ်ခု ချမိလိုက်ပြီး၊ ထိုဆုံးဖြတ်ချက်အတွက် စိတ်မကောင်းသလို ဖြစ်မိသွားသည်။

ဒီကောင်မလေးအပေါ် ဖြူစင်သော သံယောဇဉ်မှလွဲ၍ ဘာမှမရှိတာ သေချာနေသော်လည်း ကောင်မလေး မျက်ဝန်းထဲတွင်တော့ နွယ်ယှက်နေသော အရိပ်တချို့ကို တွေ့နေရလေပြီ။

သက်ပြင်းပွင့် တစ်ချက်ကို မှုတ်ထုတ်လိုက်သော်လည်း သူ့ရင်ထဲ ရှင်းမသွားပေ။

သူကိုယ်တိုင် ချည်ထားမိသောကြိုးကို ရုတ်ခနဲဖြတ်ရတော့ ခက်ပေလိမ့်မပေါ့ ...။





"ဦး ပြောင်းသွားပြီးရင် ဦးသမီးလေး ဒီခြံထဲ ရောက်လာလိမ့်မယ် ... ဒီခြံရဲ့ တစ်ဦးတည်းသော ပိုင်ရှင်အဖြစ်နဲ့ပေါ့၊ သိပ်ဆိုးတယ်လို့ ပြောလို့မရသလို၊ လိမ္မာတယ်လို့လည်း ပြောလို့မရဘူး ... ဘွားအေနဲ့ပဲ အနေကြာတော့ ဆိုးချင်နေတာပေါ့ ... မောင်မိုးစက်ညိုက ညီမလေးလို ဂရုစိုက်ပြီး ထိန်းသိမ်းပေးပါ ... ဦးကတော့ အလုပ်တစ်ဖက်နဲ့ သမီးကို မကြည့်နိုင်ဘူး ... ခေါ်ထားရအောင်လည်း ထက်ထက်နဲ့ တည့်မှာ မဟုတ်ဘူးလေ ... သူကလည်း ဘယ်သူနဲ့မှ မနေချင်ဘူးတဲ့လေ"

ဒီကိစ္စကို ဘာဖြစ်လို့များ သူ့ဘက်က အလေးအနက်ထားပြီး ဆောင်ရွက်ပေးမိပါလိမ့်။

ဦးကြည်သော်နှင့် ရင်းနှီးသည်ကိုပင် သူ့အိမ်က မကြိုက်လှ။

သို့သော် ဗဟုသုတစုံ၍ အတွေးအခေါ်ကောင်းသော ဦးကြည်သော်ကို သူ အလွန်ခင်မင် ရင်းနှီးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမြသော်ကို မိတ်ဆွေတစ်ယောက်၏ သမီးအနေဖြင့် အရေးပေး စောင့်ရှောက်ခဲ့တာပါလို့ ယတိပြတ် မပြောနိုင်ပေမယ့် ထိုအချက်က အဓိက ဖြစ်နေသည်။

"ကလင် ... ကလင် ... ကလင်"

ဖုန်းမြည်လာသဖြင့် ဖုန်းနဲ့ အနီးဆုံးထိုင်နေသော သူကပင် ဖုန်းကိုင်လိုက်ရသည်။

"ဟဲလို ... ကိုမိုးစက်ညိုနဲ့ ပြောချင်လို့ပါရှင်"

"ပြောလေ မေ ... ဘာကိစ္စ ရှိလို့လဲ"

သူကိုယ်တိုင် နှုးညံ့သော အမည်အဖြစ် ထိုနာမ်စားကို ရွေးချယ်ခဲ့ပြီးမှ ယခုမှ သူ့နှုတ်တွေက မခေါ်ဝံ့တော့သလို တုံ့၍ နေသည်။

ရုံးခန်းထဲတွင် ဘယ်သူမှ ရှိမနေသဖြင့် လွတ်လပ်စွာ ပြောလိုက်သည်။

"ဟာ ... ကိုကြီး ဘာလုပ်နေတာလဲ"

ည ဆယ့်တစ်နာရီ ကျော်နေပြီ ဖြစ်သော်လည်း စောစောအိပ်လေ့ မရှိသည့် သူ့အတွက်ကတော့ စာဖတ်ချိန်ပင်။



"စာဖတ်နေတာ"

"ဟင်း ... မေ ပျင်းလို့ ကိုကြီးရဲ့"

"ပျင်းတိုင်း ဖုန်းဆက်တာမျိုးလုပ်တာ ကိုကြီး မကြိုက်ဘူး"

တကယ် မနှစ်မြို့သောကိစ္စ ဖြစ်သော်လည်း ဒီ့ထက် နားဝင်ကောင်းသော စကားမျိုး ပြောသင့်သည်။ သို့သော် မကြာခင် အချိန်ပိုင်းလေးကမှ ဆုံးဖြတ်ချက်တစ်ခု ချပြီးလိုက်သဖြင့် အဆင်မချောသော စကားသံကို ပြန်မပြင်ဖြစ်တော့။

"ဟုတ်ကဲ့ ... မေ အိပ်မပျော်လို့ပါ ကိုကြီးရယ်"

အသံလေး ညင်းပျောင်းသွားပြန်တော့ ရင်ထဲက လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားပြန်သည်။ ခါတိုင်းလို အေးအေးဆေးဆေးနှင့် ချော့မပြောမိတာ စိတ်မကောင်းချင်သလိုလို။

သို့သော် ... စိတ်ကိုတော့ တင်းထားလိုက်နိုင်သည်။

"အိပ်မပျော်ရင် စာလေးဘာလေး ဖတ်လေ ... ဒါဆိုရင် မျက်လုံးညောင်းပြီး အိပ်ပျော်သွားမှာပေါ့"

ဖြစ်သင့်သော အကြံကို ပေးလိုက်စဉ် ...

"မေ ... ကိုကြီးနဲ့လည်း စကားပြောချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



. ခက်ပါရော မေရယ် ... သူ့ခြေလှမ်းတွေ ပြန်ရှပ်တော့မယ် ဆိုကာမှ မေက ခြေလှမ်းတွေ ရှေ့တိုးနေသည်။

"ကိုကြီး အိပ်တော့မှာ ... မနက်ဖြန် မနက်စောစော ဧည့်သည်တွေကို ဘုရားလိုက်ပို့ပေးစရာ ရှိတယ်"

နိုင်ငံခြားသားများကို မနက်ကိုးနာရီမှာ ချိန်းထားခြင်း ဖြစ်သော်လည်း မနက်စောစောဟု တမင်လိမ်ပြောလိုက်သည်။

"ဒါဆိုလည်း ကိုကြီး အိပ်တော့လေ ... မေလည်း အိပ်ပျော်အောင် အိပ်လိုက်ပါ့မယ်"

သူ့စကား နာခံတတ်သော ညီမလေးအဖြစ် သံယောဇဉ် ဖြစ်နေမိတာတော့ အမှန် ...

"Good night ကိုကြီး"

နှုတ်ဆက်ပြီး ဖုန်းချသွားတော့မှ သူပါ သက်ပြင်းချလိုက်မိသည်။

မျက်လုံးများက အမှတ်မထင် နံရံပေါ်ရှိ ပြက္ခဒိန်ဆီသို့ ရောက်သွားစဉ် ...





"ဘာလိုလိုနဲ့ သွင်တောင် ပြန်လာဖို့ နီးလာပြီပဲ ... သွင်ရေ ... ကိုယ် အပြစ်တစ်ခု ကျူးလွန်ထားတာ မဟုတ်ဘူးနော် ... ဒါပေမယ့် ... သွားပတ်သက်ခဲ့မိတာတော့ ကိုယ့် အပြစ်တွေပါကွယ်"

မျက်လုံးများက သွင့်ကို တမ်းတစွာ မေးမိတ်လိုက်ဉ် ...

"ကိုယ်က တစ်ခါတစ်ခါ သိပ်ပျော့ညံ့ချင်တယ် ... နုးညံ့တာနဲ့ ပျော့ညံ့တာ မတူဘူး ကိုယ်ရဲ့"

သူ့ကို ဝေဖန်ပြခဲ့သော ချစ်သူလေးရဲ့ အသံကိုကြားယောင်နေမိသည်။

ဘာပဲဖြစ်ဖြစ် သူ မေ့ကို ဒီကိစ္စ ကြိုပြောပြထားရင်ကောင်းမလား ...။

တစ်ဖက်သားကို စော်ကားသလို ဖြစ်သွားမှာ စိုးရိမ်ပတ်သော သူ့အကျင့်က ချစ်သူ ပြောခဲ့သလို ပျော့ညံ့မှုများ ဖြစ်နေသလား။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်စွာဖြင့် စာအုပ်ကို ပိတ်လိုက်ပြီး အိပ်ခန်းထဲ ဝင်လာခဲ့လိုက်သည်။

သူ့အခန်းပြတင်းမှ မြင်နေရသော တစ်ဖက်ခြံထဲကို ကြည့်လိုက်စဉ် မေက သူ့စကားကို နာခံစွာဖြင့် အိပ်နေပြီဖြစ်သည်။

♦ ♥ ♦



သူ့ကားအရှေ့မှာ ကျောပိုးအိတ်လေးလွယ်၍ တစ်ယောက်တည်း လမ်းလျှောက်နေသော မေ ...။

မကြာခဏ ပျက်လေ့ရှိသော ကားကြောင့် ဒီနေ့လည်း ကျောင်းကို ကားငှားသွားရဦးမည်ထင်၏။

သူ့ဆီကို ဖုန်းဆက်ပြီး ကျောင်းပို့ခိုင်းနေကျ မေက ဒီနေ့ ဘာဖြစ်လို့ ဖုန်းမဆက်တာပါလိမ့်။

သူ့အတွက် နေရာတစ်ခု လွတ်သွားသလို ရင်ထဲက ဟာတာတာ ခံစားရမှုသည် အားကိုးခံရသော အစ်ကိုကြီးတစ်ယောက်၏ ခံစားမှုပါဟု ဝန်ခံရပါသည်။

မကြာခင် အချိန်ပိုင်းအတွင်း မေ လမ်းထိပ်သို့ ရောက်သွားလိမ့်မည်။ အငှားကားတစ်စီးငှား၍ ကျောင်းသို့ လွယ်

www.burmeseclassic.com

www.burmeseclassic.com



ကူစွာ ရောက်သွားလိမ့်မည်။ ဘာမှ စိုးရိမ်စရာ မရှိသော အခြေ အနေပင်။

သို့သော် … သူ့ရင်ထဲ ဝတ္တရားတစ်ခုလို ဖြစ်နေ၍ ဒီအတိုင်း လွှတ်ပေးလိုက်ရမှာကို စိတ်မကောင်းသလို ဖြစ်နေသည်။

သူ့ကားကို ဒီနေရာတွင်ရပ်ပြီး မေ မမြင်အောင် ရှောင်နေလို့ ရသည်။ ဒါမှမဟုတ် ဒီ့ထက်ပို၍ အားမနာတတ်လျှင် မေ့ကို မမြင်ဟန်ဆောင်၍ ကျော်သွားလို့ပင် ရသေးသည်။

ဒါပေမယ့် သူကိုယ်တိုင်ကိုက သွင် ပြောဖူးသလိုပင် ပျော့ညံ့တတ်သူ ပီသစွာဖြင့် …

"လာ … မေ … ကားပေါ်တက်"

ရုတ်တရက် မေ့အားတွင် ကားထိုးရပ်ပြီး ပြောလိုက်ခြင်းဖြစ်၍ မေက လန့်ပြီး အံ့သြသွားသည်။

ဒီလိုပါပဲလေ … ဒီကောင်မလေးဆီမှာ ဂျစ်တစ်တစ်နဲ့ ထင်ရာလုပ်တတ်တာလေးတွေ ရှိပေမယ့် ဟန်မလုပ်တတ်တဲ့ ပွင့်လင်းမှုနဲ့ ရိုးသားမှုတွေ ရှိနေတာပဲ။ ဒါကြောင့်လည်း သူ ခင်တွယ်မိတာပေါ့။



သူ့ကားပေါ်သို့ ရောက်သော်လည်း ခါတိုင်းလို ပေါက်ပေါက်ဖောက် စကားပြောနေကျ မေက တိတ်ဆိတ်လွန်းနေ၍ နေသားမကျသလို ဖြစ်နေပြန်သည်။

"မေ … တိတ်လှချည်လား"

သူ့ဘက်က တစ်ဖန် ရင်းနှီးပွင့်လင်းစွာ စလိုက်စဉ် သူ့ကို မရဲတရဲ ခိုးကြည့်သည်ကို တွေ့လိုက်သည်။

ဟိုတစ်နေ့ည ဖုန်းပြောပြီးကတည်းက သူနဲ့ မေ မဆုံဖြစ်ခဲ့သေး၊ ဖုန်းထဲမှာ သူ့စကား လွန်သွားခဲ့တာကို အားတုံ့အားနာ ဖြစ်နေမိသည်။

"ဘာမှ မဖြစ်ပါဘူး ကိုကြီး"

တိုးညင်းသော အသံကပင် တစ်ခုခု ဖြစ်နေသည်ကို ဖော်ပြနေသည်။

"ဘာလဲ … မေ ကိုကြီးကို စိတ်ကောက်နေတာလား"

မော့ကြည့်လာသော မျက်လုံးဝိုင်းလေးကို သူ ကြာကြာမကြည့်ရက်။ တွဲလွဲခိုရန် အားယူနေသည့် မျက်ရည်ဥများကို ပေးအပ်ရန် သူ့၌ ဘာမှမရှိ။

www.burmeseclassic.com



"မေ ... မေက ကလေးမဟုတ်တော့ဘူးလေ ... တစ်ခုခု ဖြစ်တိုင်း ကိုကြီးကို ဖုန်းဆက်လို့ ဘယ်ကောင်းပါ့မလဲ ... ဘယ်ကိစ္စမဆို ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ကိုယ်ပိုင်လမ်းကြောင်းလေးတစ်ခုတော့ ထားထားရမှာပေါ့ ... ပျင်းလို့ဖုန်းဆက်တယ်ဆိုတာ ဘယ်လို ပျင်းတာမျိုးလဲ ... အလုပ်တွေ သိပ်ပိနေလို့လား ... ဒါဆိုရင် တစ်မျိုးပဲ ... အချိန်တွေသိပ်ပိုနေလို့ ပျင်းတာမျိုး ဆိုရင်တော့ ကိုကြီး အဲဒီအတွက် အချိန်မပေးနိုင်ဘူး"

သူ့အသံများကို တတ်နိုင်သလောက် နူးညံ့စွာထားပြောနေရသည်။ ဒါတောင် မေ့ မျက်နှာက ငိုမဲ့မဲ့။

"ကဲ ... ထားပါတော့ ... ဘာလဲ ... အခု ကားပျက်နေပြန်ပြီလား"

"ဟုတ်ကဲ့"

စကားလမ်းကြောင်းကို တခြားဘက်သို့ လွှဲပေးခြင်းဖြင့် မေ့စိတ်က ဒဏ်ရာကို ကုပေးရပေဦးမည်။

"ဘာဖြစ်လို့ ကိုကြီးကို ဖုန်းမဆက်ရတာလဲ"





"ကိုကြီး မအားမှာ စိုးလို့ပါ"

နောက်ဆိုရင် ဖုန်းဆက်ပါလို့ သူ မမှာဖြစ်တော့။ ဒါကို ပေးဆပ်မှု တစ်ခုလို့ တစ်ဖက်သားက ကျေနပ်ကြည်နူးနေမှာ စိုးသည်။

"ဟုတ်တယ် ... ကိုကြီးလည်း ဒီရက်ပိုင်း သိပ်မအားဘူးဖြစ်နေတယ်"

တကယ်တော့ မိုးဝင်ပြီ ဆိုသည်နှင့် ခရီးသွား လုပ်ငန်းများ ကျဲပါးလာလေ့ ရှိသည်ကို မေ သိမည်မဟုတ်၍ အလွယ်တကူ ဖြေလိုက်ခြင်းပင် ဖြစ်သည်။

ကားက မြို့ထဲဘက်ကို ရောက်လာပြီ ဖြစ်သဖြင့် ချက်တရက် ရလာသော စိတ်ကူးကြောင့် ကားကို စာအုပ်ဆိုင်တစ်ခုအရှေ့တွင် ရပ်လိုက်ပြီး ...

"မေ ... ခဏနေဦးနော် ... ကိုကြီး ချက်ချင်းပြန်လာမယ်"

ခေါင်းညိတ်ရင်း မေက ကားထဲတွင် ငြိမ်သက်စွာ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေမြင့်နှင့် အောင်သင်း ရေးသော စာအုပ်အချို့ကို ဝယ်ပြီးနောက် ...

"ရော့ ... မေ ...၊ မေ ပျင်းတယ်ဆိုတဲ့ အချိန်မှာ ဖတ်ရ အောင် ... ဖတ်ပြီးရင် တွေး ... တွေးပြီးရင် မှတ်စရာရှိ တာ မှတ်ထားဒပ်"

မေက စာအုပ်များကို အံ့ဩစွာ လှမ်းယူပြီး သူပြော တာတွေကို နားမလည်သလို မျက်ဝန်းနက်လေးဖြင့် ပြုံးကြည့် နေသည်။

သူကတော့ ကားကို လမ်းမပေါ်သို့ ပြန်လမ်းယူ၍ မောင်းလိုက်ပြီး ...

"မေ့ကို စာအုပ်ဖတ်တဲ့အကျင့် ရအောင် လုပ်ပေးရမယ်_ အားတဲ့အချိန် အပြင်ထွက်တာတို့ ... TV Game ဆော့နေ တာကို လုပ်မယ့်အစား စာပဲဖတ်နေနော်"

ချော့ပြောမှ ရသော ကောင်မလေးမို့ ချော့ပြောတော့ ခေါင်းကို ပုတ်သင်ညိုလို ကျေနပ်စွာ ညိတ်လေသည်။





ဒီတော့လည်း ကြည်နူးကျေနပ်ရတာက သူ ဖြစ်နေ ပြန်သည်။

ခက်ကရောကွယ် ...

သံယောဇဉ်နဲ့ အချစ်ကို ဒီကောင်မလေး ခွဲခြမ်းတတ် ပါ့မလား ... အချစ်မပါတဲ့ သံယောဇဉ်နဲ့ သံယောဇဉ်ပါတဲ့ အချစ်ကို သူ့ရင်ထဲမှာ နေရာသီးသန့်ထား၍ ခွဲခြားထားကြောင်း သူကိုယ်တိုင်ပင် နားလည်နေသည်။

♦❣♦



www.burmeseclassic.com

www.burmeseclassic.com



သွင် ပြန်ရောက်လာလျှင် အမှတ်တရ လက်ဆောင် ပေးရန် ရည်ရွယ်၍ စိန်လက်စွပ်တစ်ကွင်းကို သူ့မိသားစု အပ်နေကျ ပန်းတိမ်ဆရာထံတွင် အပ်ထားခဲ့သည်။

သွင် ပြန်မရောက်မီ တစ်ပတ်အကြာတွင် ရမည်ဖြစ် ၍ သူ သွားရွေးစဉ် ညည်သည်တချို့ ရောက်နေသဖြင့် သူ စောင့် နေရသည်။

ပန်းတိမ်ဆရာ ဦးဝင်းထိန်နှင့် စကားပြောနေသော ဧည့်သည်,သည် အမျိုးသမီးဖြစ်ပြီး အသက်လေးဆယ်ကျော်ခန့် ဖြစ်သည်။

သို့သော် အရွယ်နဲ့ မလိုက်သော နုပျိုဖွံ့ထွားမှု ရှိနေ သေးကြောင်း သတိထားမိလိုက်သည်။





အမျိုးသမီးကြီးက ခပ်လှမ်းလှမ်းတွင် ထိုင်နေသော သူ့ကို မြင်သည်နှင့် အကြည့်မလွှဲဘဲ ခပ်ကြာကြာ စူးစမ်းစိုက် ကြည့်နေသည်ကို တွေ့ရသည်။

ကြောင်တောင်တောင်နှင့် ပြုံးမိမလို ဖြစ်သွားပြီးမှ အသိမဟုတ်ဘူးလေ ဟူသော ဆင်ခြင်မှုဖြင့် မပြုံးဖြစ်တော့။ သို့ သော် ... သူ့ကိုမူ ရင်းရင်းနှီးနှီးနှင့် ပြုံးကြည့်နေသယောင် ခံစား ရသည်။

အနည်းငယ် စိုက်ကြည့်ပြီးမှ ဦးဝင်းထိန်နှင့် စကား အချို့ပြောပြီး ပြန်ရန် ပြင်သည်။

ထရပ်လိုက်တော့မှ ချပ်ရပ်သော မြန်မာဝတ်စုံနှင့် ကိုယ်ဟန်ကြောင့် တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရလိုက် သည်။

"မေ ..."

မေနဲ့ တော်တော်တူသော မျက်နှာအနေအထားကို တစ်ခါ ပြန်ကြည့်မိလိုက်စဉ် ... ထိုအမျိုးသမီးကို သူ မှတ်မိသွား သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့က မေ သွားနှုတ်ဆက်တဲ့ အမျိုးသမီးပဲ။

မေ့ရဲ့ အသိပါဟု သာမန်သာ ပြောခဲ့သော အမျိုးသမီးကြီးသည် ဘာဖြစ်လို့ မေနဲ့ ဒီလောက်ဆင်နေရတာလဲ။

အညိုဘက်လုသော မျက်ဆန်များကအစ မေနဲ့ တူလွန်းနေသည်။

သူ့ကို ကျော်ဖြတ်ထွက်သွားတော့မှ သူ့အတွေးများကိုလည်း ထိုအမျိုးသမီးကြီးဆီမှ ဆွဲထုတ်ပစ်လိုက်သည်။

"လာ ... မောင်မိုးစက်ညို ... ညှိသည် ရောက်နေတာနဲ့ စောင့်နေလိုက်ရပြီ ... မင်းအပ်ထားတဲ့ လက်စွပ်က ပြီးနေပါပြီ ... စောစောကတောင် ဒေါ်နီနီသင်က အဲဒီပုံစံလေး ကြိုက်လို့ဆိုပြီး သဘောကျနေသေးတယ်"

စိန်တစ်ပွင့်တည်းကို ရိုးရိုးရှင်းရှင်းနှင့် ဝင့်ဝင့်လေး ဖြစ်အောင် ဒီဇိုင်းဖော်ထားသော လက်စွပ်ပုံစံလေးကို နိုင်ငံခြားကတ်တလောက်တစ်ခုမှ ရှာ၍ လုပ်ခိုင်းထားခြင်း ဖြစ်သည်။

"ဒေါ်နီနီသစ်တဲ့လား ... ဦးဝင်းထိန်နဲ့ တော်တော်ရင်းနှီးတယ် ထင်တယ်"





မေ့ရဲ့ သာမန်အသိအနေဖြင့်သာ သူ ရှုးစမ်းလိုက်မိခြင်း ဖြစ်သည်။

"စိန်ပွဲစားလေကွာ ... ဒီလိုပဲ လုပ်ငန်းခွင် ဆက်စပ်နေလို့ပါ ... တော်တော်လည်းတယ်ကွ၊ ထက်လည်းထက်တယ် ... သူ့ယောကျာ်းက အရုပ်သာသာပဲလေ"

"ဪ"

ဒီလောက်နှင့်ပင် ဒေါ်နီနီသစ် အကြောင်းကို စကားဖြတ်လိုက်ပြီး သူ့လက်စွပ်လေးကို ထုတ်ပြသည်။

သွင့်ရဲ့ ညှသွယ်ပျော့ပျောင်းသော လက်ချောင်းလေးနှင့် လိုက်ဖက်မည့် လက်စွပ်လေးကို ကတ္တီပါဘူး အနက်လေးထဲတွင် ထည့်လိုက်ပြီး ...

"ဘာလဲ အကြိုစေ့စပ်လက်စွပ်ပေါ့ ဟုတ်လား"

သူနဲ့ သွင့်အကြောင်းကို သိနေသော ဦးဝင်းထိန်က မေးစဉ် ကြည်နူးစွာ သူ ခေါင်းညိတ်လိုက်သည်။

"သွင် ပြန်လာရင် ပေးဖို့လေ ... သွင်က စိန်သိပ်ကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



စိန်နဲ့ တန်ဆာဆင်သော လက်ဝတ်လက်စားများကို သာ ဝတ်လေ့ရှိသည့် သွင့် အတွက် သူ ရွေးချယ်ပေးသော ရတနာကလည်း စိန်ပင် ဖြစ်စေရမည် မဟုတ်လား။

"ဪ ... ဘာလိုလို့နဲ့ နတ်သွင်မြည့်တောင် Ph.D ဘွဲ့ တစ်ခုနဲ့ ပြန်လာရတော့မှာပဲ"

ဦးဝင်းထိန်က ဂုဏ်ယူစွာ ရေရွတ်စဉ် ... သူလည်း အမြဲဂုဏ်ယူနေကျ သွင့် အတွက် ကျေနပ်နေခဲ့သည်။

ဒီအချိန်မှာ သူ့ခေါင်းထဲတွင် သွင်ကလွဲ၍ ဘာမှ ရှိမနေတော့။

◆❣◆



မမြင်ရတာ ကြာပြီဖြစ်သော သွင်သည် အသားပို ဖြူပြီး ပိုပြီး ရင့်ကျက်လာတာကလွဲ၍ ဘာမှ မပြောင်းလဲ။

ပန်းနုရောင် ပိုးအင်္ကျီလက်ရှည်နှင့် အနက်ပေါ်တွင် ပန်းနုသွေး ဖော်ထားသော ချိတ်လုံချည်ကို ဝတ်ဆင်ထားပြီး၊ သွယ်မြင့်ဖွံ့ထွားသော ကိုယ်ဟန်ကြောင့် ခပ်ဆေးဝေးကပင် ပေါ် လွင်ထင်ရှားစွာ ...။

သူ့ကို မြင်သည်နှင့် မမြင်ရတာ ကြာပြီဖြစ်သော အပြုံး(သွင်က ပြုံးလျှင် နှုတ်ခမ်းစေ့ပြီး ပြုံးသည်ဆိုရုံလေးသာ ပြုံး လေ့ရှိသည်)ဖြင့် နှစ်လိုစွာ နှုတ်ဆက်သည်။

ဆံပင်ရှည်များကို ဆံထုံးမြင့်မြင့် ထုံးထားသဖြင့် သွယ်လျသော လည်တံက ပိုရှည်နေသယောင်။

www.burmeseclassic.com

www.burmeseclassic.com



သွင် ပို၍လှလာသည်ဟု သူ့စိတ်ထဲ ကြည်နူးစွာ သတ်မှတ်လိုက်သည်။

သွင်က လာကြိုသော မိသားစုများကို အရင်နှုတ်ဆက်ပြီးမှ သူ့ဆီသို့ လျှောက်လာသည်။

နှစ်ယောက်သား အနီးကပ်ဆုံး ဆုံမိသည်နှင့် ...

"လွမ်းလိုက်တာ ကိုရယ်"

ဒီလိုပဲ သွင်က အပြင်ပန်း တည်ငြိမ်ရင့်ကျက်သလောက် သူနှင့်ဆုံလျှင် သိမ်မွေ့နူးညံ့စွာ ချွဲတတ်သူလည်း ဖြစ်သည်။

"ကိုလည်း သွင့်လိုပဲပေါ့"

နှစ်နှစ်ကာကာ ပြန်ပြောစဉ် သွင်က ချစ်ချင်စဖွယ် ခေါင်းညိတ်လိုက်ပြီး ...

"ကိုက ပိုပြီး ခန့်လာတယ်"

နှခေါင်းလုံးလုံးလေးကို အရင်ကလိုပင် ချစ်စနိုး ဖျစ်ညှစ်ပြီး စ,လိုက်ချင်သည်။ သို့သော် ... လူတွေရှေ့မှာဖြစ်၍ ရင်ထဲ၌သာ မချင့်မရဲ သိမ်းထားလိုက်ရသည်။





"သွင်လည်း ပိုလှလာတယ်"

သွင်က သဘောကျစွာ ရယ်သည်။ သို့သော် ... သွားဖြူဖြူလေးများကို လူမြင်မှာ စိုးသည့်အလား လက်ဖဝါးဖြင့် ဖွဖွအုပ်၍ ရယ်လျက် ...

နိုင်ငံခြားတွင် ပညာသွားသင်သော်လည်း သွင့်ရဲ့ သိမ်မွေ့သော အမူအရာများ မပြောင်းလဲသေး၍ သူ ကျေနပ်နေသည်။

သွင့်အပေါ် မြတ်နိုးစွာ ချစ်မိခြင်း အပေါ်တွင် လေးစားခြင်းကပါ ဆတိုးလျက် ...။

"ဟိုမှာ ... မေမေတို့ ကြည့်နေပြီ ... သွားနှုတ်ဆက်ရအောင်"

လေဆိပ်ရောက်ရောက်ချင်း သွင့်မိဘများကို သူသွားနှုတ်ဆက်ပြီးပြီ ဖြစ်သည်။

နှစ်ဖက်မိဘများအား အသိပေးထားခြင်းဖြစ်၍ သူနဲ့သွင့် အခြေအနေကို လူကြီးများက ကြည်ဖြူစွာ ခွင့်ပြုထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သွင့်မိဘများ သွင်နဲ့အတူ နှုတ်ဆက်၍ စကားအနည်းငယ် ပြောပြီးသည်နှင့် သွင့်ကို သူ့ကားနှင့်ပင် အိမ်သို့ လိုက်ပို့ပေးခဲ့သည်။

သွင် ပြန်လာခြင်း အတွက် သူ့ရင်ထဲတွင် ပြည့်စုံသလို ခံစားနေရသဖြင့် သွင်သည် သူ့အတွက် မရှိမဖြစ် သက်ရှိလေးအဖြစ် ဖြစ်တည်နေတာ သေချာနေသည်။

♦❣♦





ညက အိပ်ရာဝင် နောက်ကျသဖြင့် မနက်ပိုင်းနောက်ကျမှ အိပ်ရာမှ နိုးဖြစ်ခဲ့သည်။

ခုနစ်နာရီခွဲခန့် ဖြစ်နေပြီး အလင်းရောင်က ပီပီသသ သူ့အခန်းထဲကို ဖြတ်ဝင်နေသည်။

အစိမ်းနုရောင်ကို ကြိုက်သောကြောင့် ခန်းဆီးအစိမ်းနုရောင်ကို သူ့အမေက ပြတင်းပေါက်တွင် တပ်ပေးထားသည်။

အိပ်ရာက ထတိုင်း အမြဲတမ်း ပြတင်းဝတွင်ရပ်လျက် ခန်းဆီးစများကို ဆွဲဖယ်ကာ တစ်ဖက်ခြံသို့ ဘာရယ်မဟုတ် ကြည့်ဖြစ်လေ့ ရှိသည်။

ဒီနေ့လည်း ခါတိုင်းလိုပင် ခန်းဆီးစိမ်းစိမ်းများကို ဆွဲဖွင့်ပြီး ပြတင်းဝတွင် ရပ်လိုက်မိသည်။

သူ့အရပ်နီးပါး မြင့်သော ပြတင်းပေါက်ဖြစ်၍ နေရောင်က သူ့တစ်ကိုယ်လုံးကို ဝါးမျိုလိုက်သည့်နှယ်။

မြင်နေကျ မြင်ကွင်းကို ငုံ့ကြည့်လိုက်စဉ် တစ်ဖက်ခြံထဲတွင် ဘယ်သူ့ကိုမျှ မတွေ့ရ။

ခွေးလေးနှင့် ဆော့ကစားနေကျ မေ့ကို မမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး ခြံထဲတွင် ဂေါ်ပြင်များနှင့် အလုပ်ရှုပ်နေကျ ဦးဘတင်ကိုပင် မတွေ့ရ။

ရင်းရင်းနှီးနှီး နေရာမှ ရုတ်တရက် အနေစိမ်းသွားသော သူ့ကို မေ နောက်တော့ နားလည်လာပေလိမ့်မည်။

နံနက်စာစားရန် အောက်ထပ်သို့ ဆင်းလာချိန်တွင် မေမေနဲ့ အိမ်အကူ မထွေးတို့ ဟင်းချက်ရင်း စကားပြောနေတာကို ကြားလိုက်ရသဖြင့် မေ့အိမ် တိတ်ဆိတ်နေခြင်း၏ အကြောင်းရင်းကို သိလိုက်သည်။

"မိုးမိပြီး အဖျားကြီးတာ သတိတောင် လစ်သွားတယ်တဲ့၊ ဒါနဲ့ ဆေးရုံတက်နေရတယ် ပြောတာပဲ ... အဲဒီကောင်မလေးကိုက ပေပေတေတေ နေလွန်းပါတယ် ... သူ့မိဘတွေကလည်း နေစိမ့်တယ်နော် ... သမီးပျိုလေးကို တစ်ယောက်တည်း လွှတ်ထားရတယ်လို့"

"မထွေးကတော့ မနက်စောစောစီးစီး အရည်မရ အဖတ်မရ သူများအတင်း ပြောနေပြီ"

ကော်ဖီဝိုင်းတွင် ဝင်ထိုင်ရင်း သူ ပြောလိုက်မိသည်။





"အတင်းမဟုတ်ပါဘူးနော် ... ခြိန်းချင်းဆိုတော့ သိထားသင့်လို့ပါ ... ဒါမှ ရှောင်လို့ရမှာပေါ့"

မထွေးက သူငယ်ငယ်ကတည်းက အတူနေလာသူဖြစ်၍ မိသားစုဝင်ပမာ အရာရာ ပြောရဲဆိုရဲသူ ဖြစ်သည်။ သို့သော် ... ဖေဖေ့ရှေ့တွင်တော့ သိပ်မပြောရဲ ... ဖေဖေက ခထင်ရင် မထင်သလို အော်ငေါက်တတ်သောကြောင့်ပင်။

အင်းလေ ... ဖေဖေ့ကို မထွေးမှ မဟုတ် တစ်အိမ်သားလုံး ကြောက်ကြတာပဲ။

"ခြိန်းချင်း ဘယ်သူက ဘာဖြစ်လို့လဲ"

သူ သိပ်နားမရှင်းသေး၍ ဆက်မေးလိုက်စဉ် မထွေးအစား မေမေက ဝင်၍ ဆက်ပြောလေသည်။

"ဟိုဘက်ခြံက ကောင်မလေးလေ ... ဆေးရုံတင်ထားရလို့တဲ့"

"ဩော် ... ဘာဖြစ်လို့ တင်ရတာလဲ"

ဘာမှ မဖြစ်သလို ခပ်ပေါ့ပေါ့ဟန်ဖြင့် မေးနေရသော်လည်း ရင်ထဲမှာတော့ မေ့ကို သနားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးရေထဲ ဒီအတိုင်း သွားလို့တဲ့ ... အအေးမိပြီး ဖျားတာလို့ ပြောတာပဲ"

ဒီထက်ပို၍ ဆက်မေးနေလျှင် သူ့အပေါ် သံသယဝင်ဦးမည့်အပြင် နောက်ထပ်လည်း ဖြေကြတော့မည် မဟုတ်၍ ဆက်မမေးတော့။

သူလုပ်ရန် ကိစ္စတစ်ခုကိုသာ ရွေးချယ်လိုက်သည်။

ဖုန်းမဆက်ဖြစ်တာ ကြာပြီဖြစ်သော ဦးကြည်သော်ဆီသို့ ဖုန်းခေါ်၍ မေ တက်နေသော ဆေးရုံကို မေးလိုက်ခြင်းပင် ဖြစ်သည်။

အံ့သြစရာ ကောင်းသည်မှာ မေ ဆေးရုံတက်ရသည်ကို ဦးကြည်သော် ကိုယ်တိုင်လည်း မသိသေးခြင်းပင် ဖြစ်သည်။

သို့သော် ... ဦးကြည်သော်ကပင် မကြာခင် မေ တက်နေသော ဆေးရုံကို သူ့အား ဖုန်းဆက်၍ ပြောပြခဲ့လေသည်။

♦ ❣ ♦





သွင်က သူ့စကားဆုံးသည်နှင့် နှစ်နှစ်ခြိုက်ခြိုက်ပြုံးပြီး ...

"ဒါဆိုရင် ကိုက ကယ်တင်ရှင်ကြီးပေါ့"

သွင့် စကားက ရိုးရိုးကျီစယ်ခြင်း ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း သူ့ရင်ထဲတွင်တော့ လိပ်ပြာမလုံလှ။ လှောင်ပြောင်နေသလို ခံစားရတာမို့ ...

"မဟုတ်ဘူး သွင် ... ကို ပြောချင်တာ အဲဒါမျိုး မဟုတ်ဘူး ... သွင် ကို့ကို ယုံကြည်ထားဖို့ပါ ... ဘယ်လိုလဲ သွင် ... ကို့ကို 'ဖုံ့ရဲ့လား"

သွင်က မျက်နှာကို အတည်ဖြစ်အောင် ပြင်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကို့သိက္ခာကို သွင် ယုံကြည်တဲ့ အတွက် ကို့စိတ်ကို လည်း သွင် ယုံကြည်ပါတယ်"

သူက ကိုယ်တိုင်ဝတ်ပေးထားသော လက်စွပ်လေး ရှိရာ သွင့် လက်ကလေးကို မြတ်နိုးစွာ ဆုပ်ကိုင်ပြီး နမ်းရှိုက် လိုက်သည်။

"ပြီးတော့ ... ကို သွင့်ကို မေနဲ့ မိတ်ဆက်ပေးချင်တယ် မေ ... တကယ်လို့ ကို့ဆီက တစ်စုံတစ်ခု မျှော်လင့်နေတယ် ဆိုရင် အဲဒီ မျှော်လင့်ချက်ကို အချိန်မီ သိမ်းဆည်းနိုင် အောင်လို့လေ"

သွင်က တကယ်ပင် သူ့ကို မြတ်နိုးလေးစားစွာ ငေး ကြည့်ပြီး ...

"မေ့ကို သွင် သနားတယ် ... ဒါပေမယ့် သွင် အမက်မော ဆုံး ကို့ကိုမှ မေက တွယ်ငြိချင်နေတယ် ... ရင်မောစရာ ကောင်းလိုက်တာ ... ဒါပေမယ့် သွင် ကိုနဲ့အတူ မေ့ဆီ လိုက်ခဲ့ပါမယ်"





သွင်က ရင်မောစွာဖြင့် သက်ပြင်းဖျော့ဖျော့ ချလိုက် ပြီး သူ့စကားကို နာခံလေသည်။

"ကို ... မေ့ကို ဘယ်လိုထင်လဲဟင်"

သွင်က ငြိမ်နေရာမှ ရုတ်တရက် ထပြီး မေးလိုက် သဖြင့် သူ ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။

သို့သော် သွင့် မေးခွန်းကို သူ ကောင်းစွာနားလည် သဖြင့် ...

"လိုချင်တာတွေ သိပ်များနေပေမယ့် ရောင့်ရဲမှုတွေနဲ့ပဲ ကြုံတွေ့နေတတ်တဲ့ မိန်းကလေးတစ်ယောက်လို့ကို မြင် တယ်"

ရောင့်ရဲမှုတွေကိုပဲ ကြုံတွေ့နေရပေမယ့် အဲဒါကို ကျေနပ်နေလား၊ မနေလားကိုတော့ သူ ကိုယ်တိုင်လည်း မသိပေ။

မေနဲ့ ပတ်သက်မိခြင်းကို နောင်တရလားဟု ခုချိန် မှာ မေးလာလျှင်တော့ သူ ခေါင်းညိတ်မိမည်ထင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂလိက ဆေးရုံတစ်ခု၏ အပေါ်ဆုံးထပ် ထောင့်စွန်းအခန်းငယ်လေးတွင် ပုတုသေးကွေးစွာဖြင့် မေက လဲလျောင်းနေသည်။

မေ့ နံဘေးတွင် စပါယ်ရှယ်နာ့စ် တစ်ယောက်က ထိုင်နေ၍ ဒေါ်ကြီးနွဲ့က လျှော်ထားဟန်တူသော လက်သုပ်ပဝါ တစ်ထည်ကို ပြတင်းပေါက်မှ နေထိုးနေသော နေရာတွင် လှန်းနေသည်။

စေ့ထားသော တံခါးကို တွန်းဖွင့် ဝင်လိုက်ခြင်းဖြစ်ပြီး အရင်ဆုံး အခန်းထဲ ဝင်လိုက်သူက သူ ဖြစ်နေသည်။

လှဲနေသော မေက သူ့ကို မြင်ရသည်နှင့် မျက်နှာလေးက ဝင်းလက်သွားသည်။





သို့သော် ... သူ့ရဲ့ ညာဘက်လက်ဖြင့် ကြင်နာစွာ ဆုပ်ကိုင်ထားသော သွင်က သူ့နောက်မှ ကပ်ပါလာသည်ကို မြင်လိုက်သည်နှင့် ...

ညှိုးပျက်သွားသော မျက်နှာပေါ်က ပါးချိုင့်လေးကို မြင်ရသည်နှင့် ဒါ အပြုံးပါလို့ ဘယ်လိုသတ်မှတ်လို့ ရပါ့မလဲ။

"ကိုကြီး ... လာ ... ထိုင်လေ"

ဧည့်သည်များအတွက် ထားထားသော ဆက်တီ အလွတ်ကို ညွှန်ပြရင်း မေက ပြောသည်။

မျက်နှာအနည်းငယ် ချောင်ထားသည်မှလွဲ၍ ပုံမှန်ဖြစ်နေသော မေ့ကိုကြည့်၍ ဘာမှ စိုးရိမ်စရာ မရှိတော့တာ သိနေသည်။

"ရတယ် မေ ... လှဲနေလေ"

မေက အိပ်ရာမှ လူးလဲထနေ၍ သူ ကမန်းကတန်း တားလိုက်သလို သွင်ကလည်း ...

"နေ ... နေ ... ညီမလေး;"



www.burmeseclassic.com

www.burmeseclassic.com



သွင်က ပါးစပ်က ပြောသလို မေ့အနား ရောက်သွားပြီး မေ့ကို ကြင်နာစွာ တွဲထူပေးနေသည်။ ခုတင်ပေါ်၌ပင် သက်သောင့်သက်သာ အနေအထားမျိုးဖြစ်အောင် သူနာပြုဆရာမ က လုပ်ပေးလိုက်သည်။

အားလုံးနေသာကျ ငြိမ်သက်သွားတော့မှ သူကစ၍-

"မေ ... ဒါ ကိုကြီးရဲ့ချစ်သူ နတ်သွင်မြည်ို တဲ့"

သူ မေ့ဆီက အပြုံးကို မကြည့်တော့ဘဲ သွင်ရဲ့ ပြည့်ဝကြင်နာသော အပြုံးကိုသာ ကြည့်နေလိုက်သည်။

ခွင့်လွှတ်ပါ မေ ... မေ့ အတွက် ရက်စက်ပြတယ်လို့ပဲ သဘောထားလိုက်ပါတော့ ...

"ဂျပန်မှာ Ph.D အတွက် ကျောင်းသွားတက်တာ ပြီးခဲ့တဲ့ နှစ်ရက်လောက်ကမှ ပြန်ရောက်လာတာ"

"ဪ ... ဟုတ်ကဲ့၊ မေ ကိုကြီးပြောတာ ကြားဖူးပါတယ်"

မေ့ကို သွင်နဲ့ ပတ်သက်ပြီး ဘာမှ မပြောပြခဲ့တာ သေချာနေသည်။ ဒါပေမယ့် မေက လှပစွာပင် လမ်းခင်းနေသေးသည်။





"မေ ... မိုးမိလို့ဆို ... အခု ဘယ်လိုနေသေးလဲ"

သူ အမြန်ဆုံး စကားလမ်းကြောင်း ပြောင်းလိုက်ရသည်။

"မိုးမိတာ မဟုတ်ပါဘူး ... မိုးရွာထဲ လမ်းလျှောက်တာ များသွားတာ"

ကောင်မလေး ဆိုးလိုက်တာလို့ ညီမလေးတစ်ယောက်လို ထိပ်ခေါက်ပစ်လိုက်ဖို့ ကောင်းသည်။

သို့သော် ... သူ့ဘက်ကရော မေ့ဘက်ကပါ ဒီအခြေအနေကို လက်ခံလို့ မဖြစ်တော့ပြီမို့ ...

"မေက ပြန်ဆိုးနေပြီပဲ"

သွင်က သူတို့နှစ်ယောက်လုံး နေရမခက်စေရန် သူနာပြုဆရာမကို မေ့ ရောဂါ အခြေအနေ အကြောင်း မေးမြန်းနေလေသည်။

ဒေါ်ကြီးနွဲ့ကတော့ စပ်စုစူးစမ်းသော အကြည့်များနှင့် အားလုံးကိုကြည့်လျက် ...

မေက သူ့စကားအဆုံး နာနာကျင်ကျင် ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုံးရဲ့ အဓိပ္ပာယ်ကို မသိဟန်ဆောင်ရခြင်းအ ပင်ပန်းလွန်းနေသည်။

ထိုအချိန်၌ပင် အခန်းတံခါးကိုပင် တွန်းဖွင့်ဝင်လာသူ တစ်ယောက် ...

နဖူးကို ပြောင်သိမ်းထားသော ဆံထုံးမြင့်မြင့်နှင့် ဒေါ်နီနီသစ် ...

တစ်ခန်းလုံးကို ဝေ့ကြည့်ပြီး ပြုံးပြသည်ကို တွေ့ရ ပြီး ...

"ဒင်ပယ်(လ်) ... နေကောင်းသွားပြီလား"

လက်ထဲတွင် ပါလာသော ထမင်းချိုင့်ကို စားပွဲပေါ် တင်ပြီး မေ့ နဖူးကို သာသာဖွဖွ စမ်းရင်း မေးသည်။

"ကောင်းပါတယ်"

မေက တိုးညင်းဖျော့တော့စွာ ဖြေလေသည်။

ဒေါ်နီနီသစ် နောက်တွင် ဆော့စရာ သေနတ်တစ် လက်ကိုင်၍ ကလေးတစ်ယောက် ဝင်လာပြီး မေ့ အနီးတွင် ဆော့ကစားနေလေသည်။





မေက ထိုကလေးငယ်၏ ပျော့ပျောင်းနုထွေးသော ဆံပင်များက ထိုးဖွကျီစယ်လျက် ...

ဒီလောက်ဆိုရင်တော့ ဒေါ်နီနီသစ်ရယ်၊ မေရယ် ဘယ်လို ပတ်သက်နေလဲဆိုတာ ခန့်မှန်း၍ ရနေလေပြီ ဖြစ်သည်။

"ဟိုနေ့က ပန်းတိမ်ဆိုင်မှာတွေ့တဲ့ သူငယ် မဟုတ်လား"

ဒေါ်နီနီသစ်က ချက်ချင်း မှတ်မိသိရှိစွာ ပြောစဉ် သူ ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ် အန်တီ"

ရိုကျိုးစွာ ပြန်ဖြေလိုက်စဉ် ဒေါ်နီနီသစ်က သွင့် ကိုပါ ဆက်စပ်၍ အကဲခတ်နေကြောင်း တွေ့လိုက်ရသည်။

သွင့်ရဲ့ လက်သူကြွယ်မှ လက်စွပ်လေးကိုပင် မြင် ကောင်းမြင်နိုင်၍ မှတ်မိကောင်း မှတ်မိနေပေလိမ့်ဦးမည်။

"အန်တီက ဒင်ပယ်(လ်) မေမေပါ"

သူ့ဘာသာသူ မိတ်ဆက်ပေးစဉ် မေက မကြားဟန် ပြု၍ မောင်လေးကိုသာ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒင်ပယ်(လ်)ကို ဂရုစိုက်တဲ့ အတွက် ကျေးဇူးတင်ပါတယ်ကွယ်"

"သူ ကြားခဲ့ရသလိုပင် ဒေါ်နီနီသစ်က သွက်လက်စွာဖြင့် စကားတိုင်းကို သူပင် ဦးဆောင်နေသည်။

"သမီး ... မေမေ ကြက်ပေါင်းရည် ယူခဲ့တယ် ... ဆာရင်ယူသောက်နော် ... ဆရာမ ... သမီးကို ဆာရင် ဒီကြက်ပေါင်းရည်လေး တိုက်ပေးပါနော် ... ကျွန်မ ကိစ္စတစ်ခုရှိလို့ကြာကြာနေလို့ မရဘူး ... ဒင်ပယ်(လ်) မေမေတို့ သွားမယ် ... အောက်မှာ သမီး ဦး စောင့်နေတယ် ... နောက်မှမေမေ ထပ်လာခဲ့မယ် ... သားရေ သွားရအောင်"

စကား အတော်ပြောနိုင်သလို၊ လှုပ်လည်းလှုပ်ရှားနိုင်သူပင်။

မှာစရာရှိသည်များကို တရစပ်မှာပြီး လုပ်စရာရှိသည်များကို ခပ်သွက်သွက်နှင့် စီမံသွားပုံက စနစ်ကျသော မိန်းမတစ်ယောက် အဖြစ် ပေါ်လွင်နေသည်။





"မောင်မိုးစက်ညို ... အန့်တီသွားတော့မယ်"

သူ့နာမည်ကိုပါ သိရှိခေါ်ပေါ်ပြီး နှုတ်ဆက်သွားသေးသည်။

"ဟုတ်ကဲ့ အန့်တီ"

ဖော်ရွေစွာပင် သူ ပြန်ပြောလိုက်မိသည်။

ဒေါ်နီနီသစ် ထွက်သွားသည်နှင့် အခန်းလေးကပြန်၍ တိတ်ဆိတ်သွားပြန်သည။

"မေလည်း နားချင်ရောပေါ့ ... ကိုကြီးတို့သည်း ပြန်ကြရအောင်"

သွင့်ကို ပြောသလိုလိုနှင့် မေ့ကိုပါ အသိပေးပြီးပြန်ရန် ပြင်လိုက်သည်။

မေက ခပ်ယဲ့ယဲ့ပြုံးပြီး ...

"မေ နေကောင်းနေပါပြီ ... ကိုကြီးတို့ကိုလည်း ကျေးဇူးတင်ပါတယ် ... မမသွင် မေ့ဆီ လာလည်နော် ... ကိုကြီးတို့နဲ့ ခြံချင်းကပ်ရက်မှာ မေ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မေ့ ရင်ထဲက တကယ့်ဆန္ဒလား ... လောကဝတ်လားတော့ မသေချာ ... သေချာတာကတော့ မေ ဒီလိုဖော်ရွေမှုမျိုးကို ဒေါ်နီနီသစ်ဆီက ရထားကြောင်းတော့ ပေါ်လွင်နေသည်။

"သွားမယ်နော် မေ ... နောက် မမ လာလည်ပါ့မယ်"

သွင်က သူ့ လက်ကို ဆုပ်ကိုင်ရင်း ပြောစဉ် မေ့မျက်လုံးများက သွင့်ရဲ့ လက်ချောင်းလေးတွေဆီ ရောက်သွားသည်။

ညိုးမှိန်သွားသော မျက်ဝန်းများနှင့် တောက်လဲ့နေသော စိန်ပွင့်လေးတို့၏ စကားပြောမှုကို သူ့ဘာသာ ပြန်တတ်နေသည်။

မေ ဒီလက်စွပ် အကြောင်းကို ဒေါ်နီနီသစ်ဆီက သိပြီးသွားပြီ ထင်သည်။

"ကိုကြီး ... မေ ဖုန်းဆက်လို့ ရပါသေးတယ်နော်"

သွင့် လက်ချောင်းလေးများက မေ့ စကားကြောင့် သူ့လက်ကို ဆုပ်ကိုင်ထားမှု ပို၍ တင်းကျပ်သွားသည်။





"ရပါတယ် မေ ... ကိစ္စရှိရင် ဆက်ပေါ့ ... မေက ကိုကြီးရဲ့ မွေးစားညီမလေးပဲ"

ခပ်ရွှန်းရွှန်း စကားဖောက်၍ ပြောလိုက်စဉ် မေ့အပြုံးများ ပြန်၍ တောက်ပသွားသည်။

သူ မေ့ကို ညီမလေး အဖြစ်နဲ့ပဲ ခင်မင်တွယ်တာမှု ပေးဆပ်နိုင်မည် ဖြစ်သည်။

♦❣♦



www.burmeseclassic.com

www.burmeseclassic.com



ဈေးမှ ပြန်လာဟန်တူသော ဒေါ်ကြီးနွဲ့ကို ခြင်းတောင်းတစ်ခုနှင့် မနိုင်မနင်း လျှောက်လာနေသည်ကို တွေ့ရသဖြင့် ကားကြုံ ခေါ်လာခဲ့လိုက်သည်။

"ကားကလည်း ဒင်ပယ်(လ်) နေမကောင်းသေးတော့ မပို့နိုင်းချင်ဘူးလေ ... ဆိုက်ကားလေး ဘာလေး စီးရအောင်လည်း မတန်တဆ ဈေးတောင်းတာနဲ့ လမ်းပဲလျှောက်လာခဲ့လိုက်တော့တယ်"

ဆေးရုံတွင် သုံးရက်သာ နေရတော့ ဒင်ပယ်(လ်)က အိမ်သို့ပြန်ရောက်နေပြီ ဖြစ်သည်။

"မေက နေမကောင်းသေးဘူးလား"

ဒေါ်ကြီးနွဲ့ စကားထဲက အတိုင်း မေးလိုက်စဉ် ...





"အဖျားတော့ မရှိတော့ပါဘူး ... စိတ်ပဲ နေမကောင်းနေတာလို့ ပြောရမလို ဖြစ်နေပြီ"

ဒေါ်ကြီးနွဲ့ရဲ့ စိုးရွံ့တဲ့ မျက်နှာကို နောက်ကြည့်မှန်ထဲမှ မြင်နေရသည်။

သူတစ်ပါးရဲ့ အတွင်းရေး ဖြစ်နေ၍ ဆက်မမေးတော့ဘဲ နေလိုက်သော်လည်း ဒေါ်ကြီးနွဲ့သည် ဘယ်ကတည်းက ပြောချင်နေမှန်း မသိသော စကားများကို သူ မမေးပါဘဲနှင့် ပြောချလိုက်တော့သည်။

"ဒင်ပယ်(လ်)က မောင်မိုးစက်ညို အပေါ် 'တော်တော်သံယောဇဉ် ရှိခဲ့တာ ... ဒေါ်ကြီးနွဲ့က သူ့ကို ငယ်ငယ်ကတည်းက မထိန်းခဲ့ရဖူးပေမယ့် ဒင်ပယ်(လ်)က ပွင့်ပွင့်လင်းလင်း နေတတ် ပြောတတ်တာမို့ သိခဲ့ရတာ"

ဒီစကားများက ဒင်ပယ်(လ်) အပေါ် ကောင်းစေချင်တဲ့စိတ်နဲ့ ပြောတာလား ... ရှုတ်ချနေတာလား မသိ။ ဒါပေမယ့် စေတနာစကား ဖြစ်နေသည့်တိုင် ဒင်ပယ်(လ်)ရဲ့ သိက္ခာပိုင်း ထိခိုက်မည်ကို ဒေါ်ကြီးနွဲ့ တွေးမိဟန် မတူပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း မေ့ကို ညီမလေးပစ်ယော်ကော်လို သံယော ဇဉ် ရှိပါတယ်"

သူ့ဘက်ကတော့ ဖာဖာထေးထေး ဖေးဖေးမမ်သာ ပြောလိုက်မိသည်။

"ဒေါ်ကြီးနဲ့ နားလည်ပါတယ် … ဒါနဲ့ ဒင်ပယ်(လ်) ဘာ ဖြစ်လို့များလဲ သိလား"

"မိုးမိလို့ဆို"

သူ သိထားသလိုပင် ဖြေလိုက်သည်။ သို့သော် …

"မိုးမိတာတော့ ဟုတ်တယ် … ဘာကြောင့် မိုးမိတာလဲ လို့ မေးတာကွယ်"

"မသိဘူး ခင်ဗျာ"

မသိလည်း မသိသလို၊ မသိလည်း မသိချင်ပါ။

ဒါပေမယ့် … ပြောလိုသော သူကတော့ ဆက်ပြော နေလေသည်။

"ဒင်ပယ်(လ်)အမေ အိမ်ရောက်လာပြီး မောင်မိုးစက်ညို မှာ ချစ်သူရှိတဲ့အကြောင်း … အဲဒီချစ်သူအတွက် လက်စွပ်





လာလုပ်တာကို တွေ့ခဲ့တဲ့အကြောင်း … ဒင်ပယ်(လ်)ကို ပြောပြခဲ့တယ်လေ"

"ဩော် …"

စိတ်မကောင်း ဖြစ်ရုံကလွဲပြီး သူ ဘာတတ်နိုင်ပါ လဲ …။

ဒီကိစ္စက သူတမင် ဖန်တီးခဲ့တာမှ မဟုတ်တာ …

"ဒေါ်ကြီးနဲ့က အဲဒီနားမှာ ဖုန်သုတ်နေရင်း ကြားရတာပါ၊ သူ့အမေလည်း ပြန်သွားရော ဒင်ပယ်(လ်)ကို မတွေ့ရ တော့ဘူး … ဒီလိုပဲ မပြောမဆိုနဲ့ ထွက်သွားနေကျဆိုတော့ ဘယ်စိတ်ပူပါ့မလဲ … မိုးချုပ်တော့မှ ခြံအနောက်ဘက်မှ ငုတ်တုတ်ထိုင်နေတာ တွေ့ရတော့တာပဲ … မိုးက ညနေက တည်းက ရွာနေတာ … ဘယ်လောက်ကြာကြာ မိုးရေထဲ နေခဲ့လဲမှ မသိတာ … အတင်း အိမ်ထဲ ခေါ်သွင်းရတယ်၊ ညလည်းနက်ရော အဖျားကြီးတော့တာပဲလေ"

တဖြည်းဖြည်း သူ့ခြံဝ ရောက်လာပြီဖြစ်၍ ကားကို ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကို ရပ်လိုက်ခြင်းသည် ဒေါ်ကြီးနွဲ့ရဲ့ စကားများကိုပါ ဖြတ်တောက်လိုက်ခြင်းပင်။

"ကျေးဇူးပဲ မောင်မိုးစက်ညို"

ပြောချင်တာကို ပြောသွားခဲ့ပြီးပြီမို့ ဘာမှ မတောင်းဆိုဘဲ ကားပေါ်က ဆင်းသွားလေသည်။

တစ်ဖက်ခြံသို့ ဒေါ်ကြီးနွဲ့ လမ်းလျှောက်သွားသလို သူကလည်း ကားကို ခြံထဲသို့ ကွေ့ဝင်ခဲ့လိုက်သည်။

ခြံထဲတွင် လမ်းလျှောက်နေသော သူ့အဖေက သူကားရပ်ရာ အနီးသို့ ရောက်လာပြီး ...

"သား ... ဟိုဘက်ခြံက အမျိုးသမီးကို ကားကြုံတင်လာတာလား"

သူ့အဖေက ဒေါ်ကြီးနွဲ့ သူ့ကားပေါ်က ဆင်းသွားတာကို မြင်ခဲ့၍ မေးခြင်း ဖြစ်ပေလိမ့်မည်။

"ဟုတ်ကဲ့ ဖေဖေ ... ခြင်းတောင်းလေးလေးကြီး ဆွဲနေတာကို အမြင်မတော်တာနဲ့ ကားကြုံတင်ခဲ့တာပါ"





သူ့အဖေက မျက်မှောင်ကိုကုတ်၍ မနှစ်သက်သည့်အသွင် ...

"တတ်နိုင်ရင် ဟိုဘက်ခြံနဲ့ ကင်းကင်းရှင်းရှင်း နေစမ်းပါသားရယ် ... ရှုပ်ရှုပ်ယှက်ယှက်တွေ"

ရင်ထဲက မလုံမလဲ ဖြစ်သွားသော်လည်း သူ ခေါင်းညိတ်လိုက်ရသည်ပင်။

♦❣♦



www.burmeseclassic.com

www.burmeseclassic.com



"ကိုတို့ လက်ထပ်ရအောင် သွင်"

အလုပ်အကြောင်း စကားပြောနေရာမှ ရုတ်တရက် စကားလမ်းကြောင်း ပြောင်းသွားသော သူ့ကို အံ့သြစွာ ကြည့်သည်။ ပြီးမှ နှစ်သက်ခုံမင်ဖွယ် ရယ်လိုက်ပြီး ...

"ဘယ်လို ဖြစ်တာလဲ ကိုရဲ့"

တစ်ခါတလေ သူလည်း ကလေးတစ်ယောက်လို ပူဆာတတ်သူပင်။

"သွင့်နဲ့ မဝေးချင်လို့လေ"

"ခုရော ဝေးနေလို့လား"

သွင် ပြောတာ မှန်နေ၍ သူ ဘယ်လိုအကြောင်းပြ ရမှန်းမသိ ဖြစ်သွားသည်။

"သွင်ရော ... ကိုရော ... အသက်မငယ်တော့ဘူးလေ"





သွင်က နှစ်နှစ်ခြိုက်ခြိုက် အသံထွက်အောင်ပင် ရယ်လေသည်။

သွင် ရယ်နေသည်ကို မကျေနပ်သလို သူ ကြည့်မိတော့မှ သွင်က မျက်နှာကို ရယ်သွေးသွမ်းရာမှ ပြင်လိုက်ပြီး ...

"သွင် ကျောင်းက ကိစ္စလေးတွေ မပြတ်သေးဘူးလေ ကိုရယ်"

ဒဂုံတက္ကသိုလ်တွင် လက်ထောက်ကထိက အဖြစ် တာဝန်ထမ်းဆောင်နေသော သွင့်ရဲ့ အခြေအနေကိုလည်း သူ သိထားသည်။

"ဘာဖြစ်လဲ သွင်ရယ် ... ကို့ရဲ့ အိမ်သူအနေနဲ့ ကျောင်းကိစ္စတွေ ဆက်လုပ်နေလို့ ရတာပဲ ... သွင် ပြောသလိုဆိုရင် ဆရာမတွေ အိမ်ထောင်မပြုရတော့မလို ဖြစ်နေပြီ"

ဒီတစ်ခါတော့ သူ့အကြောင်းပြချက် ခိုင်လုံသွားသည်ထင်။ သွင်က ချိန်ချိန်ဆဆလေး တွေးနေသည်။ ပြီးမှ ... ဖြည်းညင်းစွာ ...



www.burmeseclassic.com

www.burmeseclassic.com



"မေ့ကြောင့်တော့ မဟုတ်ပါဘူးနော်"

သွင့် စကားက ထူးဆန်းနေသလို၊ သူ့ရင်ထဲကိုလည်း တိုက်ရိုက်ထိမှန်သွားသလို ခံစားလိုက်ရသည်။

"သွင် ... သံသယ ဖြစ်နေလို့လား"

ဘာကြောင့်များ သူ စကားလမ်းကြောင်း မပြောင်းပေးဘဲ ဆက်မေးနေမိပါလိမ့်။

သွင်က ခေါင်းခါလိုက်ပြီး ...

"ကို့ကို သွင် ယုံပါတယ် ... ဒါပေမယ့် ..."

သွင့်ရဲ့ ဒါပေမယ့်သည် ဆန့်ကျင်ဘက် အဓိပ္ပာယ်တစ်ခုကို ဖော်ဆောင်နေသည်။

"ဒါပေမယ့် ... ဘာဖြစ်လို့လဲ သွင်"

သွင်က လေးလံသော သက်ပြင်းတစ်ခုကို ချလိုက်ပြီး ...

"ဘာမှ မဖြစ်ပါဘူး ကိုရယ်"

သွင်က စကားကို လျှောချလိုက်၍ သူ ပို၍ မချင့်မရဲ ဖြစ်သွားရသည်။ သို့သော် သွင့်ကို ဆက်မမေးရက်တော့။





သွင် ကိုယ်တိုင်လည်း မပြောသင့်၍ မပြောခြင်း ဖြစ်မည်ဟု ယူဆ၍ ဆက်မမေးဖြစ်တော့ ...

"သွင် မေမေတို့ဆီက ခွင့်တောင်းကြည့်ပါရစေဦး ကိုရယ်"

ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ သွင်က သူ့ဆန္ဒကို ဖြည့်ပေးသည်ပင်။

နူးညံ့သိမ်မွေ့လွန်းသော ချစ်သူ သွင့်ရဲ့ လက်ဖဝါးများကို ဆုပ်ကိုင်၍ သူ့ပါးတွင် အပ်ထားလိုက်ပြီး ...

"သွင်ရယ် ... သွင့်ကို ကို သိပ်ချစ်တာပဲကွယ်"

ချစ်သူနဲ့ သူ့ကြားတွင် ဘယ်လို အနှောင့်အယှက်မျိုးကိုမှ မလိုလားသည်ကတော့ သူ့ရင်ထဲက ဆန္ဒဖြစ်သည်။

♦ ♥ ♦



www.burmeseclassic.com

www.burmeseclassic.com



သူ့ညှော်သည်များကို ဟိုတယ်သို့ ပြန်ပို့ရင်း ဟိုတယ်ရှေ့ရှိ ကဖေးဆိုင်လေးထဲသို့ မေနဲ့ ကောင်လေးတစ်ယောက် ဝင်သွားတာကို တွေ့လိုက်ရသည်။

သူက ခရီးသည်တင် ကားပေါ်မှ မြင်လိုက်ခြင်းဖြစ်၍ သူ့ကို မေက မမြင်။

ဘောင်းဘီရှည်အကျပ်နှင့် အင်္ကျီလက်ပြတ်ကို ဝတ်ထားသော မေနှင့် ဘောင်းဘီဝတ် ကောင်လေးတစ်ယောက်။

စကားပြောရင်း ရယ်ရယ်မောမော ဝင်သွားကြခြင်း ဖြစ်သည်။

ညှော်သည်များ ပြန်နားကြပြီဖြစ်၍ သူလည်း ပြန်နားရုံပင်။ သို့သော် မေတို့ကို အကဲခတ်ချင်သေးသော ဆန္ဒကြောင့် သူတို့ ဝင်သွားရာ ဆိုင်လေးထဲသို့ လိုက်ဝင်သွားလိုက်မိသည်။





အတွဲများ နှစ်သက်သော ဆိုင်လေးအဖြစ် နာမည်ကြီးသော ဆိုင်လေးသည် ဝင်လိုက်သည်နှင့် ခပ်မှိန်မှိန် အလင်းရောင်က ညွတ်နူးဖွယ် ကြိုဆိုသည်။

သီချင်းသံ တိုးတိုးနှင့် တစ်ဝိုင်းနှင့် တစ်ဝိုင်း ပန်းဆွဲလေးများနှင့် လှပသေသပ်စွာ ကန့်ထားသဖြင့် အကာအရံလိုလို အတားအဆီးလုလို အတွဲလေးများကိုသာ သီးသန့် တွေ့ရသဖြင့် တစ်ယောက်တည်း ဝင်လာသော သူ့အတွက် ခပ်ကြောင်ကြောင်ပင် နိုင်လွန်းနေသည်။

မေတို့အတွဲကို လွယ်ကူစွာ ရှာတွေ့ပြီး သူတို့နှင့် အနီးဆုံးနေရာတွင် သူ ဝင်ထိုင်လိုက်သည်။

တစ်ခုခုကို ငြင်းခုံ နေကြဟန်တူသော မေတို့အတွဲကို သူ ကောင်းစွာ မြင်နေရသည်။

စားပွဲထိုးကို ကော်ဖီတစ်ခွက်သာ မှာလိုက်ပြီး မေတို့ကိုသာ သူ ကြည့်နေမိလိုက်သည်။

မေ့မှာ ရည်းစားရှိသည်ဟု တစ်ခါမှ သူ့ကို ပြောမပြခဲ့ဘူးပေ။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ အနေစိမ်းသွားသော တစ်လကျော် ကာလအတွင်း မေ့တွင် ရည်းစားရှိနေလေပြီကား ...

ကြည့်နေရင်းနှင့်ပင် မေ့ လက်ကို ကောင်လေးက ဆွဲကိုင်လိုက်လေသည်။

မေက အမှတ်မထင် ဖြစ်၍လား မသိ၊ ကောင်လေး လက်ထဲသို့ မေ့ လက်လေး ရောက်သွားသည်။

သို့သော် ... မေက ချက်ချင်းပင် ရုန်းဖယ်နေသည်။

ပါးစပ်မှ တစ်ခုခုကိုပါ ပြောနေသော်လည်း သူ မကြားရ။

အတင်းအကျပ် မေ ရုန်းလေ၊ ကောင်လေးက တိုးကိုင်လေ ဖြစ်နေသည်။

တဖြည်းဖြည်း မေ့ မျက်နှာက နီမြန်းလာပြီး မျက်နှာပါ ပျက်လာတာ တွေ့နေရသည်။

ချထားသော ကျောပိုးအိတ်ကိုပင် အားနေသော လက်နှင့် ကောက်လွယ်လိုက်ပြီး ကောင်လေး လက်ထဲက လက်ကို အတင်းရုန်းဖယ်နေဆဲ ...





သူ့ရှေ့သို့ ရောက်လာသော ကော်ဖီကို သူ မသောက်ဖြစ်တော့ဘဲ နေရာမှ ထလိုက်သည်။

ရှတ်ခနဲ ခြေလှမ်းကျဲကြီးများဖြင့် မေတို့ အရှေ့ကို သူ ရောက်သွားသည်။

မေက အနီးတွင် လာရပ်သော လူရိပ်ကြောင့် မော့ကြည့်ပြီး သူ့ကို မြင်သည်နှင့် ...

"ကိုကြီး"

စိုးထိတ်သွားသော မျက်နှာနှင့် နေရာမှ ထလိုက်စဉ် တစ်ဖက်က လက်တစ်ဖက်ကို ဆွဲထား၍ ယိုင်ခနဲဖြစ်ပြီး ပြန်ထိုင်ကျသွားသည်။

"လိုက်ခဲ့ ... မေ"

သူ့နှုတ်က မာထန်သော အသံဖြင့် အမိန့်ပေးလိုက်စဉ် ကောင်လေးက နားမလည်စွာ သူတို့ကို ကြည့်နေသည်။

"မေ့ကို ကိုယ် ခေါ်သွားမယ် ညီလေး ... မပြေလည်တာရှိရင် နောက်မှ အေးအေးဆေးဆေး ဆွေးနွေးကွာ ... ဒီနေ့ သူ့အဖေ သူ့ကို လိုက်ရှာခိုင်းနေလို့"



www.burmeseclassic.com

www.burmeseclassic.com



ယုံယုံ မယုံယုံ ရိုးသားသော လိမ်လည်ခြင်းမျိုးကို သူ သုံးလိုက်သည်။

"ဟုတ်လား မေ"

ကောင်လေးက မေ့လက်ကို မလွှတ်သေးဘဲ ဖေး လိုက်သည်ကို တွေ့ရသည်။

"ဟုတ်တယ် ... သူက မေ့ရဲ့အစ်ကိုဝမ်းကွဲပါ ... မေ လိုက်သွားမှ ဖြစ်မယ်"

မေ့စကားကို ယုံ၍လား၊ မပြောသာ၍လား မသိ မေ့ လက်ကို သူ လွှတ်ပေးလိုက်သည်။

အလာတုန်းကလိုပင် ခြေလှမ်းခပ်ကျဲကျဲနှင့် လျှည်း ထွက်လာသော သူ့နောက်ကို မေက မပြေးရုံတစ်မယ် ခြေလှမ်း သွက်သွက်နှင့် လိုက်လာလေသည်။

အလုပ်ကိစ္စရှိ၍ ကားမယူလာခဲ့သဖြင့် သူ ကားမှာ ရန် ပြင်လိုက်စဉ် ...

"ကိုကြီး ... မေ့မှာ ကားပါတယ် ... မေ လိုက်ပို့ပေးပါ့မယ်"

ငြင်းလိုက်ဖို့ ကောင်းသော်လည်း မငြင်းမိတော့ ...





မေ့ ကားထဲသို့ သူ ဝင်ထိုင်လိုက်သည်။

မေ မောင်းသော ကားပေါ်တွင် ငြိမ်သက်စွာ သူ ပါလာခဲ့သည်။ မေက သူ့ကို အိမ်သို့ ပြန်မပို့ပေးသေးဘဲ ကရ ဒီတ်ထဲသို့ ကားကို မောင်းဝင်သွားသည်။ သူကိုယ်တိုင်လည်း မေ့ကို ပြောစရာတွေ ရှိနေသဖြင့် မတားဖြစ်တော့။

♦❣♦



www.burmeseclassic.com

www.burmeseclassic.com



မေက အရင် ကားပေါ်က ဆင်းလိုက်ပြီး ...

"ကိုကြီး ... မေ့ကို ဆုချင်တယ် ... ပြောချင်တယ် မဟုတ်လား"

သိရက်နှင့် ရင်ဆိုင်ဝံ့သော မေ့ကို ချီးကျူးရမလား အံ့ဩစွာ ရှုတ်ချရမလား မသိ။

သူ ကားထဲက လိုက်ဆင်းလိုက်ပြီး မေ ရပ်နေသော နေရာနှင့် မနီးမဝေးတွင် ရပ်လိုက်သည်။

"အဲဒီကောင်လေး ဘယ်သူလဲ ... ဘာလုပ်လဲ ... ဆိုတာတွေကို ကိုကြီး မမေးပါဘူး ... ဒါပေမယ့် လူမြင်ကွင်းမှာ ဒီလိုမျိုး မသင့်တော်ဘူးလို့တော့ ပြောချင်တယ်"





မေက တစ်ခုခုကို စောဒကတက်ရန် ပြင်လိုက်ပုံရသည်။ သို့သော် ... သူက မေ့ စကားများကို ကြားဖြတ်ဝင်ခွင့် မပေးသေးဘဲ ဆက်ပြောလိုက်သည်။

"မေ့မှာ အတည်တကျ ချစ်တဲ့သူ ရှိနေတယ်ဆိုရင် ကိုကြီး ဝမ်းသာပါတယ် ... ဒါပေမယ့် အဲဒီချစ်သူဟာ မေ့အတွက် ဘယ်လောက် လုံခြုံမှု နွေးထွေးမှု ပေးနိုင်မလဲ ဆိုတာတော့ မေ တွေးတတ်ရမယ်"

"သူက မေ့ ချစ်သူ မဟုတ်ဘူး ကိုကြီး"

မေ့ စကားကို သူ ယုံချင်သော်လည်း ယုံ၍ မရပေ။

ချစ်သူ မဟုတ်သော ယောကျ်ားလေးတစ်ယောက်နှင့် ချစ်သူစုံတွဲများသာ သွားလေ့ရှိသော ဆိုင်ကို မေ ဘာကြောင့် သွားရသလဲ ...

"ဒေါ်နီနီသစ်ကိုတောင် မေ့ မိတ်ဆွေပါလို့ မေ လိမ်ပြောခဲ့ဖူးတာပဲ"

မေ့ မျက်နှာက မလုံမလဲနှင့် အပြစ်ရှိသူပီပီ ခေါင်းငုံ့သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောပါဦး ... အမေကို အမေပါလို့ မိတ်မဆက်ပေးရဲရအောင် မေ့မှာ ဘယ်လိုလျှို့ဝှက်တွေ ရှိနေလို့လဲ ... အစ်ကိုလို ယုံကြည်ပါတယ်ဆိုတဲ့ ကိုကြီးကိုတောင် မေ လိမ်ခဲ့သေးတာပဲ"

"မဟုတ်ဘူး ကိုကြီး ... မေ ... မေ ..."

ကမျောကသော ငြင်းဆန်လိုက်သော မေ့ကို အထိရောက်ဆုံး ပေးသင့်သော ပြစ်ဒဏ်သည် မယုံကြည်မှုကို ပေးအပ်ထားခြင်းသာ ဖြစ်သည်။

"မေ ... သူ့ကို ပျင်းလို့ အပျော်တွဲနေတာပါ ... သူ့ကို မေ အဖြေမပေးရသေးပါဘူး"

စိတ်ပျက်စရာကောင်းအောင် ညံ့ဖျင်းသော အတွေးမျိုး မေ့မှာ ရှိနေတာ တွေ့ရသဖြင့် သူ ဒေါသဖြစ်သွားသည်။

"မင်း ပျင်းတိုင်း ဒီလိုယောက်ျားလေးတွေနဲ့ တွဲနေတာပဲလား"

ခက်ထန်သော အသံကို မေနဲ့ကျမှ သူ သုံးနေရသည်။





သူ့ဆီက မမျှော်လင့်ထားသော ရှုတ်ချ အပြစ်တင်မှုကြောင့် မေ့ မျက်လုံးများက အံ့ဩစွာ ဝိုင်းစက်သွားသည်။ ပြီးမှ တအိအိ ညှိုးငယ်စွာ မျက်ရည်ကြည်များ ဝေ့တက်လာပြီး ...

"မေ့ အနားမှာ ဘယ်သူနေပေးကြလို့လဲ"

သနားလိုက်ချင်သည်။ နှင့်နှင့်သီးသီး သနားဖို့လည်း ကြိုးစားလိုက်ချင်သည်။ သို့သော် ... သနားရန်ဟူသော အကြောင်းပြချက်နဲ့ ပေးဆပ်မှုကို သူ့မှာ ပေးစွမ်းနိုင်စွမ်း မရှိ။

"မေ့အနားမှာ အဖော်တစ်ယောက် အမြဲရှိနေရအောင် မေက ငယ်ရွယ်တဲ့ ကလေးတစ်ယောက် မဟုတ်ဘူး ... ပြီးတော့ အဖော်ရှိမှ နေတတ်တယ်ဆိုတဲ့ စိတ်ဟာ ကောင်းတဲ့စိတ်လည်း မဟုတ်ဘူး"

မေက မျက်ရည်ကြည်များကို မကျအောင် ထိန်းထားရသည်။

"မေ့ကို အဖော်မင်အောင် ဘယ်သူ သင်ပေးခဲ့တာလဲ ... မေ့ကို ခင်တတ်အောင် သင်ပေးပြီး နောက်ဆုတ်သွားတာကရော ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ မေ့ကို မကြည့်။ အဝေးသို့သာ မျှော်ကြည့်နေ လိုက်သည်။

ဒါပေမယ့် ... သူ့မြင်ကွင်းထဲတွင် ဘာကိုမျှမမြင်။

"မေ"

မေ့အတွက် အကောင်းဆုံး အကြောင်းပြချက်နှင့် စကားလုံးများကို ရွေးချယ်လိုက်ပြီးမှ မေ့ကို ခေါ်လိုက်သည်။

မျက်နှာနီနီနှင့် မော့ကြည့်လာသော မေက သူ့ဆီက စကားများကို မျှော်လင့်စွာ နားထောင်လျက် ...

"မေ ... တစ်ယောက်နဲ့ တစ်ယောက် ခင်မင်တယ်ဆိုတာ ညီမျှတဲ့ အပေးအယူ ... စိတ်ဓာတ် ... သံယောဇဉ်မျိုးရှိနေမှ အဲဒီခင်မင်မှုက ခိုင်မြဲတယ်"

မေ သူ့စကားရဲ့ အဓိပ္ပာယ်များ နားလည်ပါလေစ အားငယ်စွာ ဝိုင်းစက်နေသော မျက်ဝန်းများကို တည့်တည့်ကြည့်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

"ကိုကြီး ဆိုလိုတာ ကိုကြီးနဲ့ မေ စိတ်ချင်းမတူလို့ ခင်လို့ မရဘူးလို့ ဆိုလိုတာလား"





သူပြောလိုသည့် သွယ်ဝိုက်သော အနက်ကို ပွင့်လင်းစွာပင် မေက ထုတ်ပြောရှာလေသည်။

"မေ့ကို ကိုကြီး ခင်ပါတယ်"

ဒါပေမယ့် ... မေ လိုချင်တာ ဒီလောက်ပဲ မဟုတ်ဘူးဆိုတာ သူ သိနေတဲ့ အတွက် ...

"မေလေ ... မေ ..."

ဆက်မပြောစမ်းနဲ့ မေ ...

မရမှာကို သိနေရက်နဲ့ ဆုံးရှုံးမှုကို မရယူစမ်းနဲ့။

"ပြန်ကြရအောင် မေ"

ပြန်ကြခြင်းသည် အကောင်းဆုံး စကားစဖြတ်ရန် အကြောင်းပြချက်ပင် ...

"မေ နေခဲ့ချင်သေးတယ်"

အရင်က မေ လာတတ်သော နေရာလေး ဖြစ်နေတာ သူ သတိထားမိသော်လည်း ...

"တစ်ယောက်တည်း နေလို့မသင့်တော်ဘူး မေ"



www.burmeseclassic.com

www.burmeseclassic.com



လှပြက်သော နေရာမဟုတ်သလို မိန်းကလေးတစ်ယောက်တည်း တွေဝေးရန် သင့်တော်သော နေရာလည်း မဟုတ်ပေ။

"ဟင့်အင်း"

မေက သူ့စကားကို ဆက်ငြင်းလိုက်စဉ် ...

"မေ ... ကိုကြီး စကားကို နားမထောင်ဘူးလား"

ဒီလို စကားမျိုးနှင့် မေ့ကို သူ သိမ်းသွင်းနိုင်ခဲ့သော်လည်း ဒီအချိန်မှာတော့ သူ မသုံးချင်တော့ပေ။ သို့သော် သုံးရဦးမည့် အခြေအနေ ဖြစ်နေ၍ ...

"မေ ... ပြန်လိုက်ခဲ့ပါမယ် ကိုကြီး"

ညီမလေး တစ်ယောက်ရဲ့ နာခံမှုမျိုးအဖြစ် သူ ရင်ထဲ ကျေနပ်သွားသည်။

လမ်းတစ်လျှောက်လုံး ငြိမ်သက်စွာ လိုက်ပါလာခဲ့သော မေ ... ဘာတွေ စဉ်းစားနေပါလိမ့်။

♦❣♦





လမ်းထိပ်တွင် သူ ဆင်းနေခဲ့လိုက်ပြီး အိမ်သို့ လမ်းလျှောက်ပြန်ခဲ့လိုက်သည်။

အိမ်ထဲဝင်လိုက်သည်နှင့် ဧည့်ခန်းထဲတွင် ထိုင်နေကြသော သူ့အဖေနှင့် အမေကို တွေ့ရသည်။

အပြင်က ပြန်လာသည်နှင့် သောက်လေ့ရှိသည့် သံပရာရည် ဖန်ခွက်ကို ဖေဖေ့ရှေ့ရှိ စားပွဲပေါ်တွင် တွေ့ရသဖြင့် မကြာသေးခင် အချိန်က ဖေဖေလည်း ဆိုင်က ပြန်လာခဲ့ကြောင်း သိနိုင်ပေသည်။

"သား ... အဝတ်အစား လဲပြီးရင် ပြန်ဆင်းလာခဲ့ဦး ... စကားပြောစရာ ရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေက တစ်စုံတစ်ခုကို ထိန်းချုပ်၍ ပြောလိုက်သလို သူ့အမေရဲ့ စိုးရွံ့သော မျက်လုံးများကိုပါ တွေ့ရသဖြင့် သူ့ကိုပြောမည့် စကားက အရေးကြီးနေမည်ဖြစ်ကြောင်း ခန့်မှန်းမိလိုက်သည်။

ပေါ့ပါး၍ သက်သောင့်သက်သာဖြစ်သော လက်တိုစွပ်ကျယ်တစ်ထည်နှင့် ချည်ပုဆိုး တစ်ထည်ကို လဲဝတ်လိုက်ပြီး အောက်ထပ်သို့ ခပ်မြန်မြန် ဆင်းခဲ့လိုက်သည်။

သူ တက်သွားတုန်းက သူ့အဖေနှင့် အမေသာ ရှိနေသည်။ ယခု ... သူ့အဒေါ်ပါ တိုးလျက် အားလုံးက သူဆင်းလာတာကို ခပ်လောလော ကြည့်နေကြလျက် ...

တရားသူကြီး သုံးယောက်ကြားတွင် ရောက်နေသော တရားခံတစ်ယောက်လို သူ အလိုလို မှေးမှိန်သွားသည်။

"ထိုင်"

သူ့အဖေက ရပ်နေသော သူ့ကို မေးဆတ်၍ မျက်နှာချင်းဆိုင်ခုံတွင် ထိုင်ခိုင်းသည်။





သူ ဝင်ထိုင်လိုက်ရင်း သူ့အဖေဆီက စကားများကို နားထောင်လိုက်သည်။

"သား ... ဒီနေ့ ဘယ်သွားလဲ"

သူ့ကို ဘယ်တုန်းကမှ မစစ်ဆေး မမေးမြန်းဖူးသော သူ့အဖေက ထူးထူးဆန်းဆန်း မေးခွန်းများ မေးနေသည်။

"အလုပ်လေ ဖေဖေရဲ့ ... ဘာဖြစ်လို့လဲ"

သူ့အဖေက သူ့အဖြေကို သဘောမကျစွာဖြင့် မျက်မှောင်ကုတ် ကြည့်နေသည်။

"အလုပ်က ပြီးတော့ရော ..."

သူ ရယ်ရန် ကြိုးစားလိုက်သော်လည်း သူ့အရယ် မပီပြင်။ မလုံမလဲနှင့် လိပ်ပြာမလုံမှုကို ကာကွယ်သလိုပင် ဖြစ်သွားသေးသည်။

"ကရဝိတ်ဘက် ခဏဝင်တယ်"

သူ့ ဖြေသံက ခပ်တိုးတိုးသာ။ သူ့အဖေကို ငယ်စဉ်ကတည်းက ယခုအထိ သူ ကြောက်နေဆဲပင်။

"သားတစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေရဲ့ တစ်ဆင့်ပြီးတစ်ဆင့် တက်လာသော မေးခွန်းများသည် ကြိုသိပြီးသား အရာများကို မေးနေသလို ...

"အဖော်နဲ့ပါ"

သူ့အမေကို ကြည့်လိုက်စဉ် သူ့အမေကလည်း သူ့ကို ချောင်ပိတ်ဖမ်းနေသည့် အကြည့်မျိုးနှင့်ပင် ကြည့်နေသည်။

"အဲဒီအဖော်က ဘယ်သူလဲ ... နတ်သွင်မြည်လား"

သူ့အဖေရော အမေပါ သွင်နဲ့ သူ့အကြောင်းကို သိထားကြသူများဖြစ်၍ ဒီမေးခွန်းကို တမင်မေးလိုက်ခြင်းပင် ဖြစ်ပေလိမ့်မည်။

"သွင်နဲ့ မဟုတ်ပါဘူး ... မေနဲ့ပါ"

သူ့အဖေ လိုချင်သော အဖြေက ခုမှပင် ပေါ်လာသည်။

"မေတဲ့ ... တောက် ..."

သူ့အဖေက စိတ်ကြီးသူပီပီ ခပ်ကြမ်းကြမ်း တောက်ခေါက်လိုက်သည်။





သူ့အမေကမူ မျက်လုံးများကို မှိတ်၍ စိတ်ခါတ်အကျကြီး ကျနေသည်နှယ် ... သူ့အဒေါ်ကတော့ အခိုးထွက်လု မတတ် မျက်လုံးများနှင့် သူ့ကို ကြည့်နေသည်။

"ဘယ်က မေလဲ ... ဟိုဘက်ခြံက ကောင်မလေးက မေ လား"

ဖေဖေ့ အသံက ဒေါသဖြင့် ကျယ်လောင်ဆူပွက်သွားသည်။

"ပြောလေ သား ... သား အဲဒီကောင်မလေးနဲ့ ပတ်သက် နေတာလား"

သူ့အမေကတော့ ဘယ်တုန်းကမှ သူ့အပေါ် မကြမ်း တမ်းခဲ့သူမို့ ခပ်လောလော မေးရှာသော ...

"သားနဲ့ ခင်ရုံ ခင်တာပါ မေမေ"

အသက်သုံးဆယ် ပြည့်ခါနီး သားတစ်ယောက်သည် ခုတော့ အားလုံးရှေ့တွင် ကလေးတစ်ယောက်နှယ် စိုးလျှိုးရွံ့ လျှက် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... သူတို့မိသားစု အကြောင်း ဘယ်လောက်သိလို့ သွားပတ်သက်ရတာလဲ ... မိဘရှိရက်နဲ့ မိဘအုပ်ထိန်းမှု အောက်မှာ မနေတဲ့ မိန်းကလေးကိုမှ ခွင်တတ်ရသလား"

ဖေဖေ့ရဲ့ အစွဲကြီးသော စိတ်ကို ဘယ်အရာနဲ့မှ ဖြည့်နိုင်မည် မဟုတ်ပေ။

"ဟုတ်ပါ့ ... ငါကတော့ ပိုက်ဆံကုန်ခံပြီးတော့ အုတ်တံတိုင်း ခတ်လိုက်သေးတယ် ... ခုန်ချင်တဲ့သူက အုတ်တံတိုင်း မပြောနဲ့ သံကွန်ချာလည်း ကျော်တာပါပဲ"

သူ့အဒေါ်ကပါ မဲ့ကာရွဲ့ကာ သူ့ကို အပြစ်တင်နေသည်မို့ သူ စိတ်ရှုပ်လာသည်။

ဒါပေမယ့် သူ့မှာ ဒေါသကို အော်ဟစ်ပေါက်ကွဲ ပိုင်ခွင့် မရှိပေ။

"ပြောစမ်းပါဦး ... မင်းနဲ့ ခင်ရုံသာ ခင်တာပါဆိုတဲ့ ကောင်မလေးနဲ့ ကရုဝိုက်ထဲမှာမှ ဘာကြောင့် သွားစကား ပြောရတာလဲ"





နေရာနဲ့ အချိန်ဟာ အခြေအနေကို အထောက်အပံ့ ပေးနိုင်တယ် ဆိုပေမယ့် တစ်ခါတလေ လွဲချော်မှု ရှိတတ်တာ ဖေဖေ မသိဘူးလား။

"သား ဘာမှဆက်ပြီး ရှင်းမပြချင်တော့ဘူး ဖေဖေ၊ သား ပြောချင်တာက သားနဲ့ မေ ခင်ရုံခင်ကြတာ ဆိုတာပါပဲ၊ ပြီးတော့ သားသိက္ခာကို ယုံကြည်ပေးပါ"

ဒီစကားလုံးတွေကိုတော့ အားလုံးရဲ့ မျက်ဝန်းများ နဲ့ တည့်တည့်ဆိုင်ပြီး ပြောလိုက်သည်။

"ကောင်းပြီ ... မင်းကို ယုံကြည်ဖို့ ငါတို့ စောင့်ကြည့် လိုက်ဦးမယ်"

ဖေဖေက ခေါင်းကို မာန်ပါပါညိတ်ရင်း စကားဝိုင်းမှ ဖဲ့ထွက်သွားသည်။

သူ့အမေရဲ့ စိုးရိမ်သော မျက်ဝန်းများကိုမူ နှစ်သိမ့် စေသော မျက်ဝန်းများဖြင့် နှစ်သိမ့်လိုက်မိသည်။

သူ့အဒေါ်ကိုမူ သူငယ်ငယ်ကတည်းက အနိုင်နဲ့ ပိုင်း၍ ကြည့်တတ်သော အကြည့်များဖြင့်သာ တုံ့ပြန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား သွားနားတော့မယ် မေမေ"

သူ့အမေကို ပြောပြီးသည်နှင့် သူလည်း ဆိတ်ငြိမ်စွာ စကားဝိုင်းမှခွာ၍ အပေါ်သို့ တက်ခဲ့လိုက်သည်။

♦❣♦





"သွင် ... မေ့ကို မြို့ထဲမှာ တွေ့ခဲ့တယ် ကို"

သွင့်ကို ကျောင်းသွားကြိုစဉ် သွင်က ကားပေါ်၌ သူ့ကို ပြောသည်။

"မေ တစ်ယောက်တည်းလား"

သွင်က ကားမောင်းနေသော သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သဖြင့် ...

"ကို ဆိုလိုတာက မေ့သူငယ်ချင်းတွေ ပါလားလို့ပါ"

သွင်က သူ့ကို အားတုံ့အားနာ ကြည့်ရင်း ...

"ဟင့်အင်း ... မေ တစ်ယောက်တည်းပါ ... ပြီးတော့ ... သွင်တို့ အအေးဝင်သောက်ကြသေးတယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပေါ့ပေါ့သာ သူ ပြောလိုက်သော်လည်း သွင်က အလေးထားဟန် တူသည်ထင် ... မေ့ အကြောင်း စကားဆက်နေပြန်သည်။

"သွင့်ကို ကိုနဲ့ ပတ်သက်ပြီး မေးသွားလိုက်တာမှ အများကြီးပဲ ... အင်တာဗျူး ဝင်နေတာလား အောက်မေ့ရတယ်။ ရည်းစားဖြစ်တာ ဘယ်လောက်ကြာပြီလဲတဲ့ ... ဘယ်လိုတွေ့တာလဲတဲ့ ..."

"သွင်ကရော ဖြေခဲ့လို့လား"

"ဖြေခဲ့တာပေါ့ ... သွင် ပြောဖူးသားပဲ သွင်တို့နှစ်ယောက်အကြောင်း ပြန်ပြောရတဲ့ အရသာကို သွင် သိပ်နှစ်သက်တယ်လို့လေ ... ကြည်ကြည်နူးနူးကို ပြောပြခဲ့တာပေါ့"

သွင့် မျက်နှာပေါ်က ကျေနပ်ပြုံးကို ကြည့်ပြီး သူ ယုံပါသည်။

"မေက အားကျနေပုံရတယ် ... သူ့အသက်လည်း မငယ်ပါဘူး ကိုရယ် ... ချစ်သူလေး ဘာလေး ထားချင်ရှင်ထားပါစေ"





ကို ချုပ်ကိုင်ထားတာမှ မဟုတ်တာ သွင်ရဲ့ ...

စိတ်ထဲမှသာ ပြောဖြစ်လိုက်သည်။

"မေ့ဘာသာမေ မထားတာပဲ သွင်ရယ်၊ ကိုနဲ့ ဘာဆိုင်လို့လဲ"

တကယ်ပြောဖြစ်တော့ တောင်းပန်သံပင် ပါသွားသေးသည်။

"ဒါပေမယ့် ... မေ ပြောတော့ ကိုက ရည်းစားမထားနိုင်းလို့တဲ့"

မေ ဘာဖြစ်လို့ ဒီလိုပြောရတာပါလိမ့် ...

စေတနာကို အစော်ကား ခံလိုက်ရသည့်နှယ် ... ရင်ထဲက အံ့သြနာကျင်သွားသည်။

"တော်ပြီ သွင် ... ဒီကောင်မလေးက ကို့ စေတနာနဲ့ မတန်တော့ဘူး ... သွင်ရော ကိုပါ ခေါင်းထဲက ထုတ်ထားလိုက်ရအောင်"

မေ ဘာကြောင့် ဒီလို ပြောလိုက်သည်ကို မစဉ်းစားတတ်သော်လည်း ဒီစကားက သွင်နဲ့ သူ့ကြားတွင် ဆူးခလုတ်တစ်ခုအဖြစ် ဖန်တီးနိုင်တာတော့ သေချာနေသည်မို့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကို မပြောခဲ့ဘူး ဆိုရင် သွင် ဂျေနုပ်ပါတယ် ... ကို ပြောသလို သွင်တို့ သူ့ကို ခေါင်းထဲက ထုတ်ထားကြရအောင် ... မေက အပြစ်ကင်းတဲ့ ကလေးတစ်ယောက်လို ချစ်စရာကောင်းတတ်သလို ကြောက်စရာလည်း ကောင်းတတ်သလား မသိဘူး"

သွင်က ရှင့်ကျက်ဖြူစင်သူပီပီ သူတစ်ပါးကို အပြစ်တင်ရန် ဝန်လေးတတ်သူပင်၊ ချိန်ချိန်ဆဆနှင့် စိတ်ရှုပ်နေပုံလေးကိုပင် သူက မြတ်နိုးလွန်းစွာ ...။

♦ ❣ ♦





စာမေးပွဲ ဖြေရတော့မည်ဖြစ်၍ စာကျက်ရန် စာအုပ်များကို စီချထားလိုက်သော်လည်း စိတ်က စာထဲ မဝင်။

ဘောပန်ကိုင်ထားသော လက်များက စာရွက်ပေါ်တွင် စာလုံးတစ်လုံးတည်းကိုသာ ရေးခြစ်လှုပ်ရှားလျက် ...

"ကိုကြီး"

"ကိုကြီး"

"ကိုကြီး"

နှုတ်မှ ဖွဖွလိုက်၍ ရေရွတ်လိုက်စဉ် ရင်ထဲမှာ ဝမ်းနည်းမှုက လှိုက်ခြိုလျက် ...

ကိုကြီးကို အပြစ်မတင်လိုပါ ...

တင်၍လည်း ရမှ မရတာ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက ပေးခဲ့တာမှ မဟုတ်ဘဲ … သူပဲ ရည်ရွယ်စိတ် ဖြစ်ခဲ့တာပါ။ ကိုကြီးရဲ့ မျက်ဝန်းများကို အဓိပ္ပာယ်ကောက်လွဲခဲ့တာလည်း ပါမှာပေါ့ …

"ကလင် … ကလင် … ကလင်"

ညှော်ခန်းထဲက ဖုန်းမြည်သံ ကြားရသဖြင့် စာကြည့်စားပွဲမှ မထချင် ထချင် ထသွားလိုက်သည်။

"ဟဲလို … ပြောပါရှင်"

"မေ …"

အသံက ကြည်ကြည် ပြတ်ပြတ် … ပြီးတော့ အေးစက်မာကျောစွာ …

"ရှင် … ကိုကြီး"

မှတ်မသိရှိပြီးသား အသံဖြစ်နေ၍ စိုးရွံ့စွာ ထူးလိုက်စဉ် …

"ဒီနေ့ကစ,ပြီး ငါနဲ့ သွင် ကြားမှာ ဘာမှပတ်သက်စရာ မကြိုးစားနဲ့တော့ မေ … စေတနာနဲ့ မတန်သူကို လျစ်လျူရှုတဲ့နည်းက အကောင်းဆုံး အပြစ်ပေးမှုလို့ပဲ မှတ်လိုက်ပါ"





"ကိုကြီး … မေ ဘာလုပ်ခဲ့လို့လဲ"

သူမ စောဒကတက်ရန် ကြိုးစားလိုက်သော်လည်း တစ်ဖက်က ဆက်တိုက်ပြောနေသော ကိုကြီးရဲ့ စကားသံများကို မကျော်ဖြတ်နိုင်။

"သွင့်ကို ဘာပြောခဲ့သလဲ ဆိုတာ စဉ်းစားပြီးရင် အဲဒီရဲ့ အပြစ်ကို ကိုယ့်ဘာသာကိုယ်ပဲ ခံယူပေတော့ မေ"

ဖုန်းချသွားသံ တတူတူကို ကြားရက်နှင့် သူမ အငမ်းမရ ဆက်ပြောနေဆဲ …

"မဟုတ်ပါဘူး ကိုကြီးရဲ့ … ကိုကြီးရဲ့ စကားကို နားထောင်တတ်တဲ့ ညီမလေးအဖြစ် ဂုဏ်ယူချင်ရုံ သက်သက်ပါ … မမသွင်ကို ရွဲ့တာ မဟုတ်ပါဘူး ကိုကြီးရယ် … မေ တကယ် ဘာကိုမှ ရည်ရွယ်ခဲ့ပြီး တမင်ပြောခဲ့တာ မဟုတ်ပါဘူး"

သူမ စကားသံကု သူမ တစ်ယောက်တည်းသာ ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခွက်လေးကို မချသေးဘဲ တွေတွေငေးငေး ရေ ရွှတ်နေသော သူမရဲ့ အရိပ်ကို ဗီရိုမှန်တစ်ခုထဲမှာ မြင်နေရသည်။

မျက်ရည်များနှင့် စိုလူးနေသော ဆံပင်များ ပွယောင်း နေသော မျက်လုံးအစ်အစ်နှင့် ကောင်မလေးကို မှန်ထဲက အရိပ် က ရှိုက်ညည်းရင်း ကြည့်နေသည်။

♦ ❣ ♦





၁

"မွေးနေ့အတွက် သမီးအဖေက ပေးခိုင်းလိုက်တာ"

အန်တီထက်ထက်က ကားပေါ်မှဆင်းရင်း လာကြို သော သူမကို အထုပ်တစ်ထုပ် ကမ်းပေးလေသည်။

မနက်ဖြန်မှာ ကျရောက်လာမယ့် သူမ မွေးနေ့ အတွက် ဖေဖေ့ရဲ့ အလိုက်သိမှုက ကျေနပ်စရာပင်။

"ဖေဖေရော ... အန်တီ"

အန်တီထက်ထက်က ခြံစည်းရိုး ကာထားသော ခြံရဲ့ ပြောင်းလဲမှုကို ကြည့်နေသဖြင့် သူမ မေးတာကိုမကြား။

"အန်တီ ... ဖေဖေရော"

"ဩော် ... အစ်ကိုက ခရီးထွက်သွားတယ်လေ ... ဘားအံ ဘက်လို့ ပြောတာပဲ ... အလုပ်ကိစ္စနဲ့သွားတာ သုံးရက်



www.burmeseclassic.com

www.burmeseclassic.com



ကြာမယ် ပြောတယ် ... အဲဒါ သမီးမွေးနေ့ သူ မလာနိုင်လို့ လက်ဆောင် လာပေးခိုင်းတာ ... ဖွင့်ကြည့်လေ ဒင်ပယ်(လ်) ... အစ်ကိုနဲ့အန်တီ အတူတူ သွားဝယ်ကြတာ"

လက်ဖဝါးသာသာ ဘူးလေးထက် သူမ မက်မောသော ဖေဖေ့ရဲ့ အသိအမှတ်ပြုမှုပင် ...

ဒါပေမယ့် အမြဲအလုပ်များတဲ့ ဖေဖေ့ဆီက သူမ အချိန်တွေ လုယူ၍ မရမှန်း သိထားသူမို့ ...

"အင်း"

ဘူးလေးကို ဖွင့်လိုက်စဉ် ...

ရွှေကလစ်လေးက ကြွကြွရွရွနှင့် ဝင်းလဲ့လျက် ... ဖေဖေရဲ့ လက်ဆောင်က အသုံးမဝင်ပေမယ့် ဖေဖေရဲ့ လက်ဆောင် အဖြစ် သူမ အသုံးပြုမှာ သေချာနေသည်။

ရွှေအပွင့်လေးများ၏ အလယ်တွင် ကျောက်နီကလေးများဖြင့် ဝတ်ဆံလုပ်ထားပေးပုံက ချစ်ချင်စရာ ...

"လှလိုက်တာ အန်တီရယ်"



အမေတစ်ယောက်လို မဟုတ်ပေမယ့် အဒေါ်တစ်ယောက်လို ခင်တွယ်မိသော အန်တီထက်ထက်က သူမရဲ့ နှစ်သက်မှုအတွက် ဝမ်းသာနေသည်။

အင်းလေ ... သူလည်း အရွယ်ရောက်ပြီး သမီးရှိသူရဲ့ အဖေကို ယူထားရတာဆိုတော့ မျက်နှာလိုချင်ရှာမှာပေါ့။

"ဒင်ပယ်(လ်)ကြိုက်တာ ... အန်တီ ကျေးဇူးတင်ပါတယ် ... မနက်ဖြန် ,ဒင်ပယ်(လ်) မုန့်ကျွေးမယ်လေ ... အန်တီထက်ထက် လာခဲ့ပါလား"

အန်တီထက်ထက်က အားနာစွာပြုံးရင်း ...

"ဒင်ပယ့်(လ်)အဖေ ခိုင်းသွားတာတွေက အများကြီး ... အိမ်အလုပ်တစ်ဖက် ... သူ့အလုပ်တွေ တစ်ဖက်နဲ့ ... ဒီကြားထဲ လူက ချူချာချင်သေးတယ် ... နောက်ကြုံမှ စားတာပေါ့ ဒင်ပယ်(လ်)ရယ်"

သူမ ပခုံးကို ကြင်နာစွာ ဖက်ရင်း ... ပြောလာတော့လည်း သူမ မငြင်းဆိုရက်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



မေမေ ပေးနိုင်သော ကလစ်လေးကို အံဆွဲထဲ ထည့်သိမ်းထားလိုက်ပြီး ထိုကလစ်လေးသောက အနီရောင်ဘူး လေးကို လှမ်းယူလိုက်သည်။

ပြီးခဲ့တဲ့ နှစ်ရက်က ကျောင်းအပြန် မေမေ့အိမ်ဝင် စဉ်က မေမေ ကြိုပေးခဲ့သော လက်ဆောင်လေး ...

"မောင်မှိုးစက်ညို လုပ်တဲ့ လက်စွပ်ပုံစံလေးကို ကြိုက်လို့ အဲဒီပုံစံအတိုင်း လုပ်ခိုင်းထားတာ ... သူ့လိုတော့ စိန် အရည်အသွေး မကောင်းဘူးပေါ့ သမီးရယ် ... ဒါပေမယ့် သေသေချာချာကြည့်မှ စိန် ကောင်းမကောင်း သိတာပါ"

သူမ အမေသာ မဟုတ်သော လူတစ်ယောက်က လာပေးခြင်းဆိုလျှင် သူမ စူးစူးဝါးဝါး ငြင်းဆန်မိမည်ပင်။

မေမေရယ် ... သူမရင်ထဲကို ထိုးဖောက်မြင်ယောင် နိုင်တယ်ဆို ... သူမ ဘယ်လိုအင်အားနဲ့ ဒီလက်စွပ်ကို ဝတ်ဆင် နိုင်ပါ့မလဲ ...

ဒါမှမဟုတ် ... သူမရဲ့စိတ်ကို လှည့်စားသက်သာ ရာ ရစေရန်များ ဖန်တီးလေရော့သလား ...





လက်စွပ်လေးကို တုန်ယင်သောလက်နှင့် လှမ်းယူ လိုက်စဉ် ... ဖြူသွယ်သော လက်ချောင်းလေးဆီက လက်စွပ်လေး ကို ကွက်ခနဲ မြင်ယောင်လိုက်သည်။ အဲဒီလက်ကပဲ ကိုကြီးရဲ့ လက်ကို အားကိုတကြီး ဆုပ်ကိုင်လို့ ... ကိုကြီးကလည်း မြတ်နိုး ယုယစွာ ဖမ်းဆုပ်လို့ ...

မေမေ့ဆီက ပြန်လာသည်နှင့် လက်စွပ်ကလေးကို ကြည့်ပြီး သူမ အသံတိတ် ငိုရှိုက်ပစ်လိုက်သည်။

အမြဲတမ်း ပိတ်ထားပြီဖြစ်သော ကိုကြီးရဲ့ ပြတင်း ဝကို မျှော်လင့်တကြီး မော့ကြည့်ရတာအမော ...

မပိုင်ဆိုင်ရဘူးဘဲနဲ့ ဆုံးရှုံးတယ်လို့ မပြောနိုင် ... ဆိုတဲ့ စကားက မမှန်တာကို လက်တွေ့သိလာရပြီလေ။

ဘာပဲဖြစ်ဖြစ် ကိုကြီးကို တောင်းပန်ချင်သည်။

ကိုကြီးဆီက မုန်းတီးမှုနဲ့ သူမ အသက်မရှင်ချင်။ အနိုင်မဟုတ်တောင် နှစ်သိမ့်ဆု မဟုတ်တဲ့ အသိအမှတ်ပြုမှုကို တော့ ခံယူချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး သူမကို မတွယ်တာခဲ့ပေမယ့် သူမ တည်ရှိနေမှုကို လိုလားတဲ့ လူတစ်ယောက်အဖြစ် ကိုကြီးဆီမှာ ရှိနေစေချင်သည်။

◆ ❣ ◆





အကြိမ်ကြိမ် ကြိုးစားရလွန်းသဖြင့် သူမ လက်များတွင် ချွေးစေးများဖြင့် စေးကပ်နေသလို ရင်ခုန်နှုန်းကလည်း မြန်ဆန်လွန်းနေသည်။

သူမလက်တွင်မက ခဏခဏ ကိုင်လိုက် ချလိုက် လုပ်ခံရသော ဖုန်းခွက်လေးပင် စေးချောနေလေသည်။

ဒီအချိန် ကိုကြီးရှိနေမှန်း မီးလင်းနေသော အခန်းလေးက ညွှန်ပြနေသည်မို့ ပို၍ စိုးထိတ်နေသည်။

ဖုန်းခလုတ်များဆီသို့ သူမ လက်ချောင်းလေးများ ဝေ့ခဲ သွားရုံနှင့် သူမ ရင်ခုန်နှုန်းက ပိုမြင့်မြင့် သွားသည်။

သူမ အသက်ကိုဝ,အောင် ရှူလိုက်ပြီး ဖုန်းခွက်ပေါ်က နံပါတ်များကို အသက်အောင့်နေစဉ် နှိပ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ ဖုန်းခွက်ကို ယောင်ယမ်း လွှတ်ချမိတော့မလို စိုးထိတ်လျက် ...

သို့သော် ဖုန်းဝင်သွားပြီဖြစ်၍ တစ်ဖက်က ထူးသံကို သူမ ကြားလိုက်ရပြီ ဖြစ်သည်။

"ဟဲလို ... အမိန့်ရှိပါ ခင်ဗျာ"

ဒီအသံ ... ဒီအသံ ကိုကြီး အသံပဲပေါ့။

သူမ ဝမ်းသာလှိုက်လှဲ တမ်းမောစွာ၊ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"ဟဲလို ... ဟဲလို ..."

သူမဆီက ဘာမှ တုံ့ပြန်သံ မကြားရသဖြင့် ထပ်ပြီး ခေါ်နေသည်။

"ကိုကြီး ... မေပါ"

အားတင်း၍ တိုးလျစွာ ပြောလိုက်သော်လည်း ...

"ကိုယ် စကားမပြောချင်ဘူး"

စကားသံနှင့်အတူ ဖုန်းချသွားသံကို မရှေးမနှောင်း ကြားလိုက်ရသည်။





သူမ အံ့ဩမင်သက်စွာ ဖုန်းခွက် ကိုင်ထားမိနေဆဲ ...

"ဟင့်အင်း ... ကိုကြီး မေ့ကို ခွင့်လွှတ်ရမယ် ... မေ တောင်းပန်ပါတယ်"

သူမ စိတ်ထဲက တဖွဖွ ရေရွတ်သံနှင့်အတူ ဖုန်းခလုတ်များကို လက်များက အလိုလို ထပ်နှိပ်လျက် ...

တစ်ဖက်က ဖုန်းထူးသံကြားမှ သူမက တန်းပြောဖို့ သတိဝင်လာသည်။

"ဟဲလို ... အမိန့်ရှိပါခင်ဗျာ"

"ကိုကြီး ... မေပါ ... ဖုန်းမချလိုက်ပါနဲ့ ... မေ တောင်းပန်ပါတယ် ကိုကြီးရယ်"

"မင်း ဘာပြောချင်လို့လဲ"

မာပြတ်သော အသံသည် ကိုကြီးအသံမှ ဟုတ်ပါလေစ ... နူးညံ့သိမ်မွေ့မှုများ သူမအတွက် ကုန်ဆုံးသွားပြီထင်၏။

သို့သော် ... သူမကို အခွင့်ကလေး ပေးသလို ဖြစ်နေ၍ အားတက်သွားတာကတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် မေ့ မွေးနေ့လေ ကိုကြီးရဲ့ ... မေ ကိုကြီးကို တောင်းပန်ချင်တာတွေ စကားပြောချင်တာတွေ ရှိတယ်_ ကိုကြီး မေ့ကို အခွင့်အရေးလေး ပေးပါနော်"

သူမဘက်က မည်သည့် အခြေအနေ အထိတောင် နိမ့်ကျအောက်ကျို့နေရမှန်း မဆန်းစစ်မိတော့၊ အညှိုးငယ်ဆုံး တောင်းပန်နေမိသည်။

"ကောင်းပြီ ... ဘယ်မှာတွေ့မှာလဲ"

ကိုကြီးရဲအသံမာတာကိုပဲ သူမ ဝမ်းသာစွာ လက်ခံ ရင်း ...

"ကရဝိတ်မှာပဲ တွေ့မယ်လေ ... ညနေ လေးနာရီလောက်၊ ညနေစာ မေ ကျွေးမယ်"

အပြောင်းအလဲမြန်စွာ သူမ လန်းဆန်းတက်ကြွ နေသည်။

"ဒါပဲလား"

ဒီမျှ အခွင့်အရေး ပေးထားသည်ကို ထပ်မတောင်းဆို ရဲတော့ ...





"ဟုတ်ကဲ့ ကိုကြီး"

ငြိမ်ဝပ်စွာ နာခံရင်း သူမ ဖုန်းချလိုက်သည်။

အာပဲဖြစ်ဖြစ် သူမကို အသိအမှတ်ပြုသေးသည့် ကိုကြီးရဲ့ လက်ခံမှုအတွက် သူမ ရင်ထဲ ကြည်နူးမြစ်လေး စီးဆင်းသွားစေသည်။

♦ ❦ ♦



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး နှစ်သက်သော မြန်မာ၀တ်စုံလေးကို ၀တ်ပြီးမှ ရှက်သလိုလို ခံစားနေရသည်။

"ကောင်မလေး သိပ်လှနေပါလား"

ဆိုပြီး သူမ ခေါင်းလေးကိုများ ပုတ်ပြီး စ,မလား။

စိတ်ဆိုးနေဆဲ ပုံစံနဲ့ ရှုတင်တင်ကြည့်ပြီး ကျိတ်ပြုံးလေမလား ...

အပြာနုရောင် ဖြောင်အင်္ကျီလက်တိုနှင့် အပြာလွှင်လွှင် ချိတ်လုံချည်လေးက သူမ ကိုယ်ပေါ်တွင် ချပ်ရပ်ပြေပြစ်စွာ လှပလျက် ...

ဖေဖေ ပေးထားသော ကလစ်လေးကို ဆံပင်ခပ်မြင့်မြင့်ဖြစ်အောင် ပင့်တပ်ထားလိုက်သဖြင့် နားသယ်စပ်နဲ့ နဖူးပေါ်သို့ ကလစ်မမီသော ဆံပင်များက ကပိုကရို ကျနေကြသည်။



ကိုကြီး မရောက်လာသေးသဖြင့် ကားတံခါးကိုဖွင့်ပြီး ကားထဲတွင် ထိုင်ရင်း စောင့်နေလိုက်သည်။

သူမ ငါးမိနစ်ကျော်မျှ စောင့်လိုက်ရပြီးနောက် ကိုကြီးရဲ့ ကားလေးက သူမ ကားရှိရာသို့ ခပ်ဖြည်းဖြည်း လိမ့်လာသည်။

သူမ ကားထဲက မထွက်ရဲသေးစွာ ကိုကြီးရဲ့ ကားတံခါး အဖွင့်ကို ရင်ထိတ်စွာ စောင့်နေလိုက်သည်။

ကိုကြီး စီးနေကျ ကတ္တီပါဖိနပ် နီညိုရောင်အစား ကတ္တီပါအနက်ရောင်ကို မြင်ရပြီး ကိုကြီး ၀တ်နေကျ ချည်ပုဆိုးအစား ပိုးပုဆိုးကို တွေ့လိုက်ရသည်။

ပြီးတော့ ... ကိုကြီး မဟုတ်သော မျက်နှာတစ်ခု။

သူမ အံ့သြစွာ မှင်သက်ထိတ်လန့်သွားသည်။

"ဦးဣန္ဒာ"

သူမ နှုတ်က အာသံထွက် ရေရွတ်ဖြစ်သွားသလို ... ကားထဲကပင် အလိုလို ဆင်းမိလျက်သား ဖြစ်နေသည်။

www.burmeseclassic.com



ဦးဣန္ဒာကိုမူ လက်နှစ်ဖက်ကို နောက်ပစ်လျက် တည်ငြိမ်စွာ ရပ်လျက်ရှိသည်ကို တွေ့လိုက်ရသည်။

"ကိုကြီး ရော ..."

မေးမိပြီးမှ သူမ ပါးစပ်ကို သူမ ရိုက်ပစ်ချင်စိတ် ပေါက်သွားသည်။

"သား ... သူ့မင်္ဂလာကိစ္စအတွက် အလုပ်ရှုပ်နေတယ်"

ဦးဣန္ဒာ အသံက အေးဆေးစွာ ... သို့သော် တစ်လုံးချင်း ပြတ်သားလျက် ...

"ကိုကြီး ဒီကို လွှတ်လိုက်တာလား"

မထူးတော့ပြီမို့ ဦးဣန္ဒာကိုပင် သူမ သိချင်တာ မေးလိုက်သည်။ အတတ်နိုင်ဆုံး ကြိုးစားထားတာက သူမ မျက်နှာမပျက်စေဖို့ပင်။

ဦးဣန္ဒာက မဖြေ ...

အင်းလေ ... ကိုကြီး လွှတ်လိုက်တာပါလို့ သွယ်ဝိုက်ဖြေနေတာပဲပေါ့ ...





"ကဲ ... ငါတို့ ရှင်းရှင်း ပြောရအောင် ... မင်း ဘာရည်ရွယ်ချက်နဲ့ ငါ့သားကို ပတ်သက်နေရတာလဲ"

သူမ ရင်ထဲ သံမြားအစင်းစင်း စူးဝင်သွားသလို စူးရှနာကျင်သွားသည်။ ရှက်ရွံ့မှုကမူ သူမကို စုပ်ယူဝါးမျိုလျက်။ အားလုံးရဲ့ ထွက်ပေါက်သက်သာရာက ဒေါသဖြစ်နေသည်။

"ဒါတွေမေးဖို့ ဒီကို ရောက်လာတာလား"

သူမကို အမြဲတမ်း အထင်သေးတတ်သော မျက်လုံးများက အခုလည်း ငါ့ကိုပင် တပ်ဆင်ထားလျက် ...

"ငါ့သားကိစ္စ ... ငါနဲ့ ဆိုင်တယ်လေ"

တစ်ဖက်က လေသံက အရမ်းအေးနေလွန်းသဖြင့် သူမ ပို၍ ဒေါနရခက်နေသည်။

ရေအေးအေးကို ကျိုချက်နေရသော မီးခဲတုံးပမာ သူမကသာ တဇွေ့ဇွေ့လောင်ကျွမ်းလျက် ...

"မင်းလို မိန်းကလေးမျိုးနဲ့ သားကို လုံးဝမပတ်သက်စေချင်ဘူး ... ဒါကိုတော့ အစကတည်းက မင်း သိထားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



နင့်နင့်သီးသီး စကားလုံးကို ဆွေကြီးမျိုးကြီးပါဟု တဖွဖွ ဂုဏ်ယူတတ်သော သူ၏ ပါးစပ်များတွင် ကြားရသဖြင့် စိတ်ပျက်စရာ ကောင်းနေသည်။

မထိတရီ မျက်နှာလေးကို ခံပြင်းစွာ တပ်ဆင်ထား ရခြင်းကိုက ပင်ပန်းစရာ ...

"လူချင်းတူတူပဲ ... တစ်ယောက်နဲ့ တစ်ယောက် ခင်တာ ဘာဆန်းလို့လဲ"

"မတူဘူးလေ ... လူချင်း ဘယ်တူပါ့မလဲ ကလေးမရဲ့"

ခေါင်းကို ခါယမ်းရင်း နှုတ်ခမ်းကိုကွေး၍ ပြောပုံက စက်ဆုပ်စရာ ...

"ငါတို့က သားကို မြင့်မြင့်မြတ်မြတ် ဂရုစိုက် ကျွေးမွေး ပြုစုလာတာ ... မင်းက မိဘအုပ်ထိန်းမှု မရှိဘဲ ထင်ရာ စိုင်း ကြီးပြင်းလာတဲ့သူ ... အခြေခံချင်းရော ခံယူချက် ချင်းရော တခြားစီ ... ဒါကို တူတယ်လို့ ဘယ်လိုပြောရ မှာလဲ"





သူမနဲ့ စကားစစ်ထိုးရန် သက်သက် လာခဲ့ခြင်း မဟုတ်။ သူမဆီက တစ်ခုခုကို ရိုက်ချိုးဖျက်ဆီးရန် လာခဲ့ခြင်း ဖြစ်ကြောင်း သေချာနေသည်။

"လူကြီးဖြစ်ပြီး လူကြီးပီပီသသ စကားပြောပါ ဦးလေး"

သူမ အမြန်ဆုံး ဦးကျနှာရှေ့က လှည့်ထွက်လာဖို့ ကောင်းသည်။

သို့သော် ... ကိုကြီး ဘာကြောင့် သူ့ကို လွှတ်လိုက် ရသလဲ ဆိုသော အဖြေကို သိချင်နေသေး၍ စော်ကားမှုများကို အောင့်ခံနေရသည်။

"ကဲ ... ငါ ရှင်းရှင်းပဲ ပြောမယ် မိန်းကလေး ... မင်း ငါ့သားနဲ့ လုံးဝမပတ်သက်ပါနဲ့ ... ငါ့သားကလည်း မင်း နဲ့ မပတ်သက်ချင်ဘူး ... အခု ငါ့သားကို လိုက်ဖက်သင့် လျော်တဲ့ မိန်းကလေးနဲ့ ငါတို့အိမ်ထောင်ချပေးတော့မယ်၊ ဒီတော့ မင်း ငါ့သားနဲ့ ခပ်ဝေးဝေး နေပေးပါ"

"ဘာလဲ ... ဦးလေး ... ကျွန်မကို လာတောင်းပန်နေတာ လား"



www.burmeseclassic.com

www.burmeseclassic.com



လာရင်း ရည်ရွယ်ချက်ကို သိရပြီဖြစ်၍ ပြန်မေးလိုက်စဉ် ...

"မင်းလို မိန်းကလေးမျိုးကို ဘာတောင်းပန်စရာ လိုလို့လဲ၊ ကျုပ် ဘယ်တုန်းကမှ မတောင်းပန်ခဲ့ဖူးဘူး ... အထူးသဖြင့် မင်းလို အကျင့်စာရိတ္တ ပျက်ပြားနေတဲ့ မိန်းကလေးမျိုးဆို ရင် ပို့တောင် ဆိုးသေးတယ်"

သူမ ပါးစပ်ထဲက တံတွေးများပင် ခါးသီးလုံးထွေး သွားသလို ခံစားလိုက်ရသည်။

ပြီးတော့ ... သူမ၏ ရပ်တည်နေမှု ... တကယ်သေး သေးလေးဖြစ်ပြီး ငုံ့လျှိုးဝင်သွားလေမလား ...

သတိထား၍ ကျစ်ကျစ်ဆုပ်ထားသော လက်သီးဆုပ် လေးကိုသာ ဖိ၍ အားမပြုထားလျှင် သူမ ထိုနေရာမှ ပြေးထွက် မိလေမလား မသိ။

အဆုံးစွန်တိုင်အောင် စော်ကားခံလိုက်ရလေပြီဆို သော အသိနှင့် မျက်လုံးများကပါ ပူလောင်ပြာဝေလာသည်။

"ဟား ... ဟား ... ဟား ..."





သူမ အားပါးတရ အော်ရယ်လိုက်မိသည်။

ရယ်စမ်း ... မေမြသော် ...

ရယ်လိုက်စမ်း ... နှင့် မက်မောတောင့်တနေတဲ့ လူတွေဆီက ဘာတွေများ နှင်ရနေသလဲလို့ ပြန်ဆန်းစစ်လိုက် စမ်းပါဦး ...

သူမ၏ ခြောက်ကပ်ကပ် ရယ်သံကို ဦးဣန္ဒာကပါ ကြောင်အမ်း၍ ကြည့်နေသည်။

သူမကို ရူးသွားလေပြီဟုပင် ထင်နေမလား မသိ။

"ကောင်းပြီ ... ကျွန်မကို အကျင့်စာရိတ္တ ပျက်ပြားနေတဲ့ မိန်းကလေးလို့ ရှင် ပြောပြီးသွားပြီ၊ စိတ်ချ ... ရှင်တို့ရဲ့ ဂုဏ်သိက္ခာတွေ ညစ်ထေးအောင် ကျွန်မ လုပ်ပြမယ် ... ပြီးတော့ ရှင်မလုပ်ဖူးတဲ့ အလုပ်တစ်ခုပါ လုပ်ရလိမ့်ဦး မယ် ... ဘာလဲဆိုတော့ ကျွန်မကို တောင်းပန်ဖို့ပဲ"

ဒီစကားကို သူမ တည်ငြိမ်စွာ တစ်လုံးချင်း ပြန် ပြောနေစဉ် ... တုန်လှုပ်အံ့သြပြီး ကျန်ခဲ့သူက ဦးဣန္ဒာ ဖြစ်နေ သည်။



www.burmeseclassic.com

ခြေလှမ်းများကို ဘယ်လိုသယ်ပြီ ကားကို ဘယ်လို လက်များနဲ့ မောင်းလာခဲ့သည် မသိ။

အိမ်ပြန်ရောက်ပြီ ဟူသော အသိဝင်လာချိန်တွင် သူမ တစ်ကိုယ်လုံး မောဟိုက်နုံးချည့်လျက် … ပြီးတော့ မျက်ရည်တွေလား ချွေးတွေလား … သူမ ရင်ဘတ်တစ်ခုလုံး စိုစွတ်နေသည်။



စာမေးပွဲဖြေရန် ဆန္ဒမရှိဟု ဆုံးဖြတ်ပြီးသည်နှင့် ခေါင်းမာစွာဖြင့် ကျောင်းစာအုပ်များကို သူမ လှည့်၍ပင် မကြည့်တော့။

ဘွားဘွားရှိစဉ်တုန်းကလို စာကျက်ပါဟု တိုက်တွန်းမည့်သူလည်း မရှိ၊ ဖြေနိုင်ရဲ့လားလို့ မေးမည့်သူ မရှိ၊ ယုတ်ဆွအဆုံး သူမ စာမေးပွဲ ဖြေဖြစ် မဖြေဖြစ်ကိုပင် ဂရုစိုက်မည့်သူ မရှိပေ။

သူမ ကိုယ်တိုင်လည်း သူမ၏ အခြေအနေကို ဘယ်သူ့ကိုမှ ပြောပြခြင်း မရှိသဖြင့် ငြိမ်သက်နေရသော မုန်းလေးကိုပင် အားနာစရာ ကောင်းနေပြီ ဖြစ်သည်။

www.burmeseclassic.com



တမေးပွဲသာ မပြေဖြစ်သော်လည်း သူမ သွားဖြစ်ခဲ့သော နေရာများကတော့ အနန့်ပင်။ ရုပ်ရှင်ရုံထဲ၌လည်း သူမ အိပ်ပျော်ခဲ့ဖူးသည်။ ဆူညံသော စတိတ်ရှိုးပွဲတွင်လည်း သူမ ငြိမ်သက်ခဲ့ဖူးသည်။ လူစုံသော ကလပ်တွင်လည်း သူမ ကြောင်တောင်တောင် သွားထိုင်နေခဲ့ဖူးသည်။ အသိမဟုတ်ပါဘဲလျက် သူ့သဘင်၌ပင် အသုဘတစ်ခုပြီး တစ်ခုကို သူမ သွားရှုခဲ့ဖူးလေသည်။

နေ့လယ်ဘက် အချိန်တွေကို ကုန်လွယ်သလောက်၊ ညအချိန်တွေကိုတော့ သူမ ကျော်ဖြတ်ရန် ခဲယဉ်းလွန်းနေသည်။

သူမ ကြည့်နေကျ မီးလင်းနေသော အခန်းတစ်ခန်းကို မကြည့်မိအောင် သတိထားနေရခြင်းကိုက ပင်ပန်းလွန်းစွာ။

အိပ်ဆေး နှစ်လုံး သုံးလုံးကိုတောင် မမြိုတော့ပြီဖြစ်သော သူမ မျက်လုံးများကို အလိုလိုက်၍ သူမ ငုတ်တုတ်ထိုင်ခဲ့ရသော ညတွေ များလာသည်။

တစ်ခါတလေ ထမင်းစားဖို့ကိုပင် မေ့နေတတ်၍ ဒေါ်ကြီးနွဲ့ပင် သူမကို အရိပ်တကြည့်ကြည့် သတိထားလာလေသည်။



“ဒေါ်ကြီးနွဲ့ ... ဟိုဘက်ခြံက အခြေအနေ တစ်ခုခုထူးရင် ဒင်မ်ပယ်(လ်)ကို ပြောနော်”

“ဘာအတွက်လဲ ဒင်ပယ်(လ်)ရဲ့”

သူမ ဒေါ်ကြီးနွဲ့ကို ဘာမှ ပြန်မပြောဘဲ အခန်းထဲ ပြန်ဝင်ခဲ့လိုက်သည်။

မှန်တံခါးမှ မြင်နေသော သူမရဲ့ ပိန်ချုံးနေသည့် ခန္ဓာကိုယ်လှပ်လှပ်ကို သူမ အသာ ပြုံးကြည့်မိလိုက်သည်။

ဘာလိုလို့လဲကွယ် ...

သူမရဲ့ အလှတွေ အသုံးမှ မဝင်တော့တာ ...

အဲဒီအလှတွေကို ထိန်းသိမ်းထားလို့ရော ဘာထူးမှာတဲ့လဲ ...

ဘာပဲဖြစ်ဖြစ် သူမ ချမှတ်ထားသော ဆုံးဖြတ်ချက်ကိုတော့ သူမ မရ,ရအောင် အကောင်အထည် ဖော်ရပေဦးမည်။

ဟာ ... ကြည့်စမ်းပါဦး ... သူမ ညက တစ်ယောက်တည်း ကစားထားတဲ့ ဖဲချပ်တွေ ပွနေတာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



စီဒီအကွဲက ဘာဖြစ်လို့ပါလိမ့် ... သူမ ခွဲပစ်ခဲ့တာလား ... သူ့ဘာသာသူ ကွဲသွားတာလား မမှတ်မိတော့။

အားလုံးကို ကျုံးပြီး အံဆွဲထဲ ထည့်သိမ်းထားလိုက်သည်။

ကြည့်စမ်းကွယ် ... အံဆွဲထဲမှာ တိတ်ခွေကြီးတွေရော ... မှတ်စမ်းနီ အပဲ့တွေရော ... အပိုင်းပိုင်း ကတ်ဖြတ်ထားတဲ့ အကျီတွေရော ...။

ဒါတွေ ဘယ်သူလုပ်ထားတာပါလိမ့်။

◆❣◆





"ဒင်ပယ်(လ်) ... ထမင်းကြော် စားရအောင်"

ဒေါ်ကြီးနဲ့ တံခါးလာမခေါက်ခင် ကတည်းက သူမ နိုးနေပြီဖြစ်သည်။ မနက်သုံးနာရီလောက်ကမှ အိပ်ပျော်သွားခဲ့တာ။ အခု ရှစ်နာရီရှိပြီဆိုတော့ သူမ အတော်အိပ်လိုက်တာပဲ။

ညိုမည်းနေတာ ကြာပြီဖြစ်တဲ့ မျက်ကွင်းတွေတောင် နည်းနည်း ပြည့်သွားသလိုပင်။ ဆံပင်တွေလည်း မလျှော်တာကြာလို့ ညင်းသိုးသိုး ဖြစ်နေပြီ ... လျှော်ဦးမှ ...။

အခန်းထဲက ထွက်လာသော သူမကို ဒေါ်ကြီးနဲ့ တ ...

"သမီး ဒင်ပယ်(လ်) ... မျက်နှာသစ်လိုက်ဦးလေ ... တရုတ် ထမင်းကြော်ထားတယ် ... သမီး စားချင်တယ်ဆိုလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

သူမ အဖြေကြောင့် ဒေါ်ကြီးနွဲ့ ခေါင်းယမ်းပြီး ထမင်းစားခန်းဘက် ထွက်သွားသည်။

မျက်နှာသစ် သွားတိုက်ပြီး ထမင်းကြော် စားရန် ထိုင်လိုက်ချိန်တွင် အီတီတီထမင်းကြော်နံ့က နှာခေါင်းထဲ အလုအယက် ဝင်လာသည်။

သီဟိုဠ်စေ့များနှင့် ကြော်ထားသော ထမင်းကြော်ကို သူမ ကြည့်ပင် မကြည့်ချင်တော့ ...

"ဟင် ... မစားချင်ပါဘူး ... အနံ့ကအီအီကြီး ... ဒင်ပယ်(လ်)က ပဲပြုတ်နဲ့ မြန်မာထမင်းကြော် စားချင်တာ"

"ညက ဒင်ပယ်(လ်)ပဲ တရုတ်ထမင်းကြော် စားချင်တယ်ဆို ... အခု ဘယ်လိုဖြစ်ပြန်တာလဲ ... အခုတလော ထမင်းကောင်းကောင်းမစား၊ ကောင်းကောင်းမအိပ်နဲ့ ကြည့်ပါဦး ... ပိန်လာလိုက်တာ ... ဒေါ်ကြီးနွဲ့ သမီးဖေဖေကို ဖုန်းဆက်ဦးမှ ထင်တယ်"





ဆက်ပေါ့ ... သူမ ဆက်တာတောင် မလာနိုင်တဲ့ ဖေဖေက ဒေါ်ကြီးနွဲ့ ဆက်တာနဲ့ လာမယ်တဲ့လား ... ဝေးသေး။

"နောက်နှစ်ရက်ကြာရင် မောင်မိုးစက်ညို မင်္ဂလာဆောင်တော့မယ်နော် ... ဒင်ပယ်(လ်)ကို မဖိတ်ဘူးလား"

ကြည့်စမ်း ... ဒီစကားအတွက် သူမ ပြင်းပြင်းထန်ထန် မခံစားရပါလား ...

ဟင့်အင်း ... နှလုံးသားက ထုံသွားတာ ထင်ပါရဲ့။

"မသိဘူးလေ ... ဘယ်မှာ ဆောင်မှာတဲ့လဲ"

"ခြံထဲမှာပဲလို့ ပြောတယ် ... သူတို့ခြံထဲမှာ ရှင်းလင်းပြင်ဆင်နေတာတော့ တွေ့တာပဲ"

သူမ ထမင်းကြော် မစားတော့ဘဲ ကော်ဖီခါးခါးတစ်ခွက်ကို သကြားမထည့်ဘဲ ဖျော်သောက်လိုက်သည်။

"လာဖိတ်ရင်လည်း ဖိတ်မှာပေါ့"

ခပ်အေးအေး ပြောလိုက်ရင်း ကော်ဖီခါးကို ပူမှန်းသိရက်နှင့် သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိုး ... ဒီလို ပူပူခါးခါး အရသာကလည်း ပြင်းရှရှနဲ့ ခံစားလို့ ကောင်းသားပဲ။

"ဟဲ့ ... ဒင်ပယ်(လ်) ... ပူပူကြီး မဟုတ်လား"

ဒေါ်ကြီးနွဲ့ ရှေ့၌ပင် ဖျော်၍ သောက်လိုက်ခြင်းဖြစ်ရာ ဒေါ်ကြီးနွဲ့က ကမန်းကတန်း လှမ်းတားသည်။

သို့သော် ... သူမ ပြုံး၍ လက်ကာပြရင်း ထပ်သောက်လိုက်ပြန်သည်။

ပူမှန်းသိရက် ခါးမှန်းသိရက်နဲ့ သောက်နိုင်တာကိုက သူမရဲ့ အရည်အချင်းလေ ...

အိုး ... ကြည့်စမ်း ... ရင်ထဲက ပူလိုက်တာ ... ကော်ဖီကြောင့်လား ... ကိုကြီးကြောင့်လား ...။

♦❣♦





တစ်နေ့လုံး သူမ ဘာမှ မယ်မယ်ရရ မစားသဖြင့် ဒေါ်ကြီးနွဲ့ စိတ်ညစ်နေသည်။

"ဒင်ပယ်(လ်)ရယ် ... တစ်ခုခုတော့ စားမှပေါ့ ... ဒီလိုပဲနေရင် ရောဂါဝင်လာလိမ့်မယ်"

သူမ နှစ်သက်ရာ အစားအသောက်များကို ဖန်တီးပေးရာရင်း ပြောသော်လည်း သူမ မစား။

"ဒေါ်ကြီးနွဲ့ ... ဒင်ပယ်(လ်)ကို အစာစားစေချင်လား"

"စားစေချင်တာပေါ့ ... ဒါကြောင့် အပင်ပန်းခံပြီး ချက်ပေးတာပေါ့ကွယ်"

သူမ ခုတင်ပေါ်တွင် အိပ်ရာခင်းနှင့်စောင် လုံးထွေးလျက် ဒီအထဲတွင် သူမကပါ မသပ်မရပ် ထိုင်နေသေး၍ သူမအိပ်ရာတစ်ခုလုံး စိတ်ပျက်စရာ ကောင်းအောင် ရှုပ်ပွနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဒင်ပယ်(လ်) ဘယ်သူကျွေးတာမှ မစားချင်ဘူး၊ ဒါပေမယ့် ကိုမိုးစက်ညို ပြောရင်တော့ ဒင်ပယ်(လ်)စားမယ်"

သူမ စကားကြောင့် ခေါကြီးနွဲ့ မျက်လုံးပြူးသွားသည်။

ပြီးတော့ ပျာပျာသလဲပင် ...

"ဒင်ပယ်(လ်) ဘယ်လို ပြောလိုက်တာလဲ ... မောင်မိုးစက်ညိုက မနက်ဖြန်ပဲ လက်ထပ်တော့မယ် ... ဒီလို ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲရဘူးလေ"

သူမ မှုပျက်နေတာ သူ့ကို လက်လွှတ်ဆုံးရှုံးရမှာစိုးလို့လို့ ခေါကြီးနွဲ့က ထင်နေသေးသည်။

ဟုတ်လို့လားကွယ် ...

ဟင့်အင်း ... သူမကိုက နေမပျော်တာပါ ...

"ဒင်ပယ့်(လ်)ကို ကိုကြီး စိတ်ဆိုးနေတယ် ခေါကြီးနွဲ့ရယ် ... သူ အထင်လွဲတာပါ ... ဒင်ပယ်(လ်) သူ လက်မထပ်ခင် ရှင်းပြချင်တယ် ... ဒင်ပယ်(လ်) ကိုကြီးကို





တွေ့ချင်တယ် ... ခေါကြီးနွဲ့ ခေါ်ပေးပါလားဟင် ... ကိုကြီး ဒီကို ရောက်လာရင် ဒင်ပယ်(လ်) အစားပြန်စားပါ့မယ် ... မှန်မှန်လည်း အိပ်ပါ့မယ်"

သူမ ဒီလိုတစ်ခါမှ ခေါကြီးနွဲ့ကို မတောင်းပန်ဖူး၍ ခေါကြီးနွဲ့ပင် ကြက်သေ သေနေသည်။

"နော် ... ခေါကြီးနွဲ့ ... ကိုကြီးကို ခဏလောက် ဒင်ပယ်(လ်) တွေ့ပါရစေ ... ခေါကြီးနွဲ့ မခေါ်ပေးရင် ဒင်ပယ်(လ်) ဘာမှ မစားတော့ဘူး ... ဒီအတိုင်းပဲ ရောဂါ အဖြစ်ခံတော့မယ်"

ခေါကြီးနွဲ့က ခေါင်းကို တဖြင်းဖြင်း ကုတ်ရင်း စိတ်ညစ်စွာ သူမကို ကြည့်နေသည်။

"မခေါ်ပေးဘူးလား ... မခေါ်ပေးရင်လည်း သွားတော့"

သူမ စောင်ပုံထဲ ဝင်လိုက်ပြီး ခေါင်းမြီးခြုံ၍ အော်လိုက်သည်။

"ဘယ်လိုပြောပြီး ခေါ်ရမှာလဲ ဒင်ပယ်(လ်)ရယ်"

သူမ ခေါင်းကို ချက်ချင်းပြန်ဖော်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီးနွဲ့ ပြောတတ်ပါတယ် ... ကြည့်ကောင်းသလို ပြောခဲ့ပေါ့"

"ဘယ်မှာ သွားပြောရမှာလဲ"

"ဖုန်းဆက်လိုက်ပေါ့ ... ဒေါ်ကြီးနွဲ့ ဆိုရင်တော့ ကိုကြီး စကားပြောမှာပါ"

သူမ ဖုန်းကို လုံးဝ လာမကိုင်သော ကိုကြီးအား ဆက်သွယ်ရန် နည်းလမ်းသည် ဒီနည်းလမ်းပဲ ရှိနေသည်။

"ရအောင် ခေါ်နော် ဒေါ်ကြီးနွဲ့ ... မရရင်တော့ ဒင်ပယ်(လ်) ပြောတဲ့ အတိုင်းပဲနော်"

ဖြည်းလေးစွာ လှည့်ထွက်သွားသော ဒေါ်ကြီးနွဲ့ကို သူမ ထပ်ပြီး ခြိမ်းခြောက်လိုက်သေးသည်။

"အေးပါအေ ... ငါ့ကို မကြီးမငယ်နဲ့ လူငယ်တွေကြား ဝင်ပါနိုင်းပြန်ပြီ ... ခက်ပါတယ်"

ဘာပဲဖြစ်ဖြစ် ဒေါ်ကြီးနွဲ့ မရရအောင် လုပ်ပေးမည်မှာ သေချာနေသည်။





ဒါဆို ... သူမဘက်ကလည်း ...

ပြုံးလိုက်စဥ် ပါးချိုင့်နှစ်ဖက်က မသေမသပ် ပေါ်လာသည်။

◆ ❣ ◆



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးနွဲ့ ထွက်သွားသည်နှင့် သူမ ကော်ဖီနှစ်ခွက်ကို စိတ်ရှည်လက်ရှည် သွားဖျော်လိုက်သည်။

မသေမသပ် ဖြစ်နေသော သူမကိုယ်သူမ အလှဆုံးဖြစ်အောင် ပြုပြင်သော်လည်း အနည်းငယ် သွယ်ကျသွားသော မျက်နှာကြောင့် ပြင်ရတာ စိတ်တိုင်းမကျလှပေ။

ဒါပေမယ့် ... သူမ လှနေပါသည်။

နှုတ်ခမ်းနီ အနီရင့်ရင့်ကို ရွေးဆိုးပြီးမှ စူးရဲလွန်းသည်ထင်၍ ခရမ်းဖျော့ ပြောင်းဆိုးလိုက်သည်။ ဒါလည်း စိတ်တိုင်းမကျသေး။ အဖြူဘက်လုသော ပန်းဖျော့ရောင်ကို ဆိုးလိုက်မှ သူမမျက်နှာ ပို၍ ဖြူဖွေးသွားသည်။

ဟုတ်တယ် ... မမသွင်က ဖွေးဖွေးနုနုလေး ...





သူမလည်း ဖွေးနုအောင် ပြင်မှ ...

အဝတ်အစားကိုတော့ ပေါ့ပေါ့ပါးပါး ပါတိတ်ဝမ်းဆက်ကို ရွေးဝတ်လိုက်သည်။ ဒါလည်း မေမေ့ အဝတ်အစားပဲမို့ မြန်မာအကျီပုံစံသာ ... နည်းနည်း ပွနေလား မသိဘူး။

ရပါတယ် ... အိမ်မှာနေတာပဲ ချောင်ချောင်ချိချိပေါ့။

ဆံပင်ကိုရော စည်းထားရင် ကောင်းမလား ...

ဒီအတိုင်း ချထားတာပဲ ကောင်းပါတယ် ... ဒါမှ မျက်နှာနည်းနည်း ချောင်နေတာ ဖုံးသွားမှာပေါ့ ...

ဒေါ်ကြီးနွဲ့ ထွက်သွားတာ နာရီဝက်လောက် ရှိနေပြီ ...

ခုထိ ပြန်မလာသေးပါလား ...

သူမ အိမ်ထဲက ထိုင်စောင့်ရင်း ပျင်းလာသည်။

ထိုစဉ် ... ဒေါ်ကြီးနွဲ့ ခပ်သုတ်သုတ် ပြန်ဝင်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ဖုန်းကလည်း အစစ်အမေးတွေ များလိုက်တာ ... လိုင်းမအားလို့ မနည်း ခေါ်ရတယ် ... မင်္ဂလာဆောင်နီးလို့ အလုပ်များနေတယ်တဲ့ ... ဒါပေမယ့် ခေါ်ကြီးနဲ့ ဖုန်းတော့ လာကိုင်ရှာပါတယ်"

ဟာ ... ခေါ်ကြီးနဲ့ စကားက လိုရင်းကို မရောက်နိုင်သေးဘူး ...

"သူ လာမယ်တဲ့လား"

စိတ်စောနေသော သူ့ကို ခေါ်ကြီးနဲ့က ခေါင်းညိတ်ပြပြီး ...

"ခဏကြာရင် လာမယ်တဲ့ ... ဒင်ပယ်(လ်)ကို သူ စိတ်မဆိုးပါဘူး ... မပတ်သက်သင့်တော့ဘူး ထင်လို့ပါတဲ့"

ဒါတွေ မကြားချင်၊ မသိချင်ပါဘူး ... သူမ သိချင်တာ ကိုကြီး သူမဆီကို တကယ်လာမလာ ...

လာကို လာမှ ဖြစ်မယ် ...

ကိုကြီး လာရမယ် ...

သူမ တမ်းတလိုက်သံပင် မဆုံးလိုက်ရ ...



ကိုကြီးကို ခြံထဲဝင်လာတာ တွေ့လိုက်ရသည်။

ခြံပြင်ဆင်ရင်းနှင့် လိုက်လာ၍လား မသိ။

ရှပ်အင်္ကျီလက်တိုနှင့် ပုဆိုးက အနည်းငယ် တိုနေသည်။

မမြင်ဖူးသော အသွင်ဖြစ်၍ ကြည့်ကောင်းနေပြန်သည်။

ဧည့်ခန်းဝရှိ တံခါးတိုင်ကိုမှီ၍ သူမ စောင့်နေလိုက်သည်။ သူမကို မြင်သည်နှင့် ချီထားပုံရသည့် မျက်ခုံးများက တုပ်ချီုးသွားသည်။ သို့သော် ... သူမကိုမြင်၍ အံ့သြနေပုံလည်း ရသည်။

"တော်တော်ပိန်သွားတာပဲ"

ဒါ ... သတ်မှတ်ချက် တစ်ခု ပေးလိုက်တာလား ကရုဏာနဲ့ ရေရွတ်လိုက်တာလား ... အင်းလေ ... ခွဲခွဲခြားခြား သိရာ ဘာလုပ်လို့ ရတော့မှာမို့လို့လဲ ...

လက်ထဲမှာ ဖိတ်စာတစ်စောင်ကိုပါ ကိုင်ထားပြီး ...

"ဖိတ်စာလည်း လာပို့ရင်းနဲ့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြိုတာပါလို့ အမည်တပ်လည်း သူမ ကျေနပ်ပါသည်။

ဘာနဲ့ပဲခပ်ခပ် အမိက,က ရေပါဖို့ပဲ မဟုတ်လား။

"ဒင်ပယ်(လ်) ဘာမှ မစားဘဲ နေတယ်ဆို ... ကိုကြီး ဒင်ပယ်(လ်)အပေါ် စိတ်မဆိုးတော့ပါဘူး ... ဒင်ပယ်(လ်) ပုံမှန်အတိုင်း ပြန်နေနော်"

စိတ်ချမ်းသာစေရန် ရင်ထဲ မပါဘဲ ပြောခြင်းသာ ဖြစ်ဖြစ် သူမ ကျေနပ်ပါသည်။ သူမ စိတ်မကောင်းသည်က သူမ အတွက် ရွေးချယ်ထားသော အမည်လေးကို မခေါ်တော့ခြင်း ပင်။

မေဆိုတဲ့ နူးညံ့တဲ့ အမည်လေးနဲ့အတူ သူမရဲ့ နူးညံ့မှုတွေ ပျောက်ဆုံးနေပြီလို့ ခံစားလိုက်ရသလိုမျိုး။

"ဟုတ်ကဲ့ ... ကိုကြီး အထဲဝင်ဦးလေ"

သွေးအေးအေးနဲ့ သူမ ကိုကြီးကို ရင်ဆိုင်ရှိနေသည်။

အထဲလိုက်ဝင်လာသော ကိုကြီးရဲ့ရှေ့မှ သူမလည်း လိုက်ဝင်လာပြီး ဧည့်ခန်းတွင် ထိုင်လိုက်ကြသည်။





"ဒေါ်ကြီးနဲ့ ... ဓာတ်ဘူးထဲမှာ ဒင်ပယ်(လ်) ကော်ဖီ ဖျော်ထားတယ် ... ကိုကြီးအတွက် ထည့်ခဲ့ပေးပါ"

"နေ နေ ... ကိုကြီး ပြန်တော့မှာ... အလုပ်တွေ မပြီးသေးဘူး"

"ကိုကြီးကလည်း ... နောက်ရက်တွေ မသွင် ဘိုက်တဲ့ ကော်ဖီ သောက်ရတော့မှာ ... ဒီနေ့တော့ ဒင်ပယ်(လ်) တိုက်တဲ့ ကော်ဖီကို နောက်ဆုံးဖြစ်ဖြစ် သောက်သွားပါဦး"

သူမ အဘွားသာ ရှိနေလျှင် "နောက်ဆုံး" ဆိုသော စကားကို မကောင်းတဲ့ နိမိတ်ဘက်ကတွေးပြီး ယူမကို ဆူဦးမ လားပင်။

အာ နာ၍လား ... ဒါမှမဟုတ် နောက်ဆုံးအကြိမ် လိုက်လျှောခြင်း အနေဖြင့်လား ...

ကိုကြီးက ဆက်မငြင်းတော့ပေ။

"ကိုကြီး ... ဒီလာတာ အိမ်ကသိလား"

"ဟင့်အင်း ... ဖိတ်စာသွားပို့စရာ ရှိတယ်ဆိုပြီး အလုပ်သမားလေးတွေကို ပြောပြီး ထွက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ ... သူမလို့ ကိုကြီး ဘယ်ပြောရဲပါ့မလဲ။

ထူးဆန်းသည်မှာ ကိုကြီးက သူမဆီကို သူ့အဖေ လွှတ်လိုက်ခြင်း ကိစ္စအား အစပြန်မဖော်ခြင်းပင်။

ပြန်ဖော်လိုက်ရင်ရော ... အကောင်းတစ်ခုခု ထွက်လာမှာမို့လို့လား ...။ ဒီအတိုင်းလေးပဲ ကောင်းပါတယ်။

လက်ရှိ အခြေအနေလေးမှာ သာယာလို့ ရတယ်လေ။

"ဒင်ပယ်(လ်)အတွက်က မတ်ခွက်ကြီးနဲ့ ဖျော်ထားပြီးသား ရှိတယ် ... အဲဒါပါ ယူခဲ့ပေးပါ ... ကိုကြီးနဲ့ အတူတူ သောက်မယ်"

ကိုကြီးရေ ... အရင်က ဆိုးနွဲ့နေကျ သူမရဲ့ သွက်လက်မှုတွေကို သတိမရဘူးလေ ...

ဘယ်လိုပဲဖြစ်ဖြစ် သူမကိုကြည့်တဲ့ မျက်ဝန်းတွေထဲက သနားညှာတာခြင်းတွေအတွက် သူမ ကြည်နူးနေရသည်။

"ရော့ ... မောင်မိုးစက်ညို မြင်တဲ့အတိုင်းပဲ ... ခုမှပဲ အစားကို နှစ်နှစ်ခြိုက်ခြိုက် တောင်းတော့တယ်"





တကယ်ပင် မတ်ခွက်တစ်ခွက်နဲ့ အပြည့်ဖျော်ထားတဲ့ ကော်ဖီကို သူမ နှစ်လိုစွာပင် သောက်လိုက်သည်။

"အား ... ခါးလိုက်တာ"

ကိုကြီးကပါ လိုက်သောက်ရင်း သူမ စကားကို ပြုံးပြီး ခေါင်းညိတ်သည်။

"ဟင်း ... ဒင်ပယ်(လ်) ကော်ဖီမှုန့်ထည့်တာ များသွားတယ် ... ဒါပေမယ့် ကိုကြီးက ခါးခါးကြိုက်တာပဲနော် ... ဒင်ပယ်(လ်)သာ အခါးမကြိုက်တာ ... ဒါပေမယ့် အခုတလော ဒင်ပယ်(လ်) အခါးတွေကို စားနေမိပြန်ရော ... ဆေးခါးတွေလေ"

သူမ ဘာတွေပြောနေမိလဲ ဆိုတာ သိပ်သတိမထားမိ၊ သူမ ခဏ ခဏ ရယ်ပြနေသည်ကိုတော့ သိနေသည်။

ရယ်ချင်စရာပဲ ကိုကြီးရဲ့ ... ကော်ဖီခွက်ကို ကိုကြီး တစ်ငုံသောက်လိုက်တိုင်း သူမလည်း တစ်ခါရယ်ချင်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ကော်ဖီထဲမှာလေ ... အဲဒီ ကော်ဖီယဲမှာ ...

ဟော ... ကိုကြီး ကော်ဖီတွေ ကုန်အောင်သောက်လိုက်ပြီ ... နေဦးနော် ... ကိုကြီး ... မပြန်နဲ့ဦး ... ပြန်သွားရင်လည်း ကိုကြီး အိမ်ပြန့်ရောက်မှာ မဟုတ်ဘူး ... လမ်းမှာတင် အိပ်ပျော်သွားမှာ ...။

သူမ သောက်နေကျ အိပ်ဆေးတွေ အဲဒီကော်ဖီခွက်ထဲမှာ ထည့်ထားတယ် ...

"ကိုကြီး ... ဒီမှာကြည့်စမ်း ဒီလက်စွပ်လေးကို ကိုကြီး မှတ်မိလား ... မမသွင်နဲ့ ဆင်တူလေ ... ဒင်ပယ်(လ်)လည်း ဝတ်ခွင့်ရှိပါတယ် ကိုကြီးရဲ့ ... လှတယ်နော် ... အရင်က မဝတ်ဘဲ ထားထားတာ ... ဒါပေမယ့် ကိုကြီးကို သတိရတာနဲ့ ဝတ်ထားတာ ... လှတယ် မဟုတ်လား"

သူမဆီက စကားများကို ကိုကြီး အံ့သြစွာနားထောင်နေတာလား ...





မဟုတ်ပါဘူး ... သူ့ရဲ့ ပြောင်းလဲစ ပြုနေတဲ့ မျက်ဝန်းတွေအပေါ် အံ့သြနေတာ ထင်ရဲ့ ...

"ဒင်ပယ်(လ်) ကော်ဖီထဲမှာ ဘာတွေပါတာလဲ"

နောက်ကျသွားပြီ ကိုကြီးရဲ့ ...

"အဆိပ်မဟုတ်ပါဘူး ကိုကြီးရယ် ... အိပ်ဆေးတွေပါ ... နည်းနည်းပဲ ခပ်ထားတာ ... ကိုကြီးက ဆေးတိုးတယ် ထင်တယ် ... နည်းနည်းလေးနဲ့ ထိရောက်တယ်"

ကိုကြီး ဝုန်းခနဲ ထရပ်လိုက်သည်။ သို့သော် ချက်ချင်းပင် ခုံပေါ်ပြန်ကျသွားပြီး ...

"ဒင်ပယ်(လ်) စေတနာကို မင်း စော်ကားလိုက်ပြန်ပြီ ... မရဘူး ... မရဘူး ... ငါ ရအောင် ပြန်မယ်"

ကိုကြီးရယ် ... ခေါင်းတောင် မဖော်နိုင်တော့ဘဲ ဖြည်းဖြည်းလေးလေးကြီး ရေရွတ်နေရတာ ...

သူမ မတ်ခွက်ထဲက ဘာမှမခတ်ထားသော ကော်ဖီများလည်း ကုန်သွားပြီဖြစ်၍ ခုံပေါ် လှမ်းတင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရဲ့ မေးစင်းနေသော မျက်လုံးများကို သူမ ကြည့်ရင်း ရယ်ချင်လာသည်။

ရယ်လေ … ရယ်လေ … ဒင်ပယ်(လ်)ရဲ့ …

အကျင့်စာရိတ္တ ပျက်ပြားနေတဲ့ မိန်းကလေးလို့ စွပ်စွဲခံရသူပီပီ အောက်တန်းကျကျ ပြုမူလိုက်တာပါလို့ ထပ်ပြော ပြလိုက်ပါဦး …

ဒါပေမယ့် … သူမ မရယ်ချင်တော့ …

လုံးဝ မေးမိုတ်သွားတဲ့ထိ စောင့်ကြည့်နေလိုက် သည်။

ဗလုံးဗထွေး ပြောနေသော ကိုကြီးရဲ့အသံတွေကို တော့ သူမ နားမလည်။

ငြိမ်သက် အိပ်ပျော်သွားသော ကိုကြီးရဲ့ လက် မောင်းများကို ဆွဲကိုင်လှုပ်လိုက်စဉ် ကိုကြီး မထူးနိုင်တော့။

ခွင့်လွှတ်ပါ ကိုကြီးရယ် …

"ဟဲ့ … ဒင်ပယ်(လ်) … ဘာယ်လိုဖြစ်တာလဲ"





သူမတို့ကို ရှောင်ပေးဟန်တူသော ဒေါ်ကြီးနွဲ့ ညည ခန်းထဲသို့ ဝင်အလာတွင် ပုံမှန်မဟုတ်သော မြင်ကွင်းကြောင့် အထိတ်တလန့် မေးလေသည်။

"ရှူး … ကိုကြီး အိပ်နေတယ်"

နှုတ်ခမ်းပေါ် လက်တင်ရင်း သတိပေးလိုက်စဉ် ဒေါ်ကြီးနွဲ့က ခေါင်းယမ်းလိုက်ပြီး …

"မသင့်တော်ဘူးလေ … ဘယ်လိုဖြစ်လို့ ဒီမှာ အိပ်ပျော် သွားရတာလဲ … ကော်ဖီထဲမှာများ …"

"ဒေါ်ကြီးနွဲ့"

သူမ ခပ်ထန်ထန် အော်မိလိုက်သည်။

"ဒင်ပယ်(လ်)ကလေး … ဘာတွေလုပ်နေတာလဲ … ဒေါ်ကြီးနွဲ့ ပြန်တွဲပို့လိုက်မယ် … ဒါမှမဟုတ် သူ့ခြံထဲကလူတွေ သွား ခေါ်လိုက်မယ်လေ"

"မလိုဘူး … ဒင်ပယ်(လ်)နဲ့ ဒေါ်ကြီးနွဲ့ တွဲပြီး အပေါ်က စတိုခန်းထဲမှာ သွားသိပ်ထားမယ် … လာ ဒေါ်ကြီးနွဲ့ … ကူပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရဲ့ လက်မောင်းကို မနိုင့်တနိုင် မ,ပြီးပြော လိုက်သော်လည်း ဒေါ်ကြီးနွဲ့က ကြောက်ရွံ့တုန်လှုပ်စွာ ကြည့် နေသည်။

"ဒုက္ခပါပဲ ... အရေးထဲမှာ ကိုဘတင်ကလည်း တောပြန် နေတယ်"

အဲဒါ ကံကြမ္မာက သူ့ကို မျက်နှာသာ ပေးနေတာ ပေါ့။

"လာလေ ... ဒေါ်ကြီးနွဲ့ ... ဒီမှာ အိပ်ရတာ ကိုကြီး ဇက် နာနေလိမ့်မယ် ... အပေါ်မှာ ခုတင်ရှိတယ်လေ"

ဒေါ်ကြီးနွဲ့က ဘယ်လိုစဉ်းစားပြီး လက်ခံလိုက်သည် လည်း မသိ။

ကိုကြီးရဲ့ ကျန်လက်မောင်းတစ်ဖက်ကို တွဲထူပေး ရင်း သူမနဲ့အတူ အပေါ်ထပ်သို့ ပို့ပေးလေသည်။

ဘွားဘွားရှိစဉ်က ဒီအခန်းထဲမှာ အသုံးမပြုသော ပစ္စည်းအဟောင်းများကို ထားလေ့ရှိပြီး ဖေဖေနဲ့ မေမေ အိမ်





ထောင်ကျတော့ ဒီအိမ်ကြီးကို ပေးခဲ့သည်။ သူမ မိဘများလက် ထက်လည်း ဒီအခန်းထဲက ပစ္စည်းများကိုသာ ရှင်းလိုက်ပြီး အခန်းကို ဘာမှ အသုံးမပြုခဲ့ကြ။

အိမ်ထောင်ကွဲပြီးမှ အဘွားလက်ထဲ ပြန်အပ်စဉ် အဘွားက သူမနာမည်နဲ့ ထားခဲ့ခြင်းဖြစ်သည်။

ဒါပေမယ့် ဘွားဘွားနဲ့ သူမကတော့ စမ်းချောင်းတွင် နေခဲ့ကြသည်။

ဘွားဘွား ဆုံးမှ သူမ ဒီအိမ်ကို ပြောင်းလာခဲ့ခြင်းပင်။

နောက်အိမ်ထောင် မပြုမချင်း နေခွင့်ရှိသည်ဟု ဆို သဖြင့် ဖေဖေက အန်တီထက်ထက်နဲ့ လက်မထပ်ခင်အထိ ဒီမှာ ပဲနေခဲ့သည်။

လက်ရှိတိုင် ဘာပစ္စည်းမှ မထားသော ထိုအခန်းလေး တွင် ပြတင်းပေါက်မရှိ။ သို့သော် ခုတင်လွတ်တစ်လုံးတော့ ရှိ နေသည်။

"ရပြီ ... ဒေါ်ကြီးနွဲ့ ခုတင်ပေါ်မှာ တင်ထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်သို့ စနစ်တကျ ပုံစံကျအောင် တင်ပေး လိုက်ကြပြီးနောက် ခပ်မှောင်မှောင် အခန်းလေးတွင် ကိုကြီးရဲ့ အသက်ရှူသံ မှန်မှန်ကို ကြားနေရသည်။

"ဒင်ပယ်(လ်) ..."

တစ်ခုခု ပြောရန် ဒေါ်ကြီးနွဲ့က ကြိုးစားလိုက် စဉ် ...

"ရှူး ... ဒေါ်ကြီးနွဲ့ ဒီမှာ ကိုကြီးကို စောင့်ကြည့်ထား"

သူမ အခန်းပြင်ထွက်ပြီး တံခါးကို သော့ခတ်ချ လိုက်သည်။

သူမ လှုပ်ရှားမှုကပဲ မြန်လို့လား ... ဒေါ်ကြီးနွဲ့က ပဲ တွေဝေနေ၍လည်း မသိ။

ဒေါ်ကြီးနွဲ့ အငိုက်မိပြီး အခန်းထဲမှာ ကျန်နေခဲ့ သည်။

ကဲ ... ဒါဆို သူမကို တားဆီးပိတ်ပင်မယ့်သူ ဘယ်သူမှ မရှိတော့ဘူးပေါ့ ...





တံခါးကို အထဲမှ တဝုန်းဝုန်း ထုသံကို ကြားနေရ သည်။

သူမ အောက်ထပ်သို့ ပြန်ဆင်းလာလိုက်ပြီး တစ် ဖက်ခြံရဲ့ ပြင်ဆင်နေမှုများကို အားပါးတရ ငေးမောကြည့်နေ လိုက်သည်။

မနက်ဖြန် ကျင်းပမယ့် မင်္ဂလာပွဲအတွက် သတို့သား ပျောက်ဆုံးနေမှုကို သူတို့ ဘယ်စဉ်းစားမိကြမှာလဲ။

♦❣♦



www.burmeseclassic.com

www.burmeseclassic.com



ညလုံးပေါက် မီးလင်းနေသော ဟိုဘက်ခြံကို သူမ အရသာခံ၍ ကြည့်နေမိသည်။

နှချိန်ဆို သူတို့ ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေမှာပဲ။

ကြက်ဥမွှေကြော်နဲ့ ထမင်းပို့ပေးဖို့ စိတ်ကူးပြီးမှ ဒေါ်ကြီးနွဲ့နဲ့ ကိုကြီး နှစ်ယောက်ပေါင်း အင်အားကို သူမ နိုင်မှာမဟုတ်တာကို တွက်မိလို့ ဘာမှ မကျွေးဖြစ်တော့။

ကိုကြီး နိုးနေပြီလား ဆိုတာကိုတော့ သူမ မကြာခဏ တက်မေးနေရသည်။

ညဥ့်နက်မှ ကိုကြီး နိုးလာသည်တဲ့ ...

ဒေါ်ကြီးနွဲ့က ငိုပြီးတောင်းပန်နေသလို ကိုကြီးက ဒေါသတကြီးနဲ့ အော်ဟစ်နေသည်။





သူမကတော့ အလင်းရောင်နဲ့အတူ တဖြည်းဖြည်း လှဝင်လှထွက် များလာတဲ့ ခြံကို လှမ်းကြည့်နေဆဲသာ ...

မင်္ဂလာချိန် ရောက်လာပြီဖြစ်၍ တဖွဲဖွဲရောက်လာသော ဧည့်သည်များ၏ ကားများ ... ပြန်ထွက်သွားသော ကားများ ...

သူတို့ရဲ့ ဂုဏ်သက္ကာတွေ ဘယ်မှာသွားထားပြီး ဖြေရှင်းမှာပါလိမ့် ...

အနည်းဆုံး သူတို့သား ထွက်ပြေးသွားတယ်ပဲ ထင်မလား။ ဒါမှမဟုတ် မိန်းမခိုးပြေးသွားတယ်လို့များ ထင်မလား။

ထင်ကြေးများများ ပေးကြလေ ... သူတို့ ဂုဏ်သိက္ခာ ကျဆင်းလေပဲပေါ့ ...။

"ကလင် ... ကလင် ... ကလင်"

ဖုန်းမြည်လာသဖြင့် ဖုန်းခလုတ် မဖြုတ်ထားမိတာ သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သူ့ဆီက ဖုန်းကိုမှ သူမ ပြန်ဖြေလိုစိတ် မရှိပေ။

သို့သော် ... ဖုန်းက အဆက်မပြတ် မြည်လွန်းသဖြင့် စိတ်တိုစွာ ဖုန်းပလပ်ကို ဖြုတ်ရန် စဉ်းစားမိပြီးမှ တစ်ခုခုကို တွေးမိလိုက်သဖြင့် ...

"ဟဲလို ... ပြောပါရှင်"

"မေမြသော်လား ..."

ဒီလို အသံထန်ထန်နဲ့ မာမာ ပြောနိုင်တာ ဦးဣန္ဒာပဲပေါ့ ...

"ဟုတ်ပါတယ်ရှင်"

သူမ အချိုသာဆုံး ပြန်ဖြေလိုက်စဉ် ...

"သားနဲ့ မင်း ... ဒီကြားထဲ အဆက်အသွယ် ရသေးလား"

သူမကို သတိရလိုက်ခြင်းအတွက် ဂုဏ်ယူရမလိုပင်။

"ဘာအဆက်အသွယ်လဲ ဦးဣန္ဒာ"

ဘာပြောရမှန်း မသိ ငြိမ်သက်နေသဖြင့် ...



"ကျွန်မလို အကျင့်စာရိတ္တ ပျက်ပြားနေတဲ့ မိန်းကလေးကို စ,ပြီး ဖုန်းဆက်တဲ့အတွက် ရှင်တို့ရဲ့ ဂုဏ်သိက္ခာ ကျဆင်းနေပါဦးမယ် ... ဘာပဲဖြစ်ဖြစ် ကျွန်မ ကျိန်ဆိုခဲ့တဲ့ ကိစ္စတစ်ခုတော့ အောင်မြင်သွားပြီ ... ရှင်တို့ရဲ့ မကျင်းပဖြစ်တဲ့ ခမ်းနားတဲ့ မင်္ဂလာပွဲကြီးရဲ့ ပျက်စီးမှုကြီးလေ ..."

သူမ အားပါးတရ ပြောနေသည်ကို တစ်ဖက်က ငြိမ်သက်စွာ နားထောင်နေသဖြင့် အံ့သြချင်စရာ။

ဒါကိုပဲ သူမက ဆက်၍ အသုံးချလိုက်ပြီး ...

"ကျွန်မကို တောင်းပန်စရာ ကိစ္စတစ်ခု ကျန်သေးတယ်၊ တကယ်လို့ ကျွန်မကို တောင်းပန်မယ်ဆိုရင် ကိုမိုးစက်ညိုရှိတဲ့နေရာ ကျွန်မ ပြောပြနိုင်မယ် ထင်တယ်"

"အရှူးစကားတွေ"

တစ်ဖက်က ရှုတ်ချရေရွတ်သံကို ကြားလိုက်ရသဖြင့် သူမ အသံထွက်အောင် ရယ်လိုက်ရင်း ...

"ပြီးတာပဲလေ ... သားပျောက်တဲ့ အရသာကို ခံစားကြည့်ကြဦးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူမ ဖုန်းချလိုက်ပြီး ဆက်ရယ်နေမိသေးသည်။

အရေးထဲ အပေါ်က ထုရိုက်သံက အဆက်မပြတ် ပါပဲလား ...

ကိုကြီးရေ ... လက်တွေ နာကုန်မှာပေါ့ ... သစ်ကောင်းကောင်းနဲ့ ခိုင်ခိုင်ခန့်ခန့် ဆောက်ထားတဲ့ ရေးလှကြီးတွေကို သူမ ကျေးဇူးတင်နေသည်။

ဒီမှာ ... ဆံပင်တွေပါလား ...

ဘယ်သူ့ ဆံပင်တွေပါလိမ့် ...

ဩော် ... သူမ ဆံပင်တွေပဲ ... စောစောကလေးတင် သူမ ညှပ်ပစ်လိုက်တာပဲ ...

သိပ်တိုသွားလား မသိဘူး ...

ထိုးထိုးထောင်ထောင်နဲ့ မညီမညာ ဖြစ်နေပေမယ့် လှပါတယ် ...

မနေ့ကတည်းက ဝတ်ထားတဲ့ မမေ့ ပါတိတ် အင်္ကျီကလည်း လက်ရှည်နေလို့ တိုအောင် ညှပ်ပစ်လိုက်ရသေးတယ် ... မဆိုးဘူး ... သူမ ကြိုက်တာလုပ်နိုင်နေတာပဲ ...





ပျော်စရာကြီးနော် ...

"ကလင် ... ကလင် ... ကလင်"

ဟာ ... ဖုန်းကလည်း ထပ်မြည်လာပြန်ပြီ။ ဖုန်းပလပ်ကို ဘာဖြစ်လို့ မဖြုတ်မိတာပါလိမ့်။

သူမ ဖုန်းပလပ်ကို သွား၍ ဖြုတ်ပစ်လိုက်သည်။

အပေါ်မှာ ကိုကြီးတို့ ဗိုက်ဆာနေကြပြီလား မသိဘူး ...

ခဏ သည်းခံပါဦး ကိုကြီးရယ် ...

ဦးဏှောက် ကျွန်မကို တောင်းပန်ပြီးရင် ကျွန်မ ပြန်လွှတ်ပေးမှာပါ ...

မျက်စိတွေလည်း ကျိန်းစပ်နေတာပဲ ...

ဩော် ... မီးတွေ ဖွင့်ထားလို့ ထင်တယ် ... မီးခလုတ်တွေက အများကြီး ... မပိတ်ချင်ပါဘူး ...

တီဗီကတော့ တရှဲရှဲနဲ့ နားငြီးလိုက်တာ ...

အခွေကုန်သွားလို့ ထင်တယ် ...

ဘာအခွေ ကြည့်နေတာပါလိမ့် ...



www.burmeseclassic.com

www.burmeseclassic.com



အကျီအနက်တွေနဲ့လေ ...

ဩော် ... သတိရပြီ ... ဘွားဘွား အသုဘအခွေ။

ဘွားဘွားကို လွမ်းလိုက်တာ ...

အိပ်ချင်လာပြီ ... ဘွားဘွားရေ ... အချိန်မဟုတ် နေရာမဟုတ် အိပ်နေပြန်ပြီလို့ ဆူဦးမှာလား ...။

♦❣♦





အိပ်မက်ထဲမှာ ဆူဆူညံညံ ဘာသံတွေနဲ့ ဘာတွေလဲ၊ ဘယ်သူလဲ ... ဘာတွေ ဖြစ်နေတာလဲ ...

ရှေ့ဆုံးက ဖေဖေ ... နောက်ကရော ... မေမေ ပါလား ... ဟုတ်ပါတယ် ... အိပ်မက်ထဲမှာမို့လို့ ဖေဖေနဲ့ မေမေကို တစ်ပြိုင်နက် တွေ့ရတာပေါ့ ... မဟုတ်လို့ကတော့ သူတို့နှစ်ယောက်ကို တစ်ပြိုင်နက် တစ်နေရာတည်းမှာ တွေ့နိုင်ပါ့မလဲ။

ဟင် ... နောက်ကလူတွေကရော ... ဦးဥက္ကဋ္ဌတို့ ပါလား ...

သူတို့က အိပ်မက်ထဲအထိ ဘာလာလုပ်ရတာလဲ။

ထွက်သွားစမ်း ... ထွက်သွား ... ဒီမှာ ကိုကြီး မရှိဘူး ... ရှိရင်လည်း ကျွန်မကို တောင်းပန်ရမယ် ... ဒါမှ ပြီး



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးမှာ ... သော့လား ... ဟောဒီ လည်ပင်းမှာ ဆွဲထားတယ် လေ ...။

ဖေဖေ ... လာမယူနဲ့နော် ...

မရဘူး ... သွား ... မေမေလည်းမလာနဲ့ ... မောလိုက်တာ ... ကျွန်မ အိပ်ရာက နိုးချင်ပြီ။

"ဒင်ပယ်(လ်) သမီး ... လိမ္မာပါတယ် ... သော့ ဖေဖေ့ကို ပေးစမ်းပါ"

" အိပ်မက်ဝါဆို ... ဘာဖြစ်လို့ ဖေဖေ့ အသံက အပြင်မှာ ကျယ်ကျယ်လောင်လောင်ကြီး ကြားနေရတာလဲ ...

"တောင်းမနေနဲ့ဗျာ ... တံခါးသွားဖျက်လိုက်မယ်"

မဖျက်ရဘူး ... ကျွန်မကို ဦးကူနွှာ တောင်းပန်ဖို့ ကိစ္စ ရှိသေးတယ် ...

"ခင်ဗျားတို့ သမီးမိန်းကလေး မွေးထားပြီးတော့ဗျာ"

အမယ် ... သနားသလို လေသံနဲ့ ဘယ်သူလဲ ...

အပေါ်ထပ်ကို ပြေးတက်သွားကြပြီ ...

"မသွားနဲ့ ... မသွားနဲ့"





အကျယ်ကြီး အော်ပြီး ရုန်းထလိုက်ပေမယ့် ဖေဖေ့ရဲ့လက်ထဲမှာ သူမ မလှုပ်သာ။

ဖေဖေ သူတို့ ဒင်ပယ်(လ်)ကို ဝိုင်းနှိမ်ကြတယ် ...

ဒါကြောင့် သမီး ဒီလုပ်ရတာပါ ...

ဟော ... တံခါးကို ဖျက်နေကြပြီ ဖေဖေရဲ့ ...

မေမေ ... ဒီလက်စွပ် သမီး မလိုချင်တော့ဘူး ...

ကိုကြီးတို့ ဆင်းလာကြပြီ ...

ဒီလို မကြည့်ပါနဲ့ ကိုကြီးရဲ့ ... ဒင်ပယ်(လ်) မဟုတ်ဘူး ... ကိုကြီးနဲ့ဆို မေပေါ့ ...

မေ ... ကိုကြီးကို သိပ်ချစ်ပါတယ် ...

ဒီမှာလေ ... ကိုကြီးကြိုက်တဲ့ မြန်မာဝတ်စုံနဲ့ ဆံပင်လည်း ညှပ်ထားတယ် ...

လှတယ် မဟုတ်လား ...

ဟိုမှာ ... ဘွားဘွား စိတ်ဆိုးပြီး ဒင်ပယ်(လ်)ကို ကြည့်နေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒင်ပယ်(လ်) မဆိုးတော့ပါဘူး ဘွားဘွားရယ် ...

ဟော ... မီးတွေ ပိတ်လိုက်ကြပြန်ပြီ။

အိုမာဆန်

BURMESE CLASSIC .com

www.burmeseclassic.com